# ကျွန်းကုန်းကျေးရွာ
# မိုးညှင်းမြို့နယ်

## ကျေးရွာဖွံ့ဖြိုးရေးစီမံချက် (၂၀၁၆ - ၂၀၂၀)

ပြုစုရေးဆွဲသူ
ကျေးရွာဖွံ့ဖြိုးရေးကော်မတီ
ကျွန်းကုန်းကျေးရွာ၊ မိုးညှင်းမြို့နယ်
(စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကူညီရေးဆွဲသည်)
၂၀၁၆ ခုနှစ်၊ စက်တင်ဘာလ

## မာတိကာ


မာတိကာ ၁

အတိုကောက်စကားလုံးများ ၄

စကားချီး ၅

ကျွန်းကုန်းကျေးရွာအရင်းအမြစ်ပြမြေပုံ၊ မိုးညှင်းမြို့နယ် ၇

**အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာ နှင့် အစီအစဉ်** **၈**

(၁) နိဒါန်း- ကျေးရွာဖွံ့ဖြိုးရေးရည်ရွယ်ချက်နှင့် လွှမ်းခြုံသက်ရောက်မှု ၈

(က) ရည်ရွယ်ချက်နှင့်ကျိုးကြောင်းဖော်ပြချက်

(ခ) စီမံကိန်း၏ လွှမ်းခြုံသက်ရောက်မှု

(၂) ကျေးရွာ၏ ပထဝီဝင် အနေအထားနှင့် သဘာဝအရင်းအမြစ်များ ၁၀

(က) တည်နေရာ၊ ရာသီဥတုနှင့် မြေမျက်နှာသွင်ပြင် အနေအထား

(ခ) သဘာဝအရင်းအမြစ်များ

(၃) ကျေးရွာ၏ လူမှုဖွံ့ဖြိုးတိုးတက်ရေး အခြေအနေ ၁၀

(က) လူဦးရေဆိုင်ရာ အချက်လက်များ

(ခ) စီးပွားရေးအခြေအနေ - ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု

(ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်နစ်နာလွယ်မှု

(ဃ) ကျန်းမာရေး နှင့် အာဟာရ

(င) ပညာရေးနှင့်ကျွမ်းကျင်မှုများ

(စ) ကျားမဆိုင်ရာဆက်နွယ်မှု

(၄) ကဏ္ဍအသီးသီး၏လက်ရှိ ဖွံ့ဖြိုးတိုးတက်မှု အခြေအနေ ၁၃

(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှုစနစ်

(ခ) သီးနှံ၊ သားငါး ထုတ်လုပ်ရေးကဏ္ဍ

(ဂ) စိုက်ပျိုး မွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ

(ဃ) ပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များဆိုင်ရာစီမံခန့်ခွဲမှု

(င) ဘဏ်နှင့်ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

(စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး

(ဆ) လူငယ်နှင့် ယဉ်ကျေးမှု

(ဇ) အခြေခံအဆောက်အဦများအားလက်လှမ်းမီမှု - လမ်းတံတား၊ လျှပ်စစ်စွမ်းအား၊ သတင်းနှင့်ဆက်သွယ်ရေး

(ဈ) တည်ငြိမ်အေးချမ်းမှုနှင့် ပြည်သူ့လုံခြုံရေး

(၅) ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ၊ အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ ၁၈

(က) ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ
(ခ) အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ

(၆) ကျေးရွာဖွံ့ဖြိုးရေး ပန်းတိုင်နှင့် ဗျူဟာ ၂၀

(၇) ကျေးရွာဖွံ့ဖြိုးတိုးတက်မှု ကိစ္စရပ်များ နှင့် ဗဟိုအဆင့် မူဝါဒများ အကြား အစီအစဉ်ကျသော ချိတ်ဆက်မှုများ ၂၁

(၈) ဦးစားပေးစီမံချက်များနှင့် အကောင်အထည်ဖော် ဆောင်ရွက်မည့် အချိန်ကာလ ၂၃
(က) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်
(ခ) ကဏ္ဍ နှင့် ရင်းနှီးမြုပ်နှံမှုကိုအခြေခံ၍ စီမံချက်အုပ်စုသတ်မှတ်ခြင်း
(ဂ) ဦးစားပေး စီမံချက်များ
(ဃ) အကောင်အထည်ဖော်မည့် အချိန်ကာလ

(၉) ဘတ်ဂျက်နှင့် ငွေကြေးဆိုင်ရာ အစီအစဉ် ၂၈

(၁၀) ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်မည့် နည်းလမ်းနှင့်အစီအစဉ်များ ၂၉
(က) ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ အခန်းကဏ္ဍ
(ခ) ဖွံ့ဖြိုးရေး မိတ်ဖက် အဖွဲ့အစည်းများ
(ဂ) ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ
(ဃ) ကျေးရွာ၏ ဖွံ့ဖြိုးရေးလုပ်ငန်းများလည်ပတ်ရန် နှင့် ပြုပြင်ထိန်းသိမ်းရန် အတွက် အဖွဲ့အစည်းဆိုင်ရာ နှင့် ငွေကြေးဆိုင်ရာ အစီအစဉ်များ

(၁၁) စီမံကိန်း ကြီးကြပ်စစ်ဆေးခြင်းနှင့်အကဲဖြတ်သုံးသပ်ခြင်း ၃၀
(က) ကြီးကြပ်စစ်ဆေးခြင်း
(ခ) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဆောင်ရွက်ပြီးစီးမှု အကဲဖြတ်ခြင်း
(ဂ) နည်းပညာဆိုင်ရာ အကူအညီ

**နောက်ဆက်တွဲ**

**နောက်ဆက်တွဲ (၁) စီမံကိန်း ဇယားများ** **၃၃**

(၁) လူမှုစီးပွားရေး အခြေအနေ
ဇယား ၁ လူဦးရေ နှင့် လူဦးရေဆိုင်ရာ အချက်အလက်များ
ဇယား ၂ လုပ်သား အင်အား နှင့် ဝင်ငွေရ လုပ်ငန်း အမျိုးအစား
ဇယား ၃ လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား
ဇယား ၄ ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု
ဇယား ၅ ဓာတ်သတ္တုနှင့် အခြားသဘာဝ အရင်းအမြစ်များ
ဇယား ၆ ဥစ္စာဓနအဆင့် အခြေအနေ
ဇယား ၇ ချေးငှားခြင်းမရှိဘဲ တစ်နေ့လျှင် အနည်းဆုံး နှစ်နပ်စားနိုင်သည့် အိမ်ထောင်စုများ
ဇယား ၈ ကူညီစောင့်ရှောက်မှုအထူးလိုအပ်သော အုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ

ဇယား ၉ ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ
ဇယား ၁၀ ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ

(၂) ကဏ္ဍအသီးသီး၏လက်ရှိ ဖွံ့ဖြိုးရေး အခြေအနေ

ဇယား ၁၁ ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ
ဇယား ၁၂ ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ
ဇယား ၁၃ ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု၊မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု
ဇယား ၁၄ ကျေးရွာ၏ ရေအရင်းအမြစ် နှင့် ရေသွင်းဧရိယာ
ဇယား ၁၅ အဓိကသီးနှံများနှင့် အထွက်နှုန်း
ဇယား ၁၆ ကျေးရွာ၏ စိုက်ပျိုးရေးသုံး ကိရိယာများ ပိုင်ဆိုင်မှု
ဇယား ၁၇ သီးနှံထုတ်လုပ်မှု တိုးစေရန်အတွက် အခွင့်အလမ်းများ
ဇယား ၁၈ သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ
ဇယား ၁၉ မွေးမြူရေးနှင့်ငါးလုပ်ငန်းဆောင်ရွက်မှုအခြေအနေ
ဇယား ၂၀ မွေးမြူရေးကဏ္ဍ ထုတ်လုပ်မှုတိုးတက်စေရန်အတွက် အခွင့်အလမ်းများ
ဇယား ၂၁ မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ
ဇယား ၂၂ စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးလုပ်ငန်းများ
ဇယား ၂၃-က စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းများအတွက် အခွင့်အလမ်းများ
ဇယား ၂၃-ခ စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းများအတွက် ပြဿနာနှင့် အခက်အခဲများ
ဇယား ၂၄ ရွှေ့ပြောင်းသွားလာမှု ဖြစ်ပေါ်လာပုံ၊ ပုံစံနှင့် အချိန်ကာလ
ဇယား ၂၅ ရွှေ့ပြောင်းသွားလာရခြင်း၏ အဓိက အကြောင်းရင်း
ဇယား ၂၆ ရွှေ့ပြောင်းလုပ်ကိုင်သူများမှပြန်ပို့ငွေ
ဇယား ၂၇ ကုန်စည်နှင့် ဝန်ဆောင်မှု၊ ဈေးကွက်လက်လှမ်းမီမှု အခြေအနေ
ဇယား ၂၈ ငွေကြေးလက်လှမ်းမီမှုနှင့် ဘဏ်လုပ်ငန်း
ဇယား ၂၉ သဘာဝပတ်ဝန်းကျင်နှင့် သဘာဝရင်းမြစ် စီမံခန့်ခွဲမှုအတွက် လက်ရှိအလေ့အကျင့်နှင့် အခက်အခဲများ
ဇယား ၃၀ မူလတန်း၊ အလယ်တန်း၊ အထက်တန်းနှင့် တက္ကသိုလ်အဆင့် စာတတ်မြောက်မှုနှုန်း
ဇယား ၃၁ ကျောင်းတက်နှုန်း
ဇယား ၃၂ စာသင်ကျောင်းဆောင် အခြေအနေနှင့် ဝန်ဆောင်မှုများ
ဇယား ၃၃ ပညာရေး အခက်အခဲနှင့် ပြဿနာများ
ဇယား ၃၄ အဖြစ်များသော ရောဂါများ
ဇယား ၃၅ လွန်ခဲ့သော (၁၂) လအတွင်း ကာကွယ်ဆေးထိုးနှံမှုနှင့် အာဟာရဆန်းစစ်မှု
ဇယား ၃၆ ကျန်းမာရေး အထောက်အပံ့နှင့် ဝန်ဆောင်မှုများ
ဇယား ၃၇ သောက်သုံးရေရရှိနိုင်မှု
ဇယား ၃၈ အိမ်သာ အမျိုးအစား

ဇယား ၃၉ ကျား-မ ကိစ္စရပ်ဆိုင်ရာ
ဇယား ၄၀ ကျေးရွာ၏ လမ်းတည်ရှိမှုအခြေအနေ
ဇယား ၄၁ ကျေးရွာ၏ တံတားတည်ရှိမှုအခြေအနေ
ဇယား ၄၂ ရေကြောင်း သယ်ယူပို့ဆောင်ရေး
ဇယား ၄၃ သယ်ယူပို့ဆောင်ရေးယာဉ်များ
ဇယား ၄၄ လျှပ်စစ်မီးရရှိမှု အခြေအနေ
ဇယား ၄၅ ဆက်သွယ်ရေး နှင့် သတင်းအချက်အလက်နည်းပညာ အခြေအနေ
ဇယား ၄၆ ယဉ်ကျေးမှုနှင့်လူငယ်ဖွံ့ဖြိုးရေး အခြေအနေ
ဇယား ၄၇ ဘေးကင်းလုံခြုံရေး၊ ဝန်ဆောင်မှု အထောက်အကူများအား လက်လှမ်းမှီမှု
ဇယား ၄၈ မှုခင်းဖြစ်ပွားမှု အခြေအနေ

**နောက်ဆက်တွဲ (၂) ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အပံ့ဖြစ်စေမည့် အခြေအနေကောင်းများ၊ အဟန့်အတားနှင့်ရင်ဆိုင်ကျော်လွှားရမည့် စိန်ခေါ်မှုများ** ၆၇
ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ
ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဟန့်အတားနှင့် ရင်ဆိုင်ကျော်လွှားရမည့် စိန်ခေါ်မှုများ

**နောက်ဆက်တွဲ (၃) ကျေးရွာ ဖွံ့ဖြိုးရေးကွင်းဆက် (ပြဿနာ ဆန်းစစ်ခြင်းမှ ဖြေရှင်းနည်း အထိ)** ၆၉

**ကိုးကားစာရင်း** ၇၄

အတိုကောက်စကားလုံးများ

| | |
|---|---|
| AIDS | ခုခံအားကျဆင်းမှုရောဂါ |
| DRD | ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန |
| HIVခုခံအားကျဆင်းမှုရောဂါဖြစ်စေသောဗိုင်းရပ်စ် | |
| MADB | မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် |
| MEB | မြန်မာ့စီးပွားရေးဘဏ် |
| MMK | မြန်မာကျပ် |
| MoALI | စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန |
| NGO | အစိုးရမဟုတ်သောအဖွဲ့အစည်း |
| PRA | ကျေးရွာအခြေအနေကိုရွာသူရွာသားများကိုယ်တိုင်ဆန်းစစ်အကဲဖြတ်ခြင်း |
| SLRD | ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန |
| STD | လိင်မှတဆင့်ကူးစက်တတ်သောရောဂါများ |
| PTA | မိဘဆရာအသင်း |
| TB | တီဘီရောဂါ |
| VDG | ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့ |

စကားချီး

ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်သည် ၂၀၁၅/၁၆ ဘဏ္ဍာရေးနှစ်မှ ၂၀၁၉/၂၀ ခုနှစ် အထိ (၅)နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ ကျေးရွာ၏ ပထမဦးဆုံးသော လူအများပါဝင် ရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးရေးစီမံချက် ဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံချက် ဖြစ်မြောက်ရေးအတွက် လိုအပ်သော နည်းပညာများ ပံ့ပိုးပေးသော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအား အထူးပင် ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက် ကြွကြွ ပံ့ပိုးပေးသော ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာ ဝန်ထမ်းများကိုလည်း ကျေးဇူးတင် ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင်ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ် ဆောင်ရွက် ခဲ့ကြသော်လည်း လူထုအများ စနစ်တကျ ပူးပေါင်းပါဝင်ဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျ ပူးပေါင်းဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့ အချင်းချင်းတိုင်ပင်ဆွေးနွေးညှိနှိုင်း အဖြေရှာကြရာတွင် ကူညီပံ့ပိုးပေးသည့် အစီအစဉ်ရေးဆွဲရေး ကျွမ်းကျင်သူအဖွဲ့တစ်ဖွဲ့ကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီး ဌာနမှ စီစဉ်ဆောင်ရွက်ပေးပါသည်။ ဤလုပ်ငန်း စဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်ရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံးကဲ့သို့သော ကိန်းဂဏန်းအချက်အလက်ရရှိနိုင်သော နေရာများ မှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင်ထပ်မံလိုအပ်သော ကိန်းဂဏန်း ၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ ရယူရန်လိုအပ်ကြောင်းကိုလည်း ကောင်းစွာသိရှိခဲ့ပါ သည်။

ယခုရေးဆွဲထားသောအစီအစဉ်ကိုထပ်မံရရှိသည့်ကိန်းဂဏန်းအချက်အလက်များ ထပ်ဖြည့် ပေးခြင်းဖြင့် ပိုမိုကောင်းလာမည်မှာသေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက်လုပ်ဆောင်ရမည့် လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှုတစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်မှု၊ ပေါ်ပေါက် လာသည့် အခက်အခဲများနှင့် ဦးစားပေး ရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို မူဘောင် အတွင်း ပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ် ဆောင်သွားရပါမည်။


ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက ်နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့၏ ဆက်လက်ပံ့ပိုးမှုများရရှိနိုင်မည်ဟု ကျွန်ုပ်တို့ မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးဆိုင်ရာ အားထုတ်မှု အခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ် ရန်အတွက် ပံ့ပိုးကူညီမှုများ ရရှိနိုင်မည်ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဤအစီအစဉ်တွင်အပိုင်း(၂)ပိုင်းပါရှိပါသည်။ အပိုင်း(က)တွင် ဖွံ့ဖြိုးရေးဗျူဟာနှင့် လုပ်ငန်း အစီအစဉ် တို့ပါဝင်ပါသည်။ အကောင်အထည်ဖော်မည့်ဗျူဟာ၊ ဦးစားပေးလုပ်ငန်း အစီအစဉ်များ၊ ဘတ်ဂျက်နှင့်ငွေကြေးဆိုင်ရာရရှိနိုင်မည့် လမ်းကြောင်းနှင့် လုပ်ငန်းဆောင်ရွက်မှု အဆင့်ဆင့်တို့ကို အဓိကဖော်ပြထားပါသည်။ အပိုင်း(ခ)သည် စီမံကိန်းဆိုင်ရာ အချက်အလက်၊ အကြောင်းအရာ များဖြစ်ပြီး အဆိုပြုစီမံကိန်း လုပ်ငန်းများ၏အသေးစိတ် အချက်အလက်များ ပါဝင်ပါသည်။

စက်တင်ဘာ၊ ၂၀၁၆

ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့
ကျွန်းကုန်းကျေးရွာ
မိုးညှင်းမြို့နယ်

**ကျွန်းကုန်းကျေးရွာ အရင်းအမြစ်ပြမြေပုံ၊ မိုးညှင်းမြို့နယ်**



# အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေး ဗျူဟာ နှင့် လုပ်ငန်းအစီအစဉ်

## ၁ နိဒါန်း

### ၁.၁ ရည်ရွယ်ချက်

ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်သည် အစိုးရဌာနများ၊ ပြည်တွင်း/ပြည်ပအဖွဲ့အစည်းများ၏ နိုင်ငံအတွင်းဆောင်ရွက်ခဲ့ပြီးသောဖွံ့ဖြိုးရေးလုပ်ငန်းအတွေ့အကြုံများကိုလေ့လာသုံးသပ်ပြီးတစ်နိုင်ငံလုံး ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများရေးဆွဲအကောင်ထည်ဖော်မည့် အစီအစဉ်သစ်ဖြစ်ကြောင်းသိရှိရပါသည်။

ကျွန်ုပ်တို့၏ ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကို နိုင်ငံတော်၏အကူအညီဖြင့် ရေးဆွဲရာတွင် ကျေးရွာလူကိုယ်တိုင်တက်ကြွစွာပါဝင်၍ ရေးဆွဲခဲ့ပါသည်။ ယခင်ကဖွံ့ဖြိုးရေး အစီအစဉ်ရေးဆွဲရေးအတွေ့အကြုံမရှိခဲ့ပါ။ ဤအစီအစဉ် ရေးဆွဲပြီးနောက် ကျေးရွာ၏ ဖွံ့ဖြိုးဆိုင်ရာ ကိန်းဂဏန်း၊ သတင်းအချက်အလက်များပြုစုရန် အရေးကြီးပုံကိုအလေးထားမိလာကြပါသည်။ ထို့အပြင် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး၊ ဌာနဆိုင်ရာများစသည်တို့ထံမှ လိုအပ်သောကိန်းဂဏန်း၊ သတင်းအချက်အလက်များရယူရန်နှင့် ကျွန်ုပ်တို့၏ ကျေးရွာစီမံကိန်းအကောင်ထည်ဖော်ရန် လိုအပ်သောနည်းပညာများရရှိရန် အရေးကြီးကြောင်းကိုပါ သတိပြုမိပါသည်။

ဤအစီအစဉ်တွင်ကျေးရွာ၏ လက်ရှိလူမှုစီးပွားရေးနှင့် ဖွံ့ဖြိုးရေးအခြေအနေများ၊ ကြုံတွေ့နေရသော ပြဿနာများ၊ ထိုပြဿနာများဖြစ်ရသည့်အရင်းခံအချက်များ၊ ဖွံ့ဖြိုးရေးကို အပံ့အပိုးဖြစ်စေသောအချက်များနှင့် အဟန့်အတားဖြစ်စေသောအချက်များ၊ (၅)နှစ်တာကာလ အပြီးတွင် ရရှိအောင်ဆောင်ရွက်လိုသည့်ရည်မှန်းချက်များ၊ ထိုရည်မှန်းချက်များရရှိရန် ကျွန်ုပ်တို့ ကျေးရွာအနေနှင့်ဆောင်ရွက်မည့် နည်းဗျူဟာများ၊ စီမံချက်များကို ရှင်းရှင်းလင်းလင်း ဖော်ပြထားပါသည်။ ထို့ပြင် ဦးစားပေးလုပ်ငန်းများလုပ်ဆောင်ရန် လိုအပ်သောအရာများနှင့် ငွေကြေးရရှိနိုင်မည့်လမ်းကြောင်းများကိုလည်းဖော်ပြထားပါသည်။

ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သောအစိုးရဌာနများ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ အရပ်ဖက်လူမှုရေးအဖွဲ့အစည်းများ၊ ပုဂ္ဂလိကကဏ္ဍ၊ ဘဏ်များ၊ စာပေပညာရှင်များ၊ သတင်းနှင့် ပြည်သူ့ဆက်သွယ်ရေးအဖွဲ့အစည်းများ၏အာရုံစိုက်မှုကိုရစေပြီး ကျေးရွာဖွံ့ဖြိုးရေးနှင့်ပတ်သက်သူ မှန်သမျှတို့သည် ဤအစီအစဉ်မှတ်တမ်း၏အသုံးဝင်မှုများကို သိရှိစေရန်မျှော်လင့်ပါသည်။

**အစိုးရနှင့် အခြားအဖွဲ့အစည်းများအတွက် အသုံးဝင်မှု**

ကျွန်ုပ်တို့၏ကျေးရွာအဆင့်အားထုတ်မှုများအတွက်မူဝါဒနှင့်ဖွံ့ဖြိုးရေးဆိုင်ရာအကူအညီများကိုစုစည်းဆောင်ရွက်ပေးနိုင်ရန် ဤဖွံ့ဖြိုးရေးစီမံချက်ကိုမြို့နယ်အဆင့်၊ ပြည်နယ်နှင့်တိုင်းအဆင့်၊ ပြည်ထောင်စုအဆင့် အစိုးရအဖွဲ့အစည်းများအားတင်ပြမည်ဖြစ်ပါသည်။

ပုဂ္ဂလိကကဏ္ဍအဖွဲ့များအတွက် အသုံးဝင်မှုများအနေဖြင့် ကျေးရွာလူထု၏လိုလားချက်နှင့် ၎င်းတို့၏စီးပွားရေးဆိုင်ရာဝန်ဆောင်မှုများ ချိတ်ဆက်မှုဖွံ့ဖြိုးလာစေရန် ဗျူဟာမြောက်ဆောင်ရွက်လာနိုင်မည် ဖြစ်သည်။

အစိုးရမဟုတ်သောအဖွဲ့အစည်းများ (NGOs) ၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများ (CSOs) နှင့် အလှူရှင်အဖွဲ့အစည်းများသည် ကျေးရွာလူထု၏အမှန်တကယ် လိုအပ်ချက်များနှင့် ဦးစားပေး ဆောင်ရွက်ရမည့် လုပ်ငန်းများအားပိုမိုသိရှိလာနိုင်မည် ဖြစ်သည်။

ဘဏ်လုပ်ငန်းရှင်များနှင့် အသေးစားချေးငွေလုပ်ငန်းရှင်များအနေဖြင့် ကျေးလက်ဒေသရှိ ငွေကြေးဆိုင်ရာလိုအပ်ချက်များအတွက် သတင်းအချက်အလက်များပိုမိုသိရှိလာနိုင်မည် ဖြစ်သည်။

နည်းပညာအထောက်အပံ့ပေးမည့် အဖွဲ့အစည်းများနှင့် တက္ကသိုလ်များအနေဖြင့် ကျွန်တော်တို့ ကျေးရွာနှင့် ကျေးလက်လူထု၏ တိကျသောလိုအပ်ချက်များအားသိရှိလာခြင်းကြောင့် ကျွန်တော်တို့ ကျေးရွာနှင့်ဆိုင်သော ၎င်းတို့၏သုတေသနလုပ်ငန်းများကိုစီစဉ်ဆောင်ရွက် လာနိုင် မည်ဖြစ်သည်။

မီဒီယာများ၊ ပြန်ကြားဆက်သွယ်ရေးနှင့်ပြည်သူ့အရေး ရပ်တည်မှုပေးသည့် အဖွဲ့အစည်းများ အနေဖြင့် ယုံကြည်ရလောက်သည့် သတင်းအချက်အလက် များကိုရရှိနိုင်မည်။

နိုင်ငံတကာဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သည့် ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာ ငွေကြေးဆိုင်ရာအဖွဲ့အစည်းများ (ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)၊ နိုင်ငံတကာ အစိုးရ မဟုတ်သော အဖွဲ့အစည်းများနှင့် အလှူရှင်အဖွဲ့အစည်းများအနေဖြင့် ၎င်းတို့အချင်းချင်းပေါင်းစည်းဆောင်ရွက်မှု ပိုမိုကောင်းမွန်စေပြီး ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်များကို မြို့နယ်အဆင့်တွင် ပေါင်းစပ်ညှိနှိုင်း စီစဉ်မှုများပြုလာနိုင်ပါမည်။

### ၁.၂ စီမံကိန်း၏လွှမ်းခြုံသက်ရောက်မှု

ယခင်ကဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် အချိန်ကာလတစ်ခုအတွင်း ကျွန်ုပ်တို့ကိုယ်တိုင် တတ်နိုင် သော ငွေကြေး၊ အစိုးရနှင့် အခြားအဖွဲ့အစည်းများထံမှ ရနိုင်မည့် အကူအညီများကို အခြေခံကာ ဦးစားပေးစီမံကိန်းများချမှတ်ခဲ့ပါသည်။ ယခုအခါ ယင်းသို့မဟုတ်ဘဲကျယ်ပြန့်သည့် ဖွံ့ဖြိုးရေး အမြင်ဖြင့် ရေးဆွဲထားပါ သည်။

လူထုဦးဆောင်ပါဝင်သည့် လုပ်ကိုင်နည်းဖြစ်သောကြောင့် လူတိုင်းပါဝင်ခွင့် ရရှိပြီး အမြင်ရှင်းလင်းမှုရစေကာ ဖွံ့ဖြိုးမှုဖြစ်စဉ်တွင် လူထုကိုအဓိကနေရာတွင် ထားရှိခြင်းဖြစ်ပါသည်။ ဤသို့ဖြင့် လုပ်ငန်းများကို လူထုပါဝင်၍ စုစည်းခြင်း၊ ဦးစားပေးရွေးချယ် ဆောင်ရွက်ခြင်းအားဖြင့် ကျေးရွာလူထု၏ ဖွံ့ဖြိုးမှုကိုတိတိကျကျ ပံ့ပိုးပေးရာရောက်ပါသည်။

ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးအစီအစဉ်ကိုအကောင်အထည်ဖော်ရာတွင် ပစ္စည်းအခက်အခဲ၊ ငွေကြေးအခက်အခဲ၊ နည်းပညာအခက်အခဲများရှိနိုင်ပါသည်။ သို့ဖြစ်၍ လက်တွေ့ အကောင်အထည် ဖော်ရာတွင် ကျွန်ုပ်တို့ ကျေးရွာဖွံ့ဖြိုးရေးလိုအပ်ချက်များအားအများဆုံးနှင့် အထိရောက်ဆုံး ဖြည့်ဆည်းနိုင်မည့် စီမံကိန်းများကိုဦးစားပေးရွေးချယ်ဆောင်ရွက်ပါမည်။ ကျွန်ုပ်တို့၏ စွမ်းရည်နှင့် လိုအပ်သောအရင်းအနှီးများ ပြည့်စုံမှုပေါ်မူတည်၍ နောင်တွင် တဖြည်းဖြည်း တိုးချဲ့ဆောင်ရွက် သွားမည့် အစီအစဉ်မျိုး ဖြစ်ပါသည်။

## ၂။ ပထဝီအနေအထားနှင့် သဘာဝသယံဇာတအရင်းအမြစ်များ

### (က) တည်နေရာ၊ရာသီဥတုနှင့်မြေမျက်နှာသွင်ပြင်အနေအထား

ကျေးရွာသည် ကချင်ပြည်နယ် ပြည်ထောင်စုလမ်းပေါ်တည်ရှိပြီး အုပ်ချုပ်ရေးမှူးရုံးဆိုင်ရာ မိုးညှင်းမြို့နှင့်ဆက်သွယ်သွားလာရလွယ်ကူသည်။ကျေးရွာသည် မြေပြန့်ဒေသတွင်တည်ရှိပြီး အဓိကသက်မွေးဝမ်းကျောင်းလုပ်ငန်းများမှာ စိုက်ပျိုးရေးနှင့်မွေးမြူရေးလုပ်ငန်းများဖြစ်ကြသည်။ ဒေသ၏ တစ်နှစ် ပျှမ်းမျှမိုးရေချိန်နှင့်လက်မ ၈၀မှ၁၀၀ ဝန်းကျင်တွင်ရှိပြီး စိုက်ပျိုးရေးလုပ်ငန်းများ အတွက် အင့်အတင့် အထောက်အကူပြုသည်။ကျေးရွာတည်ရှိရာသည် တောင်ကုန်းပေါ်တွင်တည်ရှိ ရာသည် တောင်ကုန်းပေါ်တွင်တည်ရှိပြီး ဆားငန်ရေဝင်ရောက်မှုမှ ကင်းလွတ်သည်။ကျေးရွာအနီး တွင် တောတောင်မြစ်ချောင်းများရှိရာ မြေပြင်အနေအထားမှာ ကုန်းနှင့်မြေပြန့်ဖြစ်သည်။လယ်ယာ မြေများသည် စပါး၊ပဲမျိုးစုံထုတ်လုပ်ရန်နှင့်သက်မွေးဝမ်းကျောင်းရန်တို့အတွက် အဓိကအားထားရာ ဖြစ်သည်။၂၀၁၅-၁၆ ဇူလိုင်လက မိုးညှင်းမြို့ မြောက်ခြမ်းရှိ အနိမ့်ပိုင်းမှ ကျေးရွာအချို့နှင့်နမ္မား အ.ထ.က ကျောင်း ရေလွှမ်းဒဏ်ကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးမှုများ ခံစားခဲ့ရသော်လည်း ဤကျေးရွာမှာကင်းလွတ်ခဲ့သည်။သို့သော်ငြားလည်းရေကြီးရေလွှမ်းမိုးမှုအန္တရာယ်ရှိနေဆဲ ဖြစ်သည်။

**(ခ) သဘာဝအရင်းအမြစ်**

လယ်ယာမြေအသင့်အတင့်ရှိကြပြီး မြေပြန့်ဒေသဖြစ်ကာ မြေဆီအသင့်အတင့် ကောင်းမွန်သည်။ကျေးရွာ တွင် သဲ၊ကျောက် သဘာဝသယံဇာတများရှိပြီး အပင်စိုက်ရန်ကုန်းများ ရှိသည်။တောင်သူအချို့မှာ ကဝချောင်း ၊ရေလှောင်တမံမှဆည်ရေဖြင့် လယ်မြေဧက(၈၀)ခန့်ကိုသာ ရေသွင်းစိုက်ပျိုးနိုင်သည်။မြေအောက်ရေလှောင်တမံများကောမှုကြောင့် စိုက်ပျိုးချိန်နောက်ကျကြ ရသည်။ထွန်ယက်စိုက်ပျိုးနိုင်သည့်ဧက(၆၅၆.၈၁)ဧကရှိပြီး စပါးနှင့်မုန့်ညှင်းများကိုအဓိကစိုက်ပျိုး ကြသည်။

**၃။ ကျေးရွာလူမှုဖွံ့ဖြိုးတိုးတက်ရေးအခြေအနေ**

**(က) လူဦးရေဆိုင်ရာအချက်အလက်များ**

အိမ်ထောင်စုပေါင်း(၂၀၇)စုနှင့်ကျား(၄၆၀)၊မ(၄၉၅)ဦးဖြင့်လူဦးရေပေါင်း(၉၅၅) ဦးရှိပါသည်။ ကျေးရွာတွင် တိုင်းလိုင်(ရှမ်း)လူမျိုးများ နေထိုင်ကြပြီး အလုပ်လုပ်နိုင်သော အရွယ်သည်ကျေးရွာရှိ လူဦးရေပေါင်း၏(၅၈၁)ခန့်ရှိသဖြင့် လူသားအရင်းအမြစ်ကောင်းတစ်ရပ်ဖြစ်ကာ လူငယ်များကို လေ့ကျင့်သင်ကြားပေးပြီး ဒေသ စီးပွား ရေးတိုးတက်အောင်စွမ်းဆောင်နိုင်သည်။ အလုပ်လုပ်နိုင် သောအရွယ်ရှိ အမျိုးသမီးဦးရေသည် အမျိုးသားဦးရေထက်(၃၀)ကျော်မျှပိုများသည်။

**(ခ) စီးပွားရေးအခြေအနေ - ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု**

အဓိကဝင်ငွေရလုပ်ငန်းသည် စိုက်ပျိုးရေးဖြစ်ပြီး တစ်ရွာလုံး၏ ဝင်ငွေအနေအထားမှာ သာမန်အားဖြင့် လျော့နည်းသည်။ဆင်းရဲချမ်းသာ အဆင့်သတ်မှတ်မှုတွင် အိမ်ထောင်စုအားလုံး၏ (၃၀%)သည်ဆင်းရဲပါသည်။ကျေးရွာတွင် လယ်ယာ မြေပိုင်ဆိုင်မှု လက်လှမ်းမီမှု၊လယ်ယာသုံး ကရိယာများ ပိုင်ဆိုင်မှုနှင့်ဆည်ရေသွင်းစိုက်ပျိုးနိုင်မှုတို့ ကြောင့် ကျေးရွာစီးပွားရေး အနေအထားမှာ အသင့်အတင့်ကောင်းသည်ဟု ပြောနိုင်သည်။ချမ်းသာ သောလယ်သမား အိမ်ထောင်စုများအပြင် အခြားလယ်သမားအိမ်ထောင်စုအချို့မှာလည်း လက်သမား၊ပန်းရံ၊ဆန်ကြိတ်စက်အသေးစား အိမ်တွင်း လုပ်ငန်းများတွင်လည်း ပါဝင်ဆောင်ရွက်ကြ သည်။ငွေချေးသော အိမ်ထောင်စုအချို့နှင့် အစိုးရဝန်ထမ်းအချို့လည်း ငွေရေးကြေးရေး အသင့် အတင့် အဆင်ပြေကြသည်။

ယင်းတို့အနက် ဆင်းရဲအဆင့်သည် ကျေးရွာတွင်အများဆုံးဖြစ်ပြီး မြေယာအနည်းငယ်ပိုင်သောလယ်သမားများ၊လက်လုပ်လက်စား၊ဆောက်လုပ်ရေးလုပ်ငန်းခွင်လုပ်သားများနှင့်မြေယာမဲ့အိမ်ထောင်စုပါဝင်သည်။

**(ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်လွယ်မှု**

ကျေးရွာတွင် မြေယာမဲ့ အိမ်ထောင်စုများပြားသော်လည်း ရာသီအလိုက် လယ်ယာလုပ်ငန်း၊ ဆောက်လုပ်ရေးလုပ်ငန်း၊လက်လီ၊စိုက်ပျိုးရေးလုပ်ငန်းများ ဆန်ကြိတ်စက်၊တနိုင်တပိုင်မွေးမြူရေးလုပ်ငန်းများတွင် အလုပ်အကိုင်ရှာဖွေရရှိနိုင်ကြသည်။ကျေးရွာမှ ဆင်းရဲနှင့်အလွန်ဆင်းရဲအိမ်ထောင်စုများ၏( ၂% )ဖြစ်သော( ၄ )စုကို လေ့လာဆန်းစစ်မှုအရ သူတပါးထံမှ ချေးငှားပြီးမှစားသုံးကြသည်အလားတူ အိမ်ထောင်စုဦးစီးက လယ်ယာစိုက်ပျိုးရေးနှင့် အငှားအလုပ်လုပ်ကြသောအိမ်ထောင်စုစုနှင့်အားကိုယာမဲ့ အိမ်ထောင်စု (၄)စုသည် ဆင်းရဲသည့် ထိခိုက်လွယ်သောအိမ်ထောင်စုများဖြစ်ကြသည်။အခြားထိခိုက်လွယ်သော အိမ်ထောင်စုများ မသန်စွမ်း(၁)ဦးနှင့်မိသားစု(၄)ဦးရှိကြသည်။ရွာပြင်ပသို့ သွားရောက်ပြီး ဝင်ငွေ ရရှိရေးအတွက် အလုပ်သွားရောက်လုပ်ကိုင် ကြသည်။လူရွယ်လူငယ်များသည် လိင်မှတဆင့် ကူးစက်တတ်သည့် ရောဂါများ အရက်နှင့်မူးယစ်ဆေးဝါး သုံးစွဲမှု အန္တရာယ်တို့ရှိတတ်ကြသည်။

ယခုနှစ်ပိုင်းများတွင် ပြည်ထောင်စုလမ်းမကြီးကတ္တရာချဲ့မှုကြောင့် ကျေးရွာ လယ်သမားများ လှည်းများသွားလာရာလမ်း ပျောက်ကွယ်နေသည်။ယာဉ်လမ်း ပျောက်ကွယ်မှုကြောင့် လှည်းများ မကြာခဏတိမ်းမှောက်လျက်ရှိသည်။

**(ဃ) ကျန်းမာရေးနှင့် အာဟာရ**

ကျေးရွာတွင် ရွာသားအများစုသည် သာမန်အားဖြင့်ကျန်းမာရေးထိခိုက်လွယ်ပြီး အာဟာရပြည့်ဝမှုမရှိကြပါ။ကလေးငယ်အများစုလည်း တုပ်ကွေး အဖြစ်များသည်။သွေးလွန်တုပ်ကွေး ရောဂါမှာ ယခုနှစ်ပိုင်းတွင် ပိုမိုဖြစ်ပွားမှုရှိကြောင်းတွေ့ရသည်။အမျိုးသမီး လူငယ်လူရွယ် သက်ကြီးပိုင်းတို့သည်လည်း တစ်ကိုယ်ရည် သန့်ရှင်းရေးနှင့် ကျန်းမာရေးအသိအမြင်များ အားနည်းသောကြောင့် ကျေးရွာသားများအနေဖြင့် အခြေခံ ကျန်းမာရေးစောင့်ရှောက်မှုများကို လိုလားနေကြသည်။အုပ်စုဆေးခန်းဖြင့် တစ်မိုင်ကျော်ကွာဝေးပြီး တိုက်နယ်ဆေးရုံနှင့်(၃)မိုင်ကွာဝေးသောကြောင့် ညရေးညတာ သွားလာရာတွင် တောလမ်းများ သွားရသောကြောင့် ရွာသူရွာသားများအခက်တွေ့ရသည်။

ကျေးရွာတွင် စိမ့်စမ်းရေတွင်းရှိသော်လည်း လုံလောက်မှုမရှိသုံးပုံနှစ်ပုံသာရရှိပြီး ကျန်တစ်ပုံမှာ ကုန်းဖြစ်နေ၍ အခက်အခဲများရှိကြသည်။မြေနိမ့်ရာသို့ သွားပြီး ဆိုင်ကယ်ဖြင့် သယ်ယူကြရသည်။အချို့နေရာများတွင် တုံကင်ရေသုံးကြပြီး ရေတွင်းများလည်း သုံးကြသည်။မြေအောက်ရေကို အလွယ်တကူ ရနိုင်ကြပြီး ဝမ်းပျက်၊ဝမ်းလျှော၊တိုက်ဖွိုက်၊အစာအိမ်ရောင်စသော ရောဂါဖြစ်ပွားမှုများနည်းပါးကြောင်းတွေ့ရသည်။

**(င) ပညာရေးနှင့် ကျွမ်းကျင်မှုများ**

ကျေးရွာ၏ ပညာရေးအဆင့်အတန်းသည် အတော်အသင့်ရှိကြောင်းတွေ့ရှိရပါသည်။ရွာသားအများစုသည် အခြေခံ အရေးအဖတ်၊အတွက်တို့ကို တတ်မြောက်ကြပြီး ဘွဲ့ရအရေအတွက် အသင့်

အတင့် များရှိကြသည်။ကျေးရွာတွင် အခြေခံပညာရေးကိုရွာထဲရှိ မူလတန်းတွင် တက်ရောက်သင်ကြားနိုင်ကြသည်။သို့သော် သက်မွေးဝမ်းကျောင်း ကျွမ်းကျင်မှုများမှာ နိမ့်ကျဆဲဖြစ်ပြီး လူငယ် လူရွယ်များအတွက် အလုပ်အကိုင်အခွင့်အလမ်းများ နည်းပါးဆဲဖြစ်သည်။

**(စ) ကျား‌မဆိုင်ရာဆက်နွယ်မှု**

ကျေးရွာတွင် ကျား‌မရေးရာကိစ္စဆိုင်ရာ အနေအထားမှာ လွတ်လပ်မှုရှိသည်။ကျား-မ ရေးရာဆိုင်ရာ တာဝန်ယူမှုအပိုင်းတွင်လည်းကျေးရွာလူမှုအဖွဲ့အစည်း၏ စံနှုန်းများအရကောင်းစွာသတ်မှတ်ထားကြသည်။ကျေးရွာတွင် ကျားနှင့်မ အကြားပြင်းထန်သော အိမ်တွင်းအကြမ်းဖက်မှုနှင့်ခွဲခြား ဆက်ဆံခြင်းကိစ္စများမတွေ့ရပါ။

ကျေးရွာတွင် အမျိုးသား၊အမျိုးသမီးများသည် သာမန်အားဖြင့် ပညာရေးနှင့်အခြားနယ်ပယ်များတွင် အခွင့်အရေးတူညီစွာ ရရှိသည်ဟု ယေဘုယျအားဖြင့် ပြောနိုင်ပါသည်။ပညာရေးနှင့်ဆိုင်သော ကိန်းဂဏာန်းများတွင် မူလတန်းအဆင့်၌ ယောက်ကျားလေးအတွက်သည် နည်းနေသော်လည်း အလယ်တန်းနှင့်အထက်တန်းများတွင်မူ မိန်းကလေးများနှင့်အရေအတွက်တူညီနေသည်။အမျိုးသမီးများသည် ပညာရေးဆိုင်ရာအခွင့်အရေးမှာ အမျိုးသားများနှင့်အတူတူပင်ဖြစ်သည်။သို့သော် ကျေးရွာတွင် နေ့တွက်လုပ်အားခသွင်းစေပြီး အမျိုးသမီးများထက် ပိုမိုရကြသည်။ ဥပမာအားဖြင့် လုပ်အားသဘာဝနှင့်အင်အား စိုက်ထုတ်ရမှ တူညီသော်လည်း အမျိုးသမီးများသည် အမျိုးသားများထက်လုပ်အားလျော့နည်းပြီးရကြသည်။အုပ်ချုပ်ရေးအဖွဲ့အစည်းများတွင်မူ အမျိုးသမီးပါဝင်မှုတို့မှာ အလွန်လျော့နည်းလျက်ရှိသည်။ကျား-မတန်းတူညီမျှမှုနှင့်ပါတ်သက်၍ အသိပညာ ပေးခြင်းများ မြှင့်တင်ဆောင်ရွက်ပေးခြင်းဖြင့် ကျား-မ တန်းတူ ညီမျှမှု ၊ဖွံ့ဖြိုးမှုတို့အတွက် ပိုမိုအထောက်အပံ့ဖြစ်လာနိုင်ပါသည်။

**၄။ကဏ္ဍအသီးသီး၏လက်ရှိဖွံ့ဖြိုးမှုအခြေအနေများ**

**(က) ဖွံ့ဖြိုးရေးဆိုင်ရာစီမံအုပ်ချုပ်မှု**

ကျေးရွာတွင် လူမှုရေးဆိုင်ရာ အဖွဲ့အစည်း(၂)ဖွဲ့ ၊ကျန်းမာရေးဆိုင်ရာ(၁)ဖွဲ့နှင့်အမျိုးသမီးရေးရာအဖွဲ့တို့ဖြစ်ပါသည်။နာရေးကူညီမှုဟု ပြောရလျှင် ကျေးရွာအတွင်းတစ်အိမ်ထောင်လျှင် ဆန်၁ပြည်ငွေတစ်ထောင်ထင်းဆယ်ချောင်းအပါအဝင် လူမှုရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပြီး လှုပ်ရှားဆောင်ရွက်မှုအားကောင်းသည်။ကျေးရွာရှိ အဆိုပါ အဖွဲ့အစည်းများမှာ တစ်ဖွဲ့နှင့်တစ်ဖွဲ့အကြား ချိတ်ဆက်ဆောင်ရွက်မှု ၊အဖွဲ့အစည်းဆိုင်ရာ သဘောတရားတို့နှင့်ပတ်သက်၍ အားနည်းကြပြီး အဖွဲ့အစည်းများ စွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်းများရရှိနိုင်ပါက ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်ရေး ပိုမိုကောင်းမွန်လာနိုင်ပါသည်။

**(ခ) သီးနှံ၊ သားငါး ထုတ်လုပ်ရေးကဏ္ဍ**

ကျေးရွာတွင်းစပါးနှင့်ပဲမျိုးစုံကို အဓိကထားစိုက်ပျိုးကြသည်။ မိုးစပါးပျှမ်းမျှအထွက်မှာ တစ်ဧက(၁၂၀)တင်း၊ပဲပုတ် တစ်ဧက(၂၀)တင်း၊မြေပဲ(၆၀) တင်းနှုန်းတို့ထွက်ရှိကြသည်။

စိုက်ပျိုးရေးဦးစီးဌာနမှ နည်းပညာ ဝန်ဆောင်မှုများရရှိနိုင်ကြပြီး စိုက်ပျိုးရေး ပစ္စည်း ကုမ္ပဏီများမှလည်း တောင်သူများအတွက် ဝန်ဆောင်မှုများပေးသည်။တောင်သူအများစုသည် လယ်ယာလုပ်ငန်းခွင်များ အတွက် အလုပ်သမား မလုံလောက်မှုပြဿနာကို ရင်ဆိုင်ရတတ်ပြီး လုပ်အားခ ပိုမို

ပေးမှ အလုပ်သမားများကို ငှားရမ်းရရှိနိုင်ကြကာ ကုန်ကျစရိတ်မြင့်မားရသည်။အချို့တောင်သူများမှာ အလုပ်သမား ရှားပါးမှုနှင့်ကုန်ကျစရိတ်မြင့်တက်မှုတို့ကို ကျော်လွှားနိုင်ရန်စပါးစိုက်ရာတွင် စိုက်ပျိုးရေးချေးငွေဖြင့် လုံလောက်မှုမရှိ၍ နောင်ပေးစပါးပါ ရောင်းရသည်။တောင်သူများသည် တစ်ခါတရံတွင် မိုးရွာသွန်းမှု မညီမျှမှု ရင်ဆိုင်ရတတ်သည်။မိုးစပါးစိုက်ခင်းများတွင် စစ်ပိုးများနှင့် ဖျက်ပိုးကျရောက်မှုကို ပိုမို တွေ့ရပြီး ယင်းဖျက်ပိုးများသည် ပိုးသတ်ဆေးတစ်ချို့ကိုခံနိုင်စွမ်းရှိကြသဖြင့် တောင်သူများအနေဖြင့် ထိရောက်သောဖျက်ပိုးနှိမ်နှင်းရေးနည်းစနစ်ကို လိုလားနေကြသည်။

ကျေးရွာတွင် ဝက်မွေးသူ အိမ်ထောင်စုအရေအတွက်မှာတစ်ရွာလုံး၏ အနည်းငယ်သာ ရှိပြီး ဒေသမှ ဝက်မျိုးများကိုမွေးမြူကြသည်။ဒေသကြက်မွေးသည့် အိမ်ထောင်စုလည်းတစ်ရွာလုံး၏ အနည်းငယ်ခန့်ရှိပြီး ဈေးကွက်တွင် ဝယ်လိုအားရှိသည်။ရာသီအလိုက်ဖြစ်ပွားတတ်သော တိရစ္ဆာန်ရောဂါများ အထူးသဖြင့် ကြက်လည်လိမ်ရောဂါသည် အဖြစ်များပြီး ရောဂါကြောင့် သေဆုံး ပျက်စီးမှုများရှိတတ်သည်။နည်းပညာ ဝန်ဆောင်မှုကို မြို့နယ်မွေးကုဦးစီးဌာနမှ ရရှိနိုင်သော်လည်း ဝန်ထမ်းမလုံလောက်မှုကြောင့် လွှမ်းခြုံဆောင်ရွက်ပေးနိုင်မှု အားနည်းသည်။မွေးမြူရေးလုပ်ငန်းပိုင်း ဆိုင်ရာအဟန့်အတားများအနေဖြင့် ဆင်းရဲသော အိမ်ထောင်စုများက မွေးမြူရေးလုပ်ငန်းတည်ထောင်တိုးချဲ့ဆောင်ရွက်ရန် ချေးငွေကို အလွယ်တကူ မရရှိနိုင်ကြချေ။ရွာထဲမှ ငွေချေးသူများထံမှ ချေးငှားလျှင်လည်း အတိုးနှုန်းမှာ မြင့်မားတတ်သည်။ကျေးရွာတွင် မွေးမြူရန် ရေမြေနေရာ အနည်းငယ်ရှိသောကြောင့်ငါးမွေးမြူရေးလုပ်ငန်းများရှိသည်။

**(ဂ)စိုက်ပျိုးရေးမွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ**

ကျေးရွာတွင် အိမ်တွင်းမှု ကုန်ထုတ်လုပ်ငန်းမရှိပါ။အခြားဝင်ငွေရလုပ်ငန်းများမှာ နေ့စားအလုပ်များ၊သယ်ယူပို့ဆောင်ရေး ဝန်ဆောင်မှုများ၊ဈေးရောင်း ၊စိုက်ပျိုး၊ပေါင်းထိုး နေ့စား အစိုးရဝန်ထမ်း လုပ်ငန်းတို့ဖြစ်ကြသည်။အခြားလုပ်ငန်းအများစုမှာ ရာသီဥတုနှင့်အမျိုးအစား အလိုက်တွက်ခြေကိုက်မှု အနည်းအပါးမှ အသင့်အတင့်အနေအထားတွင်ရှိသည်။လက်လုပ်လက်စား အလုပ်များမှာ စိုက်ပျိုးရာသီများတွင်သာ အလုပ်အကိုင်များပြီး ကျန်အချိန်များတွင် အလုပ်အကိုင်နှင့်ဝင်ငွေမမှန်ခြင်းကြောင့် တွက်ခြေကိုက်မှု နည်းပါးသည်။မိုးစပါးသီးနှံ ရိတ်သိမ်းပြီးက အများစုလူငယ်များခရီးသွားကြသည်။

ကျေးရွာတွင် အလုပ်လုပ်နိုင်သော ဦးရေများပြားပြီးထိုအခြေအနေမှာ ကျေးရွာ၏ အလားအလာကောင်းတစ်ရပ်ဖြစ်သည်။မြို့ပေါ်တွင် သက်မွေးဝမ်းကျောင်း သင်တန်းအချို့ကို ဝန်ဆောင်မှုပေးနိုင်သော လုပ်ငန်းများရှိသည်။မြို့ပေါ်တွင် သက်မွေးဝမ်းကျောင်း သင်တန်းအချို့ကို ဝန်ဆောင်မှုပေးနိုင်သော လုပ်ငန်းများရှိကြသည်။အပ်ချုပ်၊ဇာထိုး၊ပန်းထိုး၊ဆံပင်အလှပြင်၊မုန့်လုပ်နည်း ၊မော်တော်ဆိုင်ကယ်ပြင်၊မိုဘိုင်းဖုန်းပြုပြင်ရေး၊ကားမောင်း ၊ဝပ်ရှော့ ကွန်ပျူတာ စသည်တို့သည် သက်မွေးဝမ်းကျောင်း သင်တန်းများဖြစ်ကြသော်လည်း ရွာသားအများစုသည် အဆိုပါ သင်တန်းများနှင့်အထိအတွေ့ နည်းပါးကြသည်။လုပ်ငန်းခွင်သုံးပညာအရည်အချင်းပိုင်းတွင်လည်း အနည်းငယ်နိမ့်ကျကြပြီး သင်တန်းစရိတ် အကုန်အကျခံရန်နှင့်လုပ်ငန်းထူထောင်ရန်လည်း မတတ်နိုင်ကြချေ။ငွေကြေးအဆင်ပြေသော အိမ်ထောင်စုအချို့သော အပ်ချုပ်၊စက်ပြင် စသော သင်တန်းများသို့အခကြေးငွေ အကုန်အကျခံကာ ပို့လွှတ်သင်ကြားကြသည်။

**(ဃ) သဘာဝပါတ်ဝန်းကျင်နှင့်သယံဇာတစီမံခန့်ခွဲမှု**

ကျေးရွာတွင်း ပဲပုတ် စိုက်ခင်းများတွင် ဖျက်ပိုးများ ကျရောက်တတ်ခြင်းကြောင့် ပိုးသတ်ဆေး နှင့်ဓါတုမြေဩဇာ သုံးစွဲမှုများပြားသဖြင့် မြေဆီလွှာ အရည်အသွေး ကျဆင်းလာနိုင်သည်။တောင်သူများအနေဖြင့် ဘက်စုံ ပိုးမွှားနှိမ်နင်းရေးစနစ်အစား ဓါတုပိုးသတ်ဆေးများကိုသာ အသုံးပြုမှု များပြားသည်။စွန့်ပစ်ပစ္စည်း စီမံခန့်ခွဲမှုတွင်လည်း ပလတ်စတတ်အိတ်ခွံ၊ပုလင်းခွံ၊ဗူးခွံများကို စနစ်တကျ မစွန့်ပစ်ကြသဖြင့် သဘာဝ ပတ်ဝန်းကျင် ဆိုင်ရာ အသိပညာပေးလုပ်ငန်းများ မြှင့်တင်ဆောင်ရွက်ပေးသင့်သည်။သို့ရာတွင် နမ္မားမှ အမှိုက်များကို ကျွန်းကုန်းကျေးရွာ အနီးတွင် ကားများဖြင့် သယ်ယူပစ်လာကြသဖြင့် တချို့သောလူများက ချောင်းမြောင်းထဲသို့ပစ်ကြသည်။ ဤလုပ်ရပ်သည် မကောင်းသဖြင့် အသိပညာပေးမှုများ အထူးလိုအပ်နေသည်။

မိုးညှင်းမြို့နယ် မြောက်ခြမ်းတွင် ၂၀၁၅-၁၆ မိုးတွင်းက ရေကြီးရေလွှမ်းမှု ဖြစ်ပွားခဲ့သော်လည်း ဤ ကျေးရွာ၏အရှေ့တွင် ရထားသံလမ်းရေပေါက် ကျဉ်းမြောင်း၍ လည်းကောင်း သက်ဆိုင်ရာ အာဏာပိုင်များ၏ မတရားလမ်းများ ဖောက်လုပ်ခြင်းကြောင့် ရေကျော် တံတားများ လုပ်ရန် လိုအပ်နေမှုများ ရှိနေခြင်းကြောင့်ဖြစ်သည်။ဆည်မြောင်းများပြုပြင်ထိန်းသိမ်းရန်အထူး လိုအပ်လျှက်ရှိသည်။အားပျော့သော မုန်တိုင်းဝင်ရောက်မှုသာ တစ်ခါတစ်ရံကြုံတွေ့ရတတ်သည်။ အခါအားလျော်စွာ ကျရောက်တတ်သေသာ မိုးခေါင်ခြင်းက သဘာဝအန္တရာယ်တစ်ရပ်အနေဖြင့် ရှိနေဆဲဖြစ်ပါသည်။

**(င) ဘဏ်နှင့်ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု**

ကျေးရွာမှတောင်သူများသည် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ထုတ်ချေးသော ချေးငွေကို ခြောက်လအတိုးနှုန်း၁၀၀ မှာ ၇၅ ပြားတိုး၊တစ်ဧက တစ်သိန်းခွဲကျပ်နှုန်းဖြင့် အများဆုံး ဆယ်ဧကအတွက် ချေးယူနိုင်ကြသည်။ကျေးရွာအတွင်းရှိ တစ်ချို့အိမ်ထောင်စုများမှာ ရွာထဲမှ ငွေတိုးချေးစားသူများထံမှ တစ်လအတိုးနှုန်း ၁၀၀ မှာ ၂၀ကျပ်နှုန်းတိုးပြီး ကျေးရွာအတွင်း ဖွဲ့စည်းထားသော အသေးစား ငွေတိုးပေးသူတွေက၁၀၀မှာ ၁၅ကျပ်တိုးဖြင့် ချေးယူနိုင်ကြသည်။ကျေးရွာတွင် သမဝါယမအသင်းကို ဖွဲ့စည်းထားခြင်းမရှိသေးပါ။

ရွာသားအများစုသည် ချေးငွေကိုအကြောင်းအရင်းမျိုးစုံ(ရိက္ခာ၊ကျန်းမာရေး၊ပညာရေး)အချို့သောသူများမှာ အကြွေးလည်နိုင်ရန်အတွက်ချေးယူကြသည်။အထူးသဖြင့် စားနပ်ရိက္ခာ အတွက် ချေးယူကြပြီး ကျေးရွာတွင် အတိုးနည်း ချေးငွေလိုအပ်ချက်များပြားကြောင်းတွေ့ရှိရပါသည်။

ကျေးရွာတွင်း အကြွေးထားရှိမှုအနေအထားကိုလေ့လာဆန်းစစ်ချက်အရ ပါဝင်သောဆင်းရဲနှင့်အလွန်ဆင်းရဲအိမ်ထောင်စုများအားလုံးသည် အကြွေးယူထားကြပြီး အကြွေးငွေ၃၀၀၀၀ကျပ်မှ တစ်ဆယ့်ငါးသိန်းအထိ ချေးယူထားကြောင်း တွေ့ရှိရသည်။ထိုအိမ်ထောင်စုများ၏ ၇၀% သည် အခကြေးငွေ ခြောက်သိန်းအောက်ချေးယူထားပြီး ၃၀% သည် ငါးသိန်းအထက်ချေးယူထားကြောင်း တွေ့ရှိခဲ့ပါသည်။

### (စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး

ကျေးရွာတွင် မူလတန်းကို (အလျား ပေ၁၀၀၊အနံပေ၄၀၊အမြင့်၁၆ပေ)ရှိ သွပ်မိုး၊ပျဉ်ထောင်၊ပျဉ်ခင်းကျောင်းဆောင် နှင့်ယခု မြန်မာ့ ဩဘာလုပ်ငန်းစုမှ ငွေသိန်း ၃၀၀ ချထားပေးသောကျောင်းများ ရပ်ရွာမှ ဦးစီးပြီး စတင်ဆောက်လုပ်လျက်ရှိကြောင်း အုတ်လှိုင်းများ ပြေးဆွဲပြီးစီးနေကြောင်း၊အပေါ်ဆောင်များကို အငှားလက်သမား၊ပန်းရံများနှင့်ရပ်သူရွာသားများရဲ့ လုပ်အားဖြင့် ဆက်လက်ဆောက်လုပ်လျက်ရှိ ပါသည်။၎င်းကျောင်း၏ အလျားမှာ ၁၀၀ပေ အနံမှာ ၃၀ပေဖြစ်သည်။ကျေးရွာတွင် မူလတန်း အောင်ပြီးသူအများစုမှာ အလုပ်လုပ်ကြရသည်။ အလယ်တန်းကျောင်းတက်ရန် အချို့သော ကျောင်းသူကျောင်းသားများက တစ်မိုင်ကျော် ဝေးကွာသော အင်းကုန်း အလယ်တန်းကျောင်းတွင် တက်ရောက်ကြပြီး အများစုမှာ သုံးမိုင် ဝေးကွာသော နမ္မားသို့သွားရောက်ပညာသင်ကြားနေကြ သည်။အင်းကုန်းသို့ သွားရာလမ်းမှာ ပြည်ထောင်စုလမ်းမကြီးဖြစ်၍ ကား/ဆိုင်ကယ်များပြားလျက် ရှိသောကြောင့် ကလေးငယ် များအတွက် စိတ်ပူကြရကြောင်းကျောင်းသား/သူ မိဘများကဆိုသည်။ နမ္မားသို့သွားရန်လမ်းက ကျွန်းကုန်း၏ အရှေ့ဘက်ကျွန်းကုန်းနှင့်ခရုချောင်း ရွာချင်းဆက်လမ်းများ အတိုင်းသွားကြကာ လမ်းမှာ လယ်ကွင်းလမ်းဖြစ်၍ သုံးမိုင် ကွာဝေးသည်။နမ္မားမှာ မြို့နယ်ဖြစ်ပြီး အထက်တန်းအထိ တက်ရောက်နိုင်ပါသည်။အလယ်တန်း အထက်တန်း ကျောင်းသား/သူများမှ နမ္မားသို့ သွားရောက်ပညာသင်ကြားနေကြသည်။ကျေးရွာတွင် အလယ်တန်းကျောင်းရရှိစေလို ကြောင်း ရွာသူ၊ရွာသားအများစုကတောင်းခံနေကြပါသည်။တကယ်လည်းလိုအပ်ပါသည်။သို့ဖြစ်၍ ပညာ အရည်အချင်းမြင့်မားသော ရွာသူရွာသားများဖြစ်လာနိုင်မည်။လက်ရှိရွာသားအားလုံးမှာ ရေးတတ် ဖတ်တတ်ကြပြီး လူဦးရေအားလုံး၏ ၃% မှာ ဘွဲ့ကြိုးကျောင်း ပညာရေးကို ရရှိထားကြ သည်။မူလတန်းအောင်ရာခိုင်နှုန်းလည်းမြင့်မားသည်။ယခုနှစ်ကျောင်းအပ်နှံသည့် နှုန်းထားသည် ကျေးရွာရှိ မူလတန်းကျောင်းမှာ လွန်ခဲ့သော နှစ်ထက်များနေသည်။အလယ်တန်းအရွယ် ကျောင်းသား များသည် လွန်ခဲ့သော နှစ်ထက်ပိုနေကြောင်းတွေ့ရှိရကာ ၎င်းမှာ မူလတန်းတွင် ၉ နှစ်အလဘ်တန်းတွင် ၁၃ နှစ် ကျောင်းသားများပါရှိခြင်း၊အနီးနားရှိ ကျေးရွာမှ ကျောင်းသားများ တက်ရောက်နေခြင်းကြောင့်ဖြစ်သည်။

ကျောင်းတွင် ပရိဘောဂတို့လုံလောက်ပြီး မူလတန်းပြဆရာ/မ(၆)ဦး ရှိသည်။ကျောင်း တွင် တပည့်ဆရာအချိုးသည် မူလတန်းတွင်( ၁:၁၈ )ရှိသဖြင့် ကျောင်းဆရာ/မများ အင်အား လုံလောက် မှုရှိသော်လည်း ခွင့်ယူသော ဆရာမများရှိသဖြင့် ရပ်ရွာထဲမှ လုပ်အားပေး ဆရာမ တစ်ယောက် ကူညီပေးနေရသည်။လွန်ခဲ့သော ကျောင်းဖွင့်ရာသီက မူလတန်း ကျောင်းသား များအတွက် ပြဋ္ဌာန်း စာအုပ်များနှင့်လေ့ကျင့်ခန်းစာအုပ်များကို အခမဲ့ပံ့ပိုးပေးခဲ့သည်။

ကျေးရွာတွင် ကျေးလက်ကျန်းမာရေးဆေးပေးခန်းမရှိပါ။တိုင်းရင်းဆေးဆရာများနှင့် သားဖွားလက်ထောက်များရှိသည်။ကျန်းမာရေးဝန်ဆောင်မှုတို့နှင့် လက်လှမ်းဝေးနေသည်။သောက် ရေအတွက် ရေတွင်းနှင့်ရေတုံကင်များကို သုံးစွဲကြပြီး လုံလောက်မှုရှိသည်။ချမ်းသာသော အိမ်ထောင်စုများက အိမ်သာကျင်းကို အုတ်ဖြင့်ဆောက်လုပ်ထားကြပြီး ဆင်းရဲသော အိမ်ထောင်စု များက ပျဉ်ကာ သွပ်မိုး၊ရေလောင်းအိမ်သာရှိကြပြီး အလွန်ဆင်းရဲသောသူမှာ ဝါးရိုင်ပတ်ဖြင့်

သက်ကယ်မိုး၊ရေလောင်းအိမ်သာ ဆောက်လုပ်သုံးစွဲကြသည်။ဤသို့ သုံးစွဲကြခြင်းကြောင့် ရေကြောင့် ဆက်စပ်ဖြစ်ပွားတတ်သော ရောဂါဖြစ်ပွားမှုနှုန်းနည်းပါးသည်။စာသင်ကျောင်းတွင်လည်း ကျောင်းအိမ်သာမှာ စနစ်တကျ ဆောက်လုပ်ထားပြီး ကျောင်းသူ/သားများအတွက် အသုံးပြုရန်လွယ်ကူသည်။

**(ဆ)လူငယ်နှင့် ယဉ်ကျေးမှု**

လူငယ်များ အပန်းဖြေ အနားယူနိုင်မည့် အနေအထား သီးသန့် မရှိပေ။သူတို့သည် ကျေးရွာ ရှိ လူမှုရေးလုပ်ငန်းများတွင် တက်ကြွစွာ ပါဝင်ဆောင်ရွက်ကြပြီး ဘာသာရေးပွဲတော်များတွင်လည်း ရိုးရာ အကများဖြင့် တင်ဆက်ပါဝင်ကြသည်။ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် ဆောင်ရွက်သည့်ဖွံ့ဖြိုးရေးလုပ်ငန်း သီးသန့်ဖော်ဆောင်ခြင်းမရှိသေးချေ။ကျေးရွာတွင် လူငယ်များသည် ရပ်ရွာပွဲဆင်းရာတွင် သတ်မှတ်ထားသော တူညီဝတ်စုံများရှိခြင်းကြောင့်ဆင်းရဲချမ်းသာ ပြိုင်ဆိုင်မှုကိုထိန်းညှိထားသည်။

**(ဇ) အခြေခံအဆောက်အဦး လမ်းတံတား၊ လျှပ်စစ်စွမ်းအား သတင်းနှင့်ဆက်သွယ်ရေး**

၂၀၁၅ ခုနှစ်က ပေ ၁၁၂၀၀ အရှည်ရှိ ကျောက်ခင်းလမ်းကို ကျေး/လက်ဦးစီးဌာနကခင်းပေးခဲ့သည်။ကျေးရွာရှိ ရွာတွင်းလမ်းမှာ မြေသားလမ်းဖြစ်ပြီးထော်လာဂျီ လှည်းများကို အသုံးပြုမောင်းနှင်ကြသည်။ရေလမ်းခရီးအသုံးပြုမှုမရှိဘဲလမ်းပန်းဆက်သွယ်ရေးအတွက် မော်တော်ဆိုင်ကယ်( ၂၁၈ )စီးနှင့်စက်ဘီး(၁၂၁) ၊ထော်လာဂျီ( ၁၄ )စီးနှင့်လှည်း( ၁၀၄ ) စီးတို့ကိုအသုံးပြုလျက်ရှိကြ သည်။

ကျေးရွာတွင် လျှပ်စစ်မီးကို ၂၀၁၅ ခုနှစ်မှစ၍ ဆက်သွယ်ထားရှိပြီး ကျေးရွာရှိ အိမ်ထောင်စုအားလုံး၏(၃၀%)ခန့်သည် သွယ်တန်းအသုံးပြုနေကြပြီးဖြစ်သည်။မီးမရရှိသေးသော ရပ်ကွက်များသို့ လက်ရှိ စာတမ်းရေးဆွဲနေသော အချိန်၌ မီးတိုင်များ စိုက်ထူနေကြောင်းတွေ့ရသည်။ကျေးရွာတွင် မိုဘိုင်းဖုန်းဆက်သွယ်ရေးကို ဈေးကွက်နှင့်အခြားလူမှုဝန်ဆောင်မှုလုပ်ငန်းများအတွက် လက်လှမ်းမီ အသုံးပြုနိုင်ကြသည်။

ကျေးရွာတွင် အင်တာနက်အသုံးပြုနိုင်မှုမှာ အသင့်အတင့်မျှသာ ကောင်းမွန်ပြီးအခြားသတင်းအချက်အလက်များအတွက် ချိတ်ဆက်အသုံးပြုနိုင်သည်။ကျေးရွာတွင် စာကြည့်တိုက်ရှိသော်လည်း စာအုပ်များပြည့်စုံခဲ့ခြင်းမရှိ၍ ပြင်ပစာကြည့်တိုက်များနှင့် ဆက်သွယ်မှုအားနည်း နေသည်။ရွာသားများသည် သတင်းစာ ဂျာနယ်တို့ကိုလည်း အသင့်အတင့်ဝယ်ယူဖတ်ရှုကြပြီး တစ်ရွာလုံးအတိုင်းအတာဖြင့် တယ်လီဖုန်းနှင့်သတင်းဆက်သွယ်ရေးမှာ အတော်အသင့် ကောင်းမွန်ကြောင်းတွေ့ရှိရပါသည်။

**(ဈ) တည်ငြိမ်အေးချမ်းမှုနှင့် ပြည်သူ့လုံခြုံရေး**

ကျေးရွာတွင် ရာဇဝတ်မှုဖြစ်ပွားမှုနည်းပါးပြီး တည်ငြိမ်အေးချမ်းမှုကြောင့် ကုန်စည်ကူးသန်းရောင်းဝယ်ရေးကိုချောမွေ့စေသည်။သို့သော် ရွာသားများသည် မိုဘိုင်းတယ်လီဖုန်း ဆက်သွယ်ရေးကို အသုံးပြုနိုင်ကြပြီး လိုအပ်သလို ဆက်သွယ်ရရှိနိုင်သည်။အာမခံစနစ်ကို ချိတ်ဆက်အသုံးပြုနိုင်သော်လည်း ချိတ်ဆက်ဆောင်ရွက်ထားသူမရှိသလောက်ပင်ဖြစ်သည်။ကျေးရွာတွင် သဘာဝဘေးအန္တရာယ်လျော့ပါးရေးအတွက်ကြိုတင်ရေးဆွဲထားခြင်းမရှိပါ။

## ၅။ ဖွံ့ဖြိုးရေးအတွက် အထောက်ပံ့ဖြစ်စေမည့် အခြေနေကောင်းများ၊ အဟန့်အတားနှင့် စိန်ခေါ်မှုများ

### (က) ဖွံ့ဖြိုးရေး အတွက် အထောက်ပံ့ဖြစ်စေမည့် အခြေနေများ

ကျေးရွာတွင် လျှပ်စစ်မီးကို မဟာဓါတ်အားလိုင်းမှ ချိတ်ဆက်သုံးစွဲနိုင်ကြသဖြင့် မီးများအချိန်မှန်ကန်ခြင်းမရှိသဖြင့် အချို့သော မိသားစုတွင် လျှပ်စစ်မီးဖိုအပြင် ထင်းများကို အသုံးပြုကြသည်။အများစုမှာ ထင်းမီးများကို အသုံးပြုချက်ပြုတ်ကြသည်။ရွာထဲတွင် အရင်းအနှီး ရှိသူများမှ ပေးသော မီးအားထက် လျှပ်စစ်ဓါတ်အားလိုင်းက ၁ % မီးစက်ဖြင့်ပေးသောရွာတွင် ၅%ရှိပြီး လျှပ်စစ်ဓါတ်အားလိုင်းကအဆင်ပြေချောမွေ့လျက်ရှိသည်။ကျောင်းသူကျောင်းသားများ စာကြည့်ရာတွင် အထောက်အပံ့ဖြစ်ခြင်း စသော လူနေမှုအဆင့်အတန်းမြင့်မားလာရေးအတွက် အထောက်အကူပြုနေသည်။

လူငယ်ပညာတတ်များရှိပြီး လူဦးရေအားလုံးနီးပါးသည် အလုပ်လုပ်နိုင်သည့် အရွယ်များဖြစ်ကြသည်။ဘွဲ့ရအရေအတွက်အသင့်အတင့်ရှိပြီး ကျွမ်းကျင်မှုနှင့်သက်မွေးဝမ်းကျောင်း သင်တန်းများကို လူငယ်များသို့ လေ့ကျင့်သင်ကြားပေးခြင်းဖြင့် လူသားအရင်းအမြစ်များကို တိုးတက်ကောင်းမွန်စေပါသည်။ကျေးရွာလူထု၏ ကျန်းမာရေးအခြေအနေမှာကောင်းမွန်ပြီး တိုက်နယ်မှ ဆရာဝန်ကြီးနှင့်ဆရာ/မ များလာရောက်ကြည့်ရှုကြပြီး လိုအပ်သော ကျန်းမာရေးစောင့်ရှောက်မှုများလာရောက် ကုသမှုပေးလျက်တစ်နှစ်မှာတစ်ကြိမ်လာရောက်ပါသည်။

လိုအပ်သောဆေးဝါးများကို ရပ်ရွာမှ ဝယ်ယူပေးရသည်။ရွာသူရွာသားများကလည်း ကျန်းမာရေး စောင့်ရှောက်မှုများလာရောက်သဖြင့်ဝမ်းသာကြသည်။ကျေးရွာသားများအနေဖြင့် စိုးရိမ်ရသော ဆေးဝါးကုသလိုမှုအတွက်လည်း မိုးညှင်းမြို့နယ်ဆေးရုံသို့ သွားရောက်ပြီး ဆေးကုသမှုများ ခံယူကြသည်။ကျေးရွာနှင့်မြို့နယ်မှာ(၉)မိုင်ကွာဝေးသည်။ကျေးရွာတွင်ကျန်းမာရေး စောင့်ရှောက်မှုလိုသည်မှာ အမှန်ပင်ဖြစ်သည်။လူငယ်များ၏ ကျန်းမာရေး ကဏ္ဍများအတွက် အားကစားလေ့ကျင့်ရန်အတွက် ကစားကွင်းရှိသော်လည်း ကစားကွင်းမှာညီညာမှုမရှိပါ။၎င်းကို လည်း ပြုပြင်စေလိုသည်။ကျေးရွာတွင် ရေလှောင်တမံ ၃ ခုရှိပြီး ပြုပြင်ထိန်းသိမ်းရန် လိုအပ်နေ သဖြင့် နီးစပ်ရာတောင်သူကြီးများမှ ပြုပြင်သော်လည်း ငွေလုံးငွေရင်းမရှိသဖြင့် အောင်မြင်မှု မရှိခဲ့ ပါ။၎င်း၏ ကန်အောက်တွင် လယ်ဧက( ၅၀ )ဧကရှိရေသွင်းစိုက်ပျိုးနိုင်သည်။

ကျေးရွာရှိမွေးမြူရေးလုပ်ငန်းများမှာ ကြက်၊ဝက်၊နွား၊ ဘဲ၊ဆိတ်တို့မွေးမြူကြသည်။သို့သော် မွေး/ကု ဦးစီးဌာနမှ လိုအပ်သော နည်းပညာပိုင်းဆိုင်ရာ ပံ့ပိုးမှုကိုလည်း တိုးမြင့်ဆောင်ရွက်ပေးရန် လိုအပ်သည်။

ကျေးရွာတွင် ရာဇဝတ်မှုခင်းဖြစ်ပွားမှုနည်းပါးသော်လည်း ခိုးမှုများမှာ မကြာမကြာဖြစ်ပွားနေသည်။ကျေးရွာတွင် မိုဘိုင်းဖုန်းဆက်သွယ်ရေးများကောင်းမွန်သော်လည်း ကျေးရွာ၏ အနောက်ဘက်ခြမ်းမှာ မိုဘိုင်းဖုန်းလိုင်းများပြတ်တောက်တတ်သည်။ကျေးရွာတွင် အင်တာနက် အသုံးပြုနိုင်မှုမှာ အသင့်အတင့်မျှသာကောင်းမွန်ပြီး အခြားသတင်းအချက်အလက်များ အတွက် ချိတ်ဆက်အသုံးပြုနိုင်သည်။

### (ခ) အဟန့်အတားနှင့် စိန်ခေါ်မှု

ကျေးရွာရှိ လယ်ယာမြေများမှာ မြေဆီလွှာ အသင့်အတင့်ကောင်းမွန်သည်မှအပ လယ်ယာမြေများကို ထပ်မံ တိုးချဲ့ရန်မြေများ အနည်းငယ်ရှိကြသည်။လယ်သမားများအတွက် အထွက်နှုန်းကောင်းသော စပါးမျိုးကို စိုက်ပျိုးကြသည်။မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ နည်းပညာ ပိုင်းဆိုင်ရာ ဝန်ဆောင်မှုကိုရရှိနိုင်သော်လည်း ဖျက်ပိုးနှိမ်နင်းရေးနှင့်ပတ်သက်၍ ထိရောက်စွာ အကောင်အထည်ဖော်ပေးသော အစီအစဉ်မရှိသေးပါ။တောင်သူများအနေဖြင့် ဘက်စုံပိုးမွှား နှိမ်နင်း ရေးကျင့်သုံးနိုင်ရေး အထောက်အပံ့များရရှိရန် လိုအပ်ပါသည်။

ကျေးရွာတွင် အိမ်တွင်းမှု ထုတ်ကုန်လုပ်ငန်း မရှိသဖြင့် အလုပ်အကိုင်နှင့်ဝင်ငွေ ပုံမှန် ရရှိရန် အခက်အခဲ ရှိသဖြင့်ကျောင်း ရွှေမှော် သို့ သွားရောက်လုပ်ကိုင်ကြသည်။

**၆။ ပန်းတိုင်နှင့် မဟာဗျူဟာ**

**(က) ဖွံ့ဖြိုးရေးပန်းတိုင်**

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှအဖွဲ့နှင့် တိုင်ပင်ညှိနှိုင်းပြီး လာမည့်ငါးနှစ်တာကာလအတွက် ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်များကို အောက်ပါအတိုင်း ချမှတ်ထားပါသည်။

က.၁) ကျွန်ုပ်တို့ကျေးရွာလူထုသည် အမြင်ကျယ်ပြီး ကုန်ထုတ်လုပ်မှုမြင့်တင်ခြင်း၊ဆက်သွယ်ရေးနှင့် နည်းပညာကောင်းမွန်ခြင်း၊အလုပ်အကိုင်များရရှိနိုင်ခြင်း၊သက်မွေးပညာသင်တန်းများရရှိခြင်း၊ ဝင်ငွေနှင့်စွမ်းအင်မြင့်မားနိုင်စွမ်းနှင့်စီးပွားရေးအနေအထားတို့ကို တိုးတက်စေရမည်။

က.၂) ကျွန်ုပ်တို့ရွာလူထုသည် စာတတ်မြောက်မှုနှုန်းမြင့်မားပြီး ပိုမိုကောင်းမွန်သော ပညာရေးမှတဆင့် ကလေးများအတွက် လူသားခြင်း ဆိုင်ရာစွမ်းရည်များ ကျယ်ဝန်းလာစေရမည်။

က.၃) ကျွန်ုပ်တို့ရွာလူထုသည် သက်မွေးဝမ်းကျောင်းနှင့်စီးပွားရေးအုပ်စုကိုဖွဲ့စည်းပြီးကျေးရွာအခြေပြုအဖွဲ့အစည်းများနှင့်အဖွဲ့အစည်းများ၏ စွမ်းဆောင်ရည်မြင့်တက်လာနိုင်ရန်ဖွံ့ဖြိုးရေးစီမံကိန်း ယန္တရားတိုးတက်လာနိုင်ရမည်။

**(ခ) အကောင်အထည်ဖော်နည်းဗျူဟာ**

ကျွန်ုပ်တို့သည် အထက်တွင်ဖော်ပြထားသော ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်များကို ရောက်ရှိရန် အောက်ပါအကောင်အထည်ဖော်မှုများကို ဆောင်ရွက်သွားကြမည်။

ခ.၁) ကျေးရွာတွင်အရင်းအနှီးချေးငွေ၊ နည်းပညာအသုံးချနိုင်စွမ်း ရရှိရေးတို့ကို ဆောင်ရွက်ပြီး စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများကို တိုးချဲ့ဆောင်ရွက်သွားမည်။ အသေးစားငွေကြေးလုပ်ငန်းနှင့် ချေးငွေများအတွက် မြို့နယ်ရှိဘဏ်များ၊ ရင်းနှီးရရှိနိုင်ရာ အခြားနေရာများနှင့် ချိတ်ဆက်ပေးမည်။ အရင်းအနှီးငွေများရရှိပါက စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများအပြင် အခြားလုပ်ငန်းလုပ်ကိုင်သူများကိုပါ ခွဲဝေချထားပေးမည်။ စိုက်ပျိုးရေးနှင့် မွေးမြူရေးနည်းပညာသင်တန်းများ တက်ရောက်နိုင်ရေးအတွက် သက်ဆိုင်ရာနည်းပညာဌာနများနှင့် ချိတ်ဆက်ဆောင်ရွက်သွားမည်။ သင်တန်းတက်ရောက်ပြီးသူများမှ တဖန်ကျေးရွာတွင်းရှိ ရရှိထားသော နည်းပညာမျှဝေပြီး ကိုယ်ပိုင်လုပ်ငန်းများတွင် အသုံးချကာ ထုတ်လုပ်မှုတိုးတက်စေမည်။

ခ.၂) ကျွန်ုပ်တို့သည် ပန်းရံ၊လက်သမား၊အပ်ချုပ်၊ဇာထိုး၊ပန်းထိုး၊စက်ပြင်၊ဆံပင်ညှပ်၊မော်တော်ဆိုင်ကယ်ပြင်၊မိုဘိုင်းဖုန်းပြင်၊ကွန်ပျူတာသင်တန်း စသော သင်တန်းများ တက်ရောက်နိုင်ရန် စီစဉ်ပေးမည်။ထိုသင်တန်းများသည် သင်တန်းသားများအတွက် ကျွမ်းကျင်မှုကို တိုးပွားရရှိစေပြီး ဝင်ငွေ

ရလုပ်ငန်းများ ထူထောင်တိုးချဲ့ နိုင်ရန် အရင်းအနှီး လုပ်ငန်းများကို စဉ်ဆက်မပြတ် ချိတ်ဆက်ပေးမည်။

ခ.၃) ကျေးရွာ၏ စာသင်ကျောင်းသည် ရွာ၏ အရှေ့ဘက်တွင်တည်ရှိပြီး ခြံစည်းရိုးကာရံပြီးစီးသော်လည်း ပြုပြင်ရန်လိုအပ်လျက်ရှိသည်။မူကြိုကျောင်းမှာ ရွာ၏ အလယ်တွင်တည်ရှိနေပြီး မူကြိုကျောင်း၏ ပုံသဏ္ဍာန်မှာ ဖြပေခန်း ၃ ခန်း အလျား ၂ ခန်း၊အနံ ပျဉ်ခင်း ဝါးထရံ သွပ်များ မိုးကာထားသော်လည်း ကျောင်းမှာ အလှူရှင်မှ ဆောက်လုပ်ထားပြီး ရှေ့သို့ဆက်သွားရန် ရန်ပုံငွေ အားနည်းနေသည်။ရှေ့လုပ်ငန်းများမှာ ကလေးငယ်များ၏ အရည်အချင်းတိုးမြင့်လာရေးအတွက်ဆောင်ရွက်မည်။ပညာရေးဌာနနှင့်ချိတ်ဆက်ပြီး အလယ်တန်းကျောင်းခွဲတွင် ဘာသာရပ် အလိုက် ကျွမ်းကျင်မှုပြည့်ဝသော ဆရာ/မ ခန့်ထားရရှိနိုင်ရေးအတွက် ဆောင်ရွက်သွားမည်။

ခ.၄) ကျေးရွာတွင် ရာသီဈေးများရှိပြီး သီးနှံစုံရောင်းချကာ ကျေးရွာလမ်းနှင့်ကျေးရွာဈေးဆောက်လုပ်ကာ ကျေးရွာ၏ အခြေခံ အဆောက်အဦးများ တိုးတက်ကောင်းမွန်ရေးအတွက်ဆောင်ရွက်သွားမည်။ကျေးရွာ၏ လမ်းဧရိယာအကျယ်နှင့် တစ်ချိန်တည်းတွင် ကျေးရွာ အဆောက်အအုံများကို အသုံးပြုစီမံခန့်ခွဲပြီး ထိန်းသိမ်းရေးအတွက် စီမံခန့်ခွဲနိုင်စွမ်းကိုလည်း တိုးတက်အောင်ဆောင်ရွက်သွားကြမည်။ကျေးရွာလူမှုအဖွဲ့အစည်းများကိုလည်း အကောင်အထည်ဖော် စီမံခန့်ခွဲနိုင်ရန် ခေါင်းဆောင်မှု စွမ်းရည်များ ပိုမိုရရှိအောင် ဆောင်ရွက်ရန် တိုက်တွန်းအားပေး ဆောင်ရွက်မည်။

**၇။ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများအကောင်အထည်ဖော်ရာတွင်မြို့နယ်နှင့်အထက်အဆင့်မှ ကူညီဖြေရှင်းရမည့် ကိစ္စများ**

အစိုးရ၏မူဝါဒနှင့် လုပ်ငန်းအစီအစဉ်တို့ကို ရင်းနှီးကျွမ်းဝင်ပြီးသော အစိုးရဌာနဆိုင်ရာများနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ နည်းပညာအကြံပေးအဖွဲ့တို့၏ အကြံပြုချက်အရ ပြုစုဖော်ပြထားပါသည်။ ဤအဖွဲ့အစည်းများအနေဖြင့် နိုင်ငံတော်အဆင့်မှသည် ဒေသဆိုင်ရာအဆင့်၊ ထိုမှတစ်ဆင့် ကျွန်ုပ်တို့ ကျေးရွာအဆင့်ထိ ပံ့ပိုးမှုပေးနိုင်မည့်အစိုးရဌာနများနှင့် အဖွဲ့အစည်းများကို ရှာဖွေဖော်ထုတ်ပေးနိုင်ကြပါမည်။

**(က) ကျေးရွာဖွံ့ဖြိုးရေးရည်မှန်းချက်ရေးဆွဲခြင်းနှင့် ပုံမှန်စိစစ်ခြင်း**

ဤကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်လုပ်ငန်းအား နည်းပညာအထောက်အပံ့များ ပံ့ပိုးပေးမှုသည် အလွန်အရေးပါပါသည်။ အနာဂတ်တွင်လည်း ရေရှည်တည်တံ့မည့် အထောက်အပံ့များကို နိုင်ငံတော်အစိုးရထံမှ ရရှိမည်ဟု မျှော်လင့်ပါသည်။ ကျွန်တော်တို့ ကျေးရွာသားများကိုယ်တိုင်အားထုတ်လုပ်ကိုင်ရရှိခဲ့မှုများကို ပြန်လည်စိစစ်ခြင်း၊ နောက်ဆုံးအတည်ပြုထားသည့် ဖွံ့ဖြိုးရေးအစီအစဉ်များကိုလည်း သတ်မှတ်ကာလအတိုင်း ပုံမှန်စိစစ်သွားနိုင်ပါမည်။ အရေးကြီးသည့်အချက်မှာ ဦးစားပေးစီမံချက်များနှင့် ဘတ်ဂျက်ပမာဏပါဝင်သည့် နှစ်ပါတ်လည်ဖွံ့ဖြိုးရေးစီမံချက်ပြင်ဆင်ရန်ဖြစ်သည်။

**(ခ) စိုက်ပျိုးမြေများထိရောက်စွာ အသုံးချနိုင်ရေး**

ကျေးရွာတွင် မိုးစပါး သီးသန့်စိုက်ပျိုးကြသည်။မိုးစပါးပြီးဆုံးချိန်ကာလမှာမူ ပဲပုတ်နှင့်မြေပဲများစိုက်ပျိုးကြသည်။အချို့သောနေရာတွင်မြေများ ခြောက်လွန်း၍ ကျွဲ၊နွား စားကျက်ကွင်းအဖြစ်ထားရှိကြသည်။တောင်သူများအတွက် သီးနှံပျက်စီးမှုနှင့် ဝင်ငွေလျော့နည်းမှုဖြစ်စေသော နည်းပညာ

အသုံးပြုပုံများ အပါအဝင် ပိုးမွှားနှိမ်နင်းရေး နည်းပညာများရရှိရေးအတွက် စိုက်ပျိုးရေးဦးစီးဌာန က ဦးစီးဦးရွက်ပြုသင့်ပါသည်။တောင်သူအများစုမှာ မြေသြဇာ သုံးစွဲနည်းများ မမှန်ကန်ခြင်းကြောင့် လယ်ယာမြေပျက်စီးခြင်း၊ပိုးမွှားများကျရောက်ခြင်း၊အချိန်မီဆေးမသုံးစွဲခြင်းတို့ကြောင့် စိုက်ပျိုးရေး ဦးစီးဌာနမှ ကူညီကွင်းဆင်းပေးရန်လိုအပ်ပါသည်။

**(ဂ) ငွေရေးကြေးရေးနှင့် ဘဏ်လုပ်ငန်းများ**

ဘဏ်လုပ်ငန်းများကိုလည်း ဆင်းရဲတောင်သူ၊ အလယ်အလတ်တောင်သူနှင့် တောင်သူကြီး များအတွက် လိုအပ်သောချေးငွေရရှိရန် စနစ်များ ပြောင်းလဲချမှတ်သင့်သည်။ ဌာနေတိုင်းရင်းသား များကိုကျေးရွာနယ်နမိတ်တွင် လွတ်လပ်စွာ ဝမ်းရေးအတွက် လုပ်စားပိုင်ခွင့်ကိုလည်း နိုင်ငံတော် အနေဖြင့် ဥပဒေရေးဆွဲပြဋ္ဌာန်းသင့်သည်။အထူးသဖြင့် လယ်သမားနှင့်အသေးစားလုပ်ငန်းရှင်များ သည် စိုက်ပျိုးရေးနှင့်အသေးစားစီးပွားရေးလုပ်ငန်းများအတွက် အထိုက်အလျောက်များပြားသည့် ချေးငွေ(မြစိမ်းရောင်ချေးငွေ)လိုအပ်ပါသည်။ကျေးရွာတွင် သမဝါယမ အသင်းအဖွဲ့အစည်းဖွဲ့ထား ခြင်းမရှိသေးသဖြင့် မြို့နယ်သမဝါယမ အသင်း၏ ချေးငွေ လိုအပ်သူရွာသားများအတွက် ချေးငွေ အစီအစဉ်ကိုဆောင်ရွက်သင့်သည်။

**(ဃ) ကျေးလက်အသေးစား စက်မှုလုပ်ငန်းများဆိုင်ရာအထောက်အပံ့**

ကျေးရွာတွင် အသေးစားစက်မှုလက်မှုလုပ်ငန်းများ ဖွံ့ဖြိုးလာနိုင်မည့် အလားအလာရှိပြီး အလုပ်အကိုင်နှင့် အမြတ်အစွန်းများရရှိရန် အထူးသဖြင့် လူငယ်နှင့် အမျိုးသမီးများအတွက် အခွင့်အလမ်းရှိပါသည်။ ရွာသူရွာသားတို့မှာ လုပ်ငန်းဆိုင်ရာ စီမံအုပ်ချုပ်မှု နည်းပညာ ဈေးကွက်၊ သတင်း၊အချက်အလက်များ လက်လှမ်းမီမှုတွင်အားနည်းပါသည်။ကျွန်တော်တို့ကျေးရွာမှာ အသေးစား လုပ်ငန်းများအတွက်အကျိုးဖြစ်ထွန်းစေမည့် လုပ်ငန်းသစ်များ ယခုအခါ အဆင်သင့်ရှိနေကြောင်းတွေ့ရသည်။နိုင်ငံတော်အနေဖြင့် စီးပွားရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအောက်တွင် ထားရှိကာ နှစ်စဉ်ဝန်ဆောင်မှုရရှိအောင် ဆောင်ရွက်ပေးရန်လိုအပ်ပါသည်။

(င) **ကျေးလက်ဈေးဆောက်လုပ်ရေး**

ကျေးရွာတွင် ဆောင်းရာသီဈေးရှိပြီး မုန့်ညှင်းများအဓိကထွက်ရှိသည်။ဈေးနေရာမှာ ပြည်ထောင်စုလမ်းမဘေးတွင်တည်ရှိပြီး အန္တရာယ်များလွန်းနေသည်။ကျေးရွာအနေဖြင့်ပြောင်းလဲ ပေးရန် ကြိုးစားသော်လည်း ကောင်းမွန်လာခြင်း မရှိခဲ့ပါ။၎င်းယာယီဈေးကို မြို့နယ်အာဏာပိုင် အဖွဲ့ အစည်းများက ရေသန့်ရှင်းရေးစနစ်နှင့်လမ်းတို့စနစ်တကျ ပါဝင်သည့် ဈေးအဆောက်အဦး တစ်ခုတည်ဆောက်ပေးရန်ပါဝင်ဆောင်ရွက်ပေးသင့်ပါသည်။ကျွန်တော်တို့ကျေးရွာအပြင် အနီးပတ် ဝန်းကျင်မှလည်း လာရောက်ရောင်းချကြသည်။ရွာသူရွာသားအချို့လည်း အကျိုးခံစားမှုရရှိစေနိုင် ပါသည်။

## ၈။ စီမံကိန်း၊ စီမံချက်များနှင့် အကောင်အထည်ဖော်ဆောင်ရွက်မှု အချိန်ကာလ

စီမံချက်များကို အကောင်အထည်ဖော်မည့်ဗျူဟာများကို လုပ်ငန်းဆောင်ရွက်မှုများအဖြစ် စီမံချက်ကာလအတွင်း ချမှတ်ထားသော ပန်းတိုင်များကို ရောက်ရှိအောင်ပါဝင်ပေးမည့်ဖွံ့ဖြိုးရေး

လုပ်ငန်းအကောင်အထည်ဖော်မှုဆိုင်ရာ အဓိကသော့ချက်များဖြစ်သည်။အကောင်အထည်ဖော်ရာ တွင် မှန်ကန်သော ကူညီဆောင်ရွက်ချက်များကို အဓိက ကူညီဆောင်ရွက်ပေးရမည်။

**(က) နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်း**

ကျွန်ုပ်တို့ကျေးရွာမှ ရေးဆွဲထားသည့်ငါးနှစ်တာစီမံချက်သည် ပြင်းထန်သောသဘာဝ ဘေးအန္တရာယ် ကဲ့သို့ထိခိုက်စရာများ မပေါ်ပေါက်ပါ။၎င်းစီမံကိန်းဖြစ်နိုင်ခြေများသော စီမံကိန်း ဖြစ်သောကြောင့် ပြောင်းလဲနိုင်ရန်လုပ်ငန်းစီမံချက်များကို ပါဝင်ရေးဆွဲထားသည်။ထို့ကြောင့် ငါး နှစ်တာကာလအတွက် ကျေးလက်ဖွံ့ဖြိုးရေးစီမံချက်၏ ဗျူဟာမြောက်မှုဘောင်အတွင်း နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်ကို ဆောင်ရွက်သွားကြပါမည်။

**(ခ) ကဏ္ဍနှင့်ရင်းနှီးမြှုပ်နှံမှုအမျိုးအစားကိုအခြေခံ၍စီမံချက်ကို အုပ်စုခွဲခြားခြင်း**

စီမံကိန်းစီမံချက်များကို စီမံချက်ဆိုင်ရာအချက်အလက်များကို စိစစ်နိုင်ရန်လုပ်ငန်းဆိုင်ရာ တွင် ရင်းနှီးမြှုပ်နှံမှုကို အခြေခံပြီးအုပ်စုခွဲသည်။လုပ်ငန်းကဏ္ဍကိုအခြေခံ၍စီမံကိန်းအုပ်စု သတ်မှတ် ခြင်းဖြင့် ဝန်ကြီးဌာနများ ဦးစီးဌာနများအတွက်သက်ဆိုင်ရာ လုပ်ငန်းများအလိုက်ဆောင်ရွက်ဖွယ် ရာများကိုသိရှိနားလည်စေနိုင်သည်။ရင်းနှီးမြှုပ်နှံမှုအမျိုးအစားကိုအခြေခံ၍ စီမံကိန်း အုပ်စုသတ် မှတ်ရာတွင် သာမန်အသုံးစရိတ်ငွေလုံးငွေရင်းအသုံးစရိတ်၊စွမ်းဆောင်ရည်မြှင့်တင်ရေးအသုံးစရိတ် လူသားချင်းစာနာမှုဆိုင်ရာအထောက်အပံ့တို့ပါဝင်သည်။

**ဦးစားပေးစီမံချက်များ**

စီမံချက်များအလိုက် ဦးစားပေးအစီအစဉ်များကိုဇယားဖြင့်ဖော်ပြထားပါသည်။ကျေးရွာ အများစုနှစ်သက်ရာအမှတ်ပေးအဆင့်ခွဲခြားခြင်းစနစ်ဖြင့် ရွာလုံးကျွတ်အစည်းအဝေးတွင် စီမံချက် များဦးစားပေးအစီအစဉ်ကို ဖော်ထုတ်ထားပါသည်။ကျေးရွာဖွံ့ဖြိုးရေးအစည်းအဝေးတွင်သဘောတူ သတ်မှတ်ထားသော ဦးစားပေးစီမံချက်လုပ်ငန်းများမှာအောက်ပါအတိုင်းဖြစ်ပါသည်။

# ဦးစားပေးစီမံချက်များ

| ကဏ္ဍ/ကဏ္ဍခွဲ | စီမံချက် | ရမှတ်ပေါင်း | ဦးစားပေးအဆင့် | ဖော်ပြချက် | မှတ်ချက် |
|---|---|---|---|---|---|
| **၁။ ရေပေးရေး** | | | | | |
| | ကျေးရွာအတွင်းသောက်သုံးရေ လုံလောက်မှုရရှိစေရေး | ၁၀၀ | ၁ | ကျေးရွာတွင်း သောက်သုံးရေ လုံလောက်စွာ ရရှိစေရန်။ | |
| **၂။ လမ်းတံတား** | | | | | |
| | ကျေးရွာအတွင်း လမ်းတံတား ခင်းကျင်းပေးရန် | ၉၁ | ၂ | ကျေးရွာအတွင်းလမ်းခင်းပေးရန်လိုအပ်ခြင်း။ | |
| **၃။ အသက်မွေးဝမ်းကျောင်း** | | | | | |
| | ကျေးရွာ၏ရင်းနှီးငွေလိုအပ်ခြင်း (မြစိမ်းရောင်စီမံကိန်းရရှိရန်) | ၈၆ | ၃ | ကျေးရွာတွင် အရင်းအနှီးပြုလုပ်ရန်လိုအပ်ခြင်း၊ မြစိမ်းရောင် ကျေးရွာကဲ့သို့သော စီမံကိန်း ရရှိရန်လိုအပ်ပါသည်။ | – |
| **၄။ ကျန်းမာရေး** | | | | | |
| | ကျေးရွာအတွင်းဆေးပေးခန်းရရှိရေး | ၇၈ | ၄ | ကျေးလက်ကျန်းမာရေးဆေးပေးခန်းနှင့်ကျန်းမာရေးဝန်ထမ်းများ ရရှိရန်၊မြို့နယ်ကျန်းမာရေးဦးစီးဌာနနှင့်ချိတ်ဆက်ခြင်း၊ ယင်လုံအိမ်သာများဆောက်လုပ်ရန်တိုက်တွန်းခြင်း၊ ကျန်းမာရေးဟောပြောပွဲများပြုလုပ်ခြင်း | |
| **၅။ လူငယ်ကဏ္ဍ** | | | | | |
| | မူးယစ်ဆေးဝါးတိုက်ဖျက်ရန် | ၆၈ | ၅ | မြို့နယ်အား/ကာဝန်ကြီးများနှင့်ချိတ်ဆက်ခြင်း၊ပညာပေးဟော ပြောခြင်း၊လူငယ်တွေအတွက် မူးယစ်ဆေးနဲ့ပြဿနာများကို အသိ ပညာရရှိအောင်ပြုလုပ်ခြင်း | |

| | | | | | |
|---|---|---|---|---|---|
| **၆။ အခြေခံအဆောက်အဦးကဏ္ဍ** | | | | | |
| | ရပ်ရွာအတွင်းအစည်းအဝေးခန်းမ လိုအပ်ခြင်း | ၅၉ | ၆ | ကျေးရွာအတွင်း အစည်းအဝေးခန်းမ လိုအပ်ခြင်း၊ | |
| **၇။ စိုက်ပျိုးရေး** | | | | | |
| | တောင်သူလုပ်ငန်းမှလွဲ၍အခြား လုပ်ငန်းများ လုပ်ကိုင်ရန်အခွင့်အလမ်း မရှိ | ၅၃ | ၇ | အခြားအလုပ်အကိုင်များ ဝင်ငွေရလုပ်ငန်းများရရှိစေရန်၊ | |
| **၈။ အသက်မွေးဝမ်းကျောင်း** | | | | | |
| | အသက်မွေးဝမ်းကျောင်းနှင့်ပတ်သက်သောနည်းပညာများအားနည်းခြင်း | ၅၂ | ၈ | အသက်မွေးဝမ်းကျောင်းနှင့်ပတ်သက်၍ လုပ်ငန်းများရရှိစေရန်၊ | |
| **၉။ စိုက်ပျိုးရေးကဏ္ဍ** | | | | | |
| | စိုက်ပျိုးရေးနှင့်ပတ်သက်သော စက်ကရိယာများအားနည်းခြင်း | ၄၃ | ၉ | ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့်ချိတ်၍စိုက်ပျိုးရေးနည်းပညာရရှိအောင်ဆောင်ရွက်ရေး၊<br>စိုက်ပျိုးရေးသွင်းအားစုများဆက်သွယ်မှုရရှိရန်၊<br>မျိုးကောင်းမျိုးသန့်ထုတ်လုပ်ရေးနည်းပညာသင်တန်း၊<br>စပါးအထွက်တိုးနည်းပညာသင်တန်း၊<br>ရိတ်သိမ်းခြွေလှေ့စက်များငှားရမ်းနိုင်ရန် ပုဂ္ဂလိကလုပ်ငန်းရှင်များနှင့်ချိတ်ဆက်ဆောင်ရွက်ခြင်း။ | |
| **၁၀။ အခြားဝင်ငွေရလုပ်ငန်းကဏ္ဍ** | | | | | |
| | အမျိုးသမီးများ စက်ချုပ်လုပ်ငန်း | ၃၅ | ၁၀ | အလုပ်အကိုင်ရှာဖွေရေးနည်းပညာသင်တန်းများနှင့်ဈေးကွက်ဆိုင်ရာနည်းပညာသင်တန်းပေးခြင်း | |
| **၁၁။ စိုက်ပျိုးရေးကဏ္ဍ** | | | | | |
| | စိုက်ပျိုးရေးအတွက်မျိုးကောင်း | ၂၈ | ၁၁ | ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့်ချိတ်၍စိုက်ပျိုး | |

| | | | | | |
|---|---|---|---|---|---|
| | မျိုးသန့်များရရှိရန် | | | ရေးနည်းပညာရရှိအောင်ဆောင်ရွက်ရေး၊<br>စိုက်ပျိုးရေးသွင်းအားစုများဆက်သွယ်မှုရရှိရန်၊<br>မျိုးကောင်းမျိုးသန့်ထုတ်လုပ်ရေးနည်းပညာသင်တန်း၊<br>စပါးအထွက်တိုးနည်းပညာသင်တန်း၊<br>ရိတ်သိမ်းခြွေလှေ့စက်များငှားရမ်းနိုင်ရန် ပုဂ္ဂလိကလုပ်ငန်းရှင်များ နှင့်ချိတ်ဆက်ဆောင်ရွက်ခြင်း။ | |
| **၁၂။ ပညာရေးကဏ္ဍ** | | | | | |
| | စာသင်ကျောင်းအသစ်ဆောက်ရာ စာရေးခုံများများလိုအပ် | ၂၅ | ၁၂ | စာရေးခုံများပညာရေးမှချထားပေးရန်လိုအပ်ကြောင်း | |

**(ဂ) အကောင်အထည်ဖော်မည့် အချိန်ကာလ**

အောက်ပါဇယားတွင် လုပ်ငန်းစတင်ရန်၊ ပြီးဆုံးရန် ခန့်မှန်းဖော်ပြထားသည့်ဦးစားပေးစီမံချက်များ၏ အချိန်ဇယားကို ဖော်ပြထားပါသည်။ ဤအစီအစဉ်ကို နှစ်အလိုက် လိုအပ်သလို ဖြည့်စွက်ပြင်ဆင်ပြီး နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေး စီမံချက်ရေးဆွဲရာတွင်လည်း ထည့်သွင်းပေးမည်။

| စီမံချက် | အဆင့် | ၂၀၁၆ | ၂၀၁၇ | ၂၀၁၈ | ၂၀၁၉ | ၂၀၂၀ |
|---|---|---|---|---|---|---|
| ၁။ ကျေးရွာအတွင်း သောက်သုံးရေလုံလောက်မှု ရရှိစေရေး | ၁ | —— | —— | | | |
| ၂။ ကျေးရွာအတွင်းလမ်းတံတားခင်းပေးရန် (ကွန်ကရစ်) | ၂ | —— | —— | | | |
| ၃။ ကျေးရွာ၏ ရင်းနှီးလိုအပ်ခြင်း (မြစိမ်းရောင်စီမံကိန်းရရှိရန်) | ၃ | —— | —— | —— | —— | —— |
| ၄။ ကျေးရွာအတွင်း ဆေးပေးခန်းဆောက်လုပ်ပေးရန် | ၄ | —— | —— | | | |
| ၅။ မူးယစ်ဆေးဝါးတိုက်ဖျက်ရန် | ၅ | —— | —— | —— | —— | —— |
| ၆။ ရပ်ရွာအတွင်းအစည်းအဝေးခန်းမ လိုအပ်ခြင်း | ၆ | —— | —— | | | |
| ၇။ တောင်သူလုပ်ငန်းမှလွဲ၍ အခြားလုပ်ငန်းများလုပ်ကိုင်ရန်အခွင့်အလမ်းမရှိခြင်း | ၇ | —— | —— | —— | —— | —— |
| ၈။ အသက်မွေးဝမ်းကျောင်းပတ်သက်သောနည်းပညာများအားနည်းခြင်း | ၈ | —— | —— | —— | —— | —— |
| ၉။ စိုက်ပျိုးရေးနှင့်ပတ်သက်သောစက်ကရိယာများအားနည်းခြင်း | ၉ | —— | —— | | | |
| ၁၀။ အမျိုးသမီးများအသက်မွေးဝမ်းကျောင်းအတွက်စက်ချုပ်သင်တန်းများဖွင့်လှစ်ပေးရန် | ၁၀ | —— | —— | —— | —— | —— |
| ၁၁။ စိုက်ပျိုးရေးအတွက်မျိုးကောင်းမျိုးသန့်များရရှိရန် | ၁၁ | —— | —— | —— | —— | —— |
| ၁၂။ ပညာရေး(စာသင်ကျောင်းအသစ်ဆောက်ရာခုံများလိုအပ်) | ၁၂ | —— | —— | | | |

## ၉။ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများအကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ

ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကိုကျေးရွာလူထုကဦးဆောင်အကောင်ထည်ဖော်မည်ဖြစ်သဖြင့်လုပ်ငန်းအောင်မြင်ရေးနှင့် ရည်မှန်းချက်များသို့ ရောက်ရှိရေးမှာကျေးရွာတွင်တာဝန်ရှိပါသည်။

### (၉-၁) ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ အခန်းကဏ္ဍ

ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်တွင် ပါဝင်သောစီမံကိန်းလုပ်ငန်းများကိုအထိရောက် ဆုံးအကောင်အထည်ဖော်ရန်တာဝန်မှာ ကျွန်ုပ်တို့ကျေးရွာလူထု၏တာဝန် ဖြစ်ပါသည်။ ကျွန်ုပ်တို့ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် ပေါင်းစပ်ညှိနှိုင်းရေးနှင့် စီမံခန့်ခွဲရေးတာဝန်ကိုအဓိကယူပါမည်။ အဖွဲ့အစည်းအသီးသီး၊ ကော်မတီအသီးသီးအား တာဝန်များခွဲဝေအပ်နှင်း၍ သက်ဆိုင်ရာစီမံကိန်းများဆောင်ရွက်နိုင်ရန် ဦးဆောင်ပါမည်။ ဥပမာ-မိဘဆရာအသင်းသည်ကျေးရွာမူလတန်းကျောင်း၏ ပညာရေးအရည်အသွေးကောင်းမွန်တိုးတက်ရန် တာဝန်ယူဆောင်ရွက်စေ၍ လယ်သမားအဖွဲ့က ကျေးရွာလယ်ယာကုန်ထုတ်လမ်းအဆင့်မြှင့်ခြင်းလုပ်ငန်းကို တာဝန်ယူဆောင်ရွက်စေခြင်းဖြစ်ပါသည်။

### (၉-၂) ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်း

ကျွန်ုပ်တို့ ကျေးရွာကော်မတီအဖွဲ့များကဖွံ့ဖြိုးရေးစီမံကိန်းများအကောင် အထည်ဖော်ရာတွင် ဦးဆောင်စီမံခန့်ခွဲမှုတာဝန်ယူဆောင်ရွက်သော်လည်းအခြား သော ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့များကိုလည်း ရှာဖွေဆက်သွယ် ပူးပေါင်းရန်လိုပါမည်။ ကျွန်ုပ်တို့ ကိုယ်တိုင်မတတ်နိုင်သောအကူအညီများရယူဆောင်ရွက်ရန်ဖြစ်ပါသည်။ ဥပမာ-မိဘဆရာအသင်းသည် မူလတန်းပညာရေးသင်ကြားမှု အရည်အသွေးတိုးတက်ရေးဆောင်ရွက်ရန် မြို့နယ်ပညာရေးဌာနနှင့် ချိတ်ဆက်ညှိနှိုင်းဆောင်ရွက်ရပါမည်။ လယ်သမားအဖွဲ့အစည်းကလည်း လယ်ယာကုန်ထုတ်လုပ်ငန်းအထောက် အကူပြုလမ်းအဆင့်မြှင့်တင်ရန်**ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန**၊ မြို့နယ်ဆောက်လုပ်ရေးဌာနနှင့်ဆက်သွယ်၍ အင်ဂျင်နီယာဒီဇိုင်းပုံစံနှင့် တွက်ချက်မှုဆိုင်ရာ အကူအညီများရယူရပါမည်။

### (၉-၃) ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ

စီမံကိန်းလုပ်ငန်းများ၏ အသေးစိပ်လုပ်ငန်းအမျိုးအစားဖော်ပြချက်တွင် တင်ဒါခေါ်ယူဆောင်ရွက်ရမည့် ကိစ္စများကိုလည်းတွေ့ရပါမည်။ ဤလုပ်ငန်းအမျိုးအစားများအတွက် အောက်ပါအဖွဲ့အစည်း/ပုဂ္ဂိုလ်များ၏ ပါဝင်မှုမှာအမှန်ပင် လိုအပ်ပါမည်။

- ဆောက်လုပ်ရေး၊ ကြီးကြပ်ရေးစသည့် လုပ်ငန်းများအတွက် ကန်ထရိုက်များ
- စိုက်ပျိုးရေး၊ မွေးမြူရေးစသည့် သင်တန်းများအတွက် နည်းပညာဆိုင်ရာနှင့် စီမံခန့်ခွဲမှုဆိုင်ရာဝန်ဆောင်မှုပေးသည့်အဖွဲ့များ(နိုင်ငံတကာဖွံ့ဖြိုးမှုအဖွဲ့အစည်းများ၊ ဒေသဖွံ့ဖြိုးရေးအဖွဲ့ အစည်းများ၊ ပုဂ္ဂလိကအဖွဲ့အစည်များ၊ လူထုအဖွဲ့အစည်းများ)

ကန်ထရိုက်နှင့်ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများကစီမံကိန်းလုပ်ငန်းတွင် ဖေါ်ပြထားသော သတ်သတ်မှတ်မှတ်ကိစ္စများကိုသာ ကြီးကြပ်မှုပေးမည်ဖြစ်ပြီးလုပ်ငန်းတစ်ခုလုံး လွှမ်းခြုံကြီးကြပ်ရန် တာဝန်မှာ ကျွန်ုပ်တို့ ကျေးရွာဖွံ့ဖြိုးရေးကော်မတီကတာဝန်ပေးထားသောအဖွဲ့၏ တာဝန်သာဖြစ်ပါသည်။ အချို့ကိစ္စများတွင် ကြီးကြပ်ရေးတာဝန်မှာ မြို့နယ်သက်ဆိုင်ရာဦးစီးဌာနက တာဝန်ယူပါမည်။ ဤကိစ္စမျိုးတွင် ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် တာဝန်ပေးထားသောကော်မတီကိုဦးဆောင်၍ မြို့နယ်ဌာနဆိုင်ရာအဖွဲ့အစည်းများနှင့် နီးနီးကပ်ကပ် ပူးပေါင်းဆောင်ရွက်ပါမည်။

**၉.၄ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများလည်ပတ်ရန်နှင့် ပြုပြင်ထိန်းသိမ်းရန်အတွက် အဖွဲ့အစည်းဆိုင်ရာ အစီအစဉ်များနှင့် ငွေကြေးဆိုင်ရာအစီအမံများ**

ကျွန်ုပ်တို့ကော်မတီအနေဖြင့် လုပ်ငန်းတစ်ခုချင်းစီအတွက် ရေရှည်တည်တံ့ရေးအစီအစဉ်များ ထားရှိမည်။ ဥပမာအားဖြင့် တံတားဆောက်လုပ်ခြင်းလုပ်ငန်းတွင် အသုံးပြုသူများထံမှ အသုံးပြုခကောက်ခံခြင်း၊ စေတနာအလျောက်ထည့်ဝင်လိုသူများထံမှ အလှူငွေကောက်ခံခြင်းတို့ကို ဆောင်ရွက်မည်။ ထို့အပြင် တံတားပေါ်ဖြတ်သန်းသွားလာသယ်ယူမည့် ပစ္စည်းများ၏ပမာဏကို ကန့်သတ်ခြင်းကဲ့သို့သောစည်းကမ်းများသတ်မှတ်မည်။

ဖွံ့ဖြိုးရေးလုပ်ငန်းများရေရှည်တည်တံ့ရေးအတွက် လုပ်ငန်းအလိုက် သက်ဆိုင်ရာကော်မတီ၊ အဖွဲ့အားတာဝန်အပ်နှင်းဆောင်ရွက်မည် ဖြစ်ပါသည်။ ဥပမာအားဖြင့် တံတားပြုပြင် ထိန်းသိမ်းရေး အတွက် လမ်းကော်မတီ၊ စာသင်ကျောင်းပြုပြင်ထိန်းသိမ်းရေးအတွက် မိဘဆရာအသင်းစသည်ဖြင့် ဆောင်ရွက်ပါမည်။

**၁၀။ စီမံကိန်းအားစဉ်ဆက်မပြတ်လေ့လာဆန်းစစ်ခြင်းနှင့် အကဲဖြတ်သုံးသပ်ခြင်း**

ကျွန်ုပ်တို့၏ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် အကောင်အထည်ဖေါ်ရာတွင် တိုးတက်မှု အခြေအနေ များအား စနစ်တကျကြီးကြပ်စစ်ဆေးအကဲဖြတ်ကြပါမည်။ အစကနဦး၌ ကြီးကြပ်စစ်ဆေး အကဲဖြတ်ခြင်းလုပ်ငန်းကို ရိုးရှင်းလွယ်ကူသောနည်းလမ်းများဖြင့် ဆောင်ရွက်ပါမည်။ သို့မှသာ ရည်ရွယ်သည့်အတိုင်း ကြီးကြပ်စစ်ဆေးအကဲဖြတ်သည့် လုပ်ငန်းကိုပြီးမြောက်အောင် ဆောင်ရွက်နိုင် ပါလိမ့်မည်။

လူထုဗဟိုပြု၍ အားလုံးပူးပေါင်းပါဝင်သောကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် အကောင်အထည် ဖေါ်သောနည်းလမ်းကိုလက်ကိုင်ကျင့်သုံးသည့်အလျောက် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းများ ကိုကြီးကြပ်စစ်ဆေးသုံးသပ်ရာတွင် ကျေးရွာအတွင်းရှိအဖွဲ့အစည်းများ ၊ အိမ်ထောင်စုများ တက်ကြွစွာ အတူပူးပေါင်းဆောင်ရွက်ရန် ဆောင်ရွက်ပါမည်။ ဤသို့ဆောင်ရွက်နိုင်ရန် သင့်တော်သော အဖွဲ့အစည်းစနစ်၊ လုပ်ထုံးလုပ်ငန်းများတည်ဆောက်ပါမည်။

**(၁၀-၁) ကြီးကြပ်စစ်ဆေးခြင်း(Monitoring)**

အထူးသဖြင့် ကျွန်ုပ်တို့သည် ကျွန်ုပ်တို့ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်၏ လုပ်ငန်းပိုင်; ဆိုင်ရာတိုးတက်မှု (physical progress) နှင့် ငွေကြေးဆိုင်ရာတိုးတက်မှု(financial progress) တို့ကိုစနစ်တကျ ကြီးကြပ်စစ်ဆေးပါမည်။ ၄င်းစစ်ဆေးခြင်းကို (၃)လပတ် အစီအစဉ်ဖြင့်

ဆောင်ရွက်ပါမည်။ ကြီးကြပ်စစ်ဆေးခြင်းလုပ်ငန်းကိုကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ စီစဉ်မှုဖြင့် သက်ဆိုင်ရာစီမံကိန်းလုပ်ငန်းအလိုက် တာဝန်ယူဆောင်ရွက်နေသောအဖွဲ့အသီးသီး၊ ကော်မတီအသီးသီး တို့က မိမိတို့ တာဝန်ကျရာကဏ္ဍအလိုက် စစ်ဆေးသုံးသပ်ပါမည်။

အဖွဲ့အသီးသီး၊ကော်မတီအသီးသီးသည် မိမိတို့၏ စီမံကိန်းဆိုင်ရာ ကနဦးသတင်းအချက်အလက်များ (Baseline) ရရှိအောင် ဆောင်ရွက်ကြပါမည်။ ယင်းအခြေခံသတင်းအချက်အလက်များပေါ်မူတည်၍ တိုးတက်မှုကိုတိုင်းတာသည့် အညွှန်းကိန်း (indicator)ကိုတည်ဆောက်ရ ပါမည်။ (၃)လပတ်ကုန်ဆုံးချိန်တိုင်းတွင် ကော်မတီနှင့် အဖွဲ့အသီးသီးသည် ၎င်းတို့၏ ကြီးကြပ်စစ်ဆေးတွေ့ရှိမှု အစီရင်ခံစာ(monitoring report)ကိုရွာလူထုအစည်းအဝေး၌ အစီရင်ခံတင်ပြပါမည်။ ဆက်လက်ညှိနှိုင်းဆောင်ရွက်ရမည့် ကိစ္စများကိုကျေးရွာဖွံ့ဖြိုးမှုကော်မတီမှ ဦးဆောင်ပါမည်။ (၃)လပတ် ကြီးကြပ်စစ်ဆေးမှုအစီရင်ခံစာသည် အောက်ပါအချက်များအပေါ် ဦးတည်ပါမည်။

(က) လုပ်ငန်းပိုင်းဆိုင်ရာတိုးတက်မှု( Physical progress)

- စီမံကိန်းလုပ်ငန်းများလုပ်ငန်းပိုင်းတိုးတက်မှုနှင့် ပြီးမြောက်မှုအတိုင်းအတာ
- အကောင်အထည်ဖော်ရာတွင် ကြုံတွေ့ရသောအခက်အခဲအဟန့်အတားများနှင့် ပြုပြင်သင့်သောအဆိုပြုချက်များ၊
- ပြုပြင်ပြောင်းလဲဆောင်ရွက်ရန် လိုအပ်သောဖွံ့ဖြိုးရေးဗျူဟာနှင့်စီမံကိန်းများ၊

(ခ) ငွေကြေးဆိုင်ရာတိုးတက်မှု(Financial progress)

- ငွေသားနှင့်ငွေသားမဟုတ်သောအရင်းအနှီးလိုအပ်ချက်များစုစည်းပြီးစီးမှု (မူလလျာထားချက်နှင့်နှိုင်းယှဉ်၍)၊
- (၃)လပတ်ကုန်တွင်ရှိသောငွေသားနှင့် အခြားပစ္စည်းလက်ကျန်၊
- ငွေသားနှင့် ငွေသားမဟုတ်သောအရင်းအမြစ်များစုဆောင်းရာတွင် ကြုံတွေ့နေရသောအခက်အခဲများ၊ပြဿနာများ၊
- ငွေကြေးစုဆောင်းပြင်ဆင်မှုတိုးတက်ရန် အဆိုပြုနည်းလမ်းများ၊

ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် (၃)လပတ်ကြီးကြပ်စစ်ဆေးမှုအစီရင်ခံစာ အနှစ်ချုပ်ကိုပြုစုပြင်ဆင်ပြီး သက်ဆိုင်ရာကျေးရွာအုပ်စုဥက္ကဋ္ဌနှင့် သက်ဆိုင်ရာမြို့နယ်ဦးစီးဌာနများသို့ အစီရင်ခံပေးပို့ပါမည်။ အစီရင်ခံစာသည် စာမျက်နှာ ၂ မျက်နှာ ၊ ၃ မျက်နှာခန့်ပါဝင်၍ အောက်ပါအချက်များကိုအဓိကထားဖော်ပြပါမည်။ ၎င်းအစီရင်ခံစာတွင် အခက်အခဲနှင့် ရင်ဆိုင်ကျော်လွှားမ ယင်းအခြေခံသတင်းအချက်အလက်များပေါ်မူတည်၍ တိုးတက်မှုကိုတိုင်းတာသည့် အညွှန်းကိန်း (indicator)ကိုတည်ဆောက်ရ ပါမည်။

ကျေးရွာသူ/သားများ ပြုပြင်ပြောင်းလဲဆောင်ရွက်မည့်အစီအစဉ်များ၊ လိုအပ်သောအကူအညီ အထောက်အပံ့များ စသည်တို့ ပါဝင်ပါမည်။

**(၁၁ ) နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အကဲဖြတ်ပွဲ**

စီမံကိန်းကာလနှစ်တစ်နှစ်ကုန်ဆုံးချိန်တွင် စီမံကိန်း၏ တိုးတက်မှုအခြေအနေကို ဘက်စုံရှုထောင့်မှ ပြန်လည်သုံးသပ် အကဲဖြတ်ကြပါမည်။ ဤနှစ်ပတ်လည် သုံးသပ်တွေ့ဆုံပွဲ၏ ရည်ရွယ်ချက်မှာ ကျွန်ုပ်တို့ ဆောင်ရွက်သောကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ၏ တိုးတက်မှုအခြေအနေများကို အောက်ပါ အဖွဲ့အစည်း/ ပုဂ္ဂိုလ်များအား ကျွန်ုပ်တို့ကျေးရွာက ဖိတ်ကြားအသိပေးတင်ပြနိုင်သော အခွင့်အလမ်းဖန်တီးနိုင်ရန် ဖြစ်ပါသည်။ ဖိတ်ကြားမည့်အဖွဲ့အစည်းများမှာ-

- ကျေးရွာအုပ်စုအုပ်ချုပ်ရေးအဖွဲ့၊ မြို့နယ်အုပ်ချုပ်ရေးနှင့်အခြားသက်ဆိုင်ရာ အဖွဲ့အစည်းများ (ငွေကြေးထည့်ဝင်သူများ၊ပုဂ္ဂလိကလုပ်ငန်းရှင်များ)၊ သတင်းမီဒီယာများ၊ ဖွံ့ဖြိုးရေးအဖွဲ့အစည်းများ စသည်တို့ဖြစ်ပါသည်။

နှစ်ပတ်လည်သုံးသပ်ပွဲမှ ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်းများနှင့် အခြားပါဝင်သက်ဆိုင်သူများထံမှ အကြံပြုချက်၊ သုံးသပ်ချက်များရယူနိုင်သောအခွင့်အလမ်းကိုလည်းရရှိပါမည်။ ဤအကြံပြုချက်များဖြင့် ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးအစီအစဉ်ကိုပြန်လည်ပြုပြင် ဆောင်ရွက်နိုင်မည် ဖြစ်ပါသည်။

## ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုဇယားများ

## (၁) ကျေးရွာလူမှုစီးပွားရေး အခြေအနေ

## (၁.၁) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ

ဇယား ( ၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

| **အသက်အုပ်စု** | | **ကျား** | **မ** | **စုစုပေါင်း** | **စုစုပေါင်း၏%** |
|---|---|---|---|---|---|
| ၁ နှစ်အောက် | နို့စို့အရွယ် | ၁၃ | ၁၀ | ၂၃ | ၂.၄၀၆% |
| ၁ နှစ်မှ ၅နှစ်အောက် | ၅နှစ်အောက်ကလေးငယ် | ၄၂ | ၃၁ | ၇၃ | ၇.၆၃၆% |
| ၅ နှစ်မှ ၉နှစ်အထိ | မူလတန်းကျောင်းသားအရွယ် | ၅၂ | ၅၀ | ၁၀၂ | ၁၀.၆၇% |
| ၉ နှစ်အထက်မှ ၁၄နှစ် အထိ | အလယ်တန်းကျောင်းသား အရွယ် | ၅၃ | ၆၉ | ၁၂၂ | ၁၂.၇၆၁% |
| ၁၄ နှစ်အထက်မှ ၆၀နှစ် အထိ | အလုပ်လုပ်နိုင်သည့်အရွယ် | ၂၈၀ | ၃၀၁ | ၅၈၁ | ၅၀.၇၇၄% |
| ၆၀ နှစ်နှင့် အထက် | သက်ကြီးရွယ်ကြီး | ၂၀ | ၃၅ | ၅၅ | ၁.၇၅၃% |
| **စုစုပေါင်း လူဦးရေ-** | | **၄၆၀** | **၄၉၅** | **၉၅၅** | **၁၀၀%** |
| **စုစုပေါင်း အိမ်ထောင်စု - ၂၀၇** | | **တစ်အိမ်ထောင်ရှိ ပျမ်းမျှဦးရေ - ၅ ဦး** | | | |

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာတွင် လူဦးရေပေါင်း ၉၅၆ ဦးရှိပါသည်။လူလတ်ပိုင်းများနှင့် လူငယ်ပိုင်းများ အများဆုံးဖြစ်ပြီးလူအိုပိုင်းနှင့်နို့စို့အရွယ်ကလေးတို့မှာ ရွာ၏ သုံးပုံတစ်ပုံများလောက်ပင် မရှိပါကြောင်းတွေ့ရှိရပါသည်။ကျေးရွာလူမှုစီးပွားရေးအခြေအနေမှာ အကောင်းနှင့်အဆိုး တစ်ဝက်စီ ရှိနေပါသည်။အမျိုးသားလူဦးရေမှာ ၄၆၀ရှိပြီး အမျိုးသမီးလူဦးရေမှာ ၄၉၆ရှိပါသည်။တစ်နှစ်အောက် ကလေးငယ်များမှာ ကျား ၁၃နှင့် မ ၁၀ ဦးရှိပြီးတစ်နှစ်မှငါးနှစ်ထိကလေးများမှာ ကျား ၄၂ နှင့် မ ၃၁ ရှိကြောင်းတွေ့ရပြီး ငါးနှစ်မှကိုးနှစ်အထိ မူလတန်း ကျောင်းသားအရွယ်မှာကျား ၅၂နှင့်မ ၅၀ ရှိပြီး ကိုးနှစ်အထက်မှတစ်ဆယ့်ငါးအထိ အလယ်တန်းကျောင်းသားအရွယ်မှာ ကျား ၅၃နှင့်မ ၆၉ ရှိကြောင်း တွေ့ရှိရပါသည်။၁၅နှစ်အထက်မှခြောက်ဆယ်နှစ်အထိ အလုပ်လုပ်နိုင်သည့်အရွယ်မှာ ကျား ၂၈၀နှင့် မ ၃၀၁ ရှိပြီး ခြောက်ဆယ်နှစ်အထက်သက်ကြီးရွယ်အိုများမှာ ကျား ၂၀နှင့်မ ၃၅ ရှိပါကြောင်း တွေ့ရှိရပါသည်။ကျေးရွာ၏ စုစုပေါင်း အိမ်ထောင်စုမှာ ၂၀၇ အိမ်ထောင်စုရှိပြီး တစ်အိမ်ထောင်ရှိ ပျမ်းမျှဦးရေမှာ နိုင်ငံတော်၏ စံနှုန်း ၅ ဦးရှိပါကြောင်းတွေ့ရပြီး ကျေးရွာတွင်အုပ်ချုပ်ရေးမှူးရုံးမရှိပါကြောင်းတွေ့ရှိရပါသည်။

## (၁.၂)   အလုပ်လုပ်နိုင်သူ အင်အား

## (၁.၂.၁) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

ဇယား (၂) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | တွဲဖက် လုပ်ကိုင်သူဦးရေ | မှတ်ချက် |
|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | % | မိသားစု ဝင်လုပ်အား | | |
| ၁ | **စိုက်ပျိုးရေး (သီးနှံ ထုတ်လုပ်ရေး)** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၁၂၂ | | ၆၃ | ၁၉၄ | ဝင်ငွေရအလုပ်ရှားပါး |
| | အလုပ်သမား၊ ကျပန်း၊ အငှားရာသီအလိုက် အလုပ်သမား | ၁၉ | | ၄၆ | ၅၆ | အလုပ်ရှားပါးသောကြောင့်တစ်နယ်ဆီသို့ သွားရောက်လုပ်ရခြင်း |
| ၂ | **တိရစ္ဆာန် မွေးမြူရေး** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | | | | | |
| ၃ | **ငါးဖမ်း လုပ်ငန်း** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | | | | | |
| ၄ | **သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | | | | | |
| ၅ | **ထုတ်ကုန်လုပ်ငန်း** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၄ | | ၃ | ၆ | ကိုယ်ပိုင်လုပ်ငန်းလုပ်လိုသူရှိ |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | | | | | |
| ၆ | **လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | | | | | |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | တွဲဖက် လုပ်ကိုင် သူဦးရေ | မှတ်ချက် |
|---|---|---|---|---|---|---|
| | | အိမ် ထောင်စု | % | မိသားစု ဝင်လုပ် အား | | |
| ၇ | **ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | | | | | |
| ၈ | **ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံး ပစ္စည်းများ ပြင်ဆင်ရေး** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | | | | | |
| ၉ | **ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | | | | | |
| ၁၀ | **လက်လီ-လက်ကား ရောင်းဝယ်ရေး** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၂၆ | | | | ရင်းနှီးငွေလိုအပ်ချက် ရှိ |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | | | | | |
| ၁၁ | **ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | | | | | |
| ၁၂ | **ပို့ဆောင်ရေး၊ သိုလှောင်ရေး နှင့် ဆက်သွယ်ရေး** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | | | | | |
| ၁၃ | **ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း)** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | | | | | |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | တွဲဖက် လုပ်ကိုင် သူဦးရေ | မှတ်ချက် |
|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | % | မိသားစု ဝင်လုပ်အား | | |
| ၁၄ | **အိမ်ခြံမြေ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | | | | | |
| ၁၅ | **ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ ( အုပ်ချုပ်ရေး၊ ကာကွယ်ရေးနှင့် ဘေးကင်းလုံခြုံရေး)** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | | | | | |
| ၁၆ | **ပညာရေး** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | | | | | |
| ၁၇ | **ကျန်းမာရေး** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၁ | | | | |
| | အလုပ်သမား၊ ကျပန်း၊ အငှား ရာသီအလိုက် အလုပ်သမား | | | | | |
| ၁၈ | **လူမှုရေး လုပ်ငန်းများ** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | | | | | |
| ၁၉ | **အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၃၅ | | ၃၀ | ၆၃ | စက်မှု၊လက်မှုလုပ်ငန်း ငှားရမ်းသူနည်းပါး ခြင်း |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | | | | | |
| ၂၀ | **ပြင်ပအဖွဲ့အစည်းများနှင့် ကုမ္ပဏီများတွင် လုပ်ကိုင်သူများ (ဥပမာ - UN, INGOs, Companies, etc.,)** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | | | | | |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | တွဲဖက် လုပ်ကိုင်သူဦးရေ | မှတ်ချက် |
|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | % | မိသားစုဝင်လုပ်အား | | |
| | စုစုပေါင်း | ၂၀၇ | | | | |

ရင်းမြစ်… (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

**လေ့လာတွေ့ရှိချက်။ ။** ကျေးရွာတွင် တောင်သူလယ်သမားများသည် အများဆုံးဖြစ်ပါသည်။ကျပန်းနှင့်ဈေးရောင်းမှာ မရှိသလောက်နည်းပါးကြောင်းတွေ့ရပါသည်။ကျေးရွာတွင် ဝန်ထမ်းဦးရေမှာလည်းနည်းပါးနေပါသေးသည်။မြို့နှင့်ဝေးသောဒေသဖြစ်၍ အခြား စားသောက်ကုန်လုပ်ငန်းများမရှိပါ။အခြားလက်မှုလုပ်ငန်းဖြစ်သော ပန်းရံ၊ပန်းပု ပညာများတတ်သူရှိသော်လည်း နည်းပညာများ လိုအပ်နေသေးကြောင်းတွေ့ရှိရပါသည်။ထို့ကြောင့်ထိုလုပ်ငန်းဖြင့်အသက်မွေးဝမ်းကြောင်းလုပ်ကိုင်သူနည်းပါးကြောင်းလည်း တွေ့ရသည်။ကျေးရွာတွင် ကုန်ထုတ်လုပ်မှုလုပ်ငန်းများမရှိသေးပေ။ကုန်ထုတ်လုပ်ငန်းနည်းပညာများလိုအပ်လျက်ရှိသည်။ကျေးရွာတွင်းလမ်းများမကောင်းသေးခြေ။မြေသားလမ်းသာ ဖြစ်နေပြီး မိုးများသောရာသီတွင် လမ်းများ ပျက်စီးလျက်ရှိသည်။ကျေးရွာသည် ပြည်ထောင်စုလမ်းမကြီးအရှေ့ဘက်ဘေးတွင်တည်ရှိပြီး နမ္မားသို့ ကျေးရွာချင်းဆက်လမ်းများရှိပြီး ဤလမ်းမှာ ၂၀၁၅ ခုနှစ် နှစ်ဆန်းပိုင်းတွင်ဖောက်လုပ်ခဲ့ပြီး ကျောက်ခင်းလမ်းသာ ဖြစ်နေ၍ ၎င်းမှာ လမ်းတံတားများမကောင်း၍လည်းကောင်းသွားလာရေးမှာ အခက်အခဲများရှိနေကြောင်း၊ကျေးရွာ၏ ကုန်သွယ်မှုမှာ ကုန်းလမ်းသာရှိပါသည်။

### (၁.၂.၂) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

ဇယား (၃) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

| # | အလုပ်အကိုင် | ရေတွက်ပုံ | အများဆုံး (ကျပ်) | | အနည်းဆုံး (ကျပ်) | | မှတ်ချက် |
|---|---|---|---|---|---|---|---|
| | | | ကျား | မ | ကျား | မ | |
| ၁ | လယ်ယာလုပ်ငန်း | နေ့စား | ၁၀၀၀၀ | ၆၀၀၀ | ၅၀၀၀ | ၂၀၀၀ | တစ်ရက်ဝင်ငွေ |
| ၂ | တိရစ္ဆာန်မွေးမြူရေး | နေ့စား | | | | | |
| ၃ | ငါးလုပ်ငန်း - ရေချို/ရေငန် ငါးဖမ်းခြင်း၊ ငါးပိ၊ ငါးခြောက်လုပ်ငန်း | နေ့စား | | | | | |
| ၄ | သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း | နေ့စား | ၅၀၀၀ | ၃၀၀၀ | ၃၀၀၀ | ၁၀၀၀ | တစ်ရက်ဝင်ငွေ |
| ၅ | ထုတ်ကုန်လုပ်ငန်း | နေ့စား | | | | | |
| ၆ | ဆောက်လုပ်ရေး၊ လက်သ | နေ့စား | ၅၀၀၀ | ၃၀၀၀ | ၃၀၀၀ | ၁၅၀၀ | တစ်ရက်ဝင်ငွေ |

| # | အလုပ်အကိုင် | ရေတွက်ပုံ | အများဆုံး (ကျပ်) | | အနည်းဆုံး (ကျပ်) | | မှတ်ချက် |
|---|---|---|---|---|---|---|---|
| | | | ကျား | မ | ကျား | မ | |
| | မား၊ ပန်းရံလုပ်ငန်း | | | | | | |
| ၇ | ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံး ပစ္စည်းများ ပြင်ဆင်ရေး | နေ့စား | ၁၀၀၀၀ | | ၃၀၀၀ | | တစ်ရက်ဝင်ငွေ |
| ၈ | လက်လီ-လက်ကား ရောင်းဝယ်ရေး | နေ့စား | ၅၀၀၀ | ၄၀၀၀ | ၃၀၀၀ | ၂၀၀၀ | တစ်ရက်ဝင်ငွေ |
| ၉ | ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်) | နေ့စား | | | | | |
| ၁၀ | ဟိုတယ်နှင့် စားသောက်ဆိုင်လုပ်ငန်း | နေ့စား | | | | | |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ လယ်သမား အုပ်စု။

**မှတ်ချက်**

(၁) လခစား အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (လစာ ÷ ၂၂.၇၅)

(၂) နာရီတွက်ဖြင့် ရသော အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (တစ်နာရီဝင်ငွေ × ၈)

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာ၏ အဓိကစီးပွားရေးမှာ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းဖြစ်သောကြောင့်နေ့စားလုပ်ငန်းမှာ စပါးရိတ်နှင့်ကောက်စိုက်လုပ်ငန်းဖြစ်သည်။ထိုလုပ်ငန်း၏ အငှားနေ့စားဝင်ငွေ မနည်းသော်လည်း များလှသည်မဟုတ်ပါ။သတ္တု တူးဖော်ရေးနှင့်ကျောက်ရွှေတူးဖော်ရေးတို့သည်ကတရားနှင့်ဆိုင်သောလုပ်ငန်းဖြစ်၍ သွားတိုင်းလည်းမရကြပါ။

### (၁.၃) သဘာဝ ရင်းမြစ်များ

### (၁.၃.၁) စိုက်ပျိုးနိုင်သော မြေဧရိယာ

ဇယား (၄) ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု

| မြေအမျိုးအစား | ဧရိယာ (ဧက) | မြေဆီလွှာ အရည်အသွေး ကောင်း/သင့်/ညံ့ | ဆည်ရေရရှိမှု (ရ/မရ/အနည်းအကျဉ်း) | ရေရင်းမြစ် (ရေရရှိသည့်နေရာ/ရေပေးနိုင်သည့်ဧက) |
|---|---|---|---|---|
| လယ်မြေ | ၆၅၉.၇၅ | သင့် | မရ | မိုးရေလှောင်ကန်ဖြင့်ရသည်။ |
| ယာမြေ /တောင်ယာ | ၉.၂၅ | သင့် | မရ | ဆည်မြောင်း၊မိုးရေဖြင့်ရ |
| ဥယျာဉ်ခြံမြေ | | | | |
| အိမ်ခြံဝင်း စိုက်ခင်း | ၂.၂၀ | သင့် | မရ | တွင်းရေ |

| မြေအမျိုးအစား | ဧရိယာ (ဧက) | မြေဆီလွှာ အရည်အသွေး ကောင်း/သင့်/ညံ့ | ဆည်ရေရရှိမှု (ရ/မရ/အနည်းအကျဉ်း) | ရေရင်းမြစ် (ရေရရှိသည့်နေရာ/ရေပေးနိုင်သည့်ဧက) |
|---|---|---|---|---|
| နှစ်ရှည်သီးနှံစိုက်ခင်း | ၅ | သင့် | မရ | မိုးရေ |
| ရွှေ့ပြောင်းတောင်ယာမြေ | | | | |
| ကိုင်း/ကျွန်းမြေ | | | | |
| စားကျက်မြေ | ၃၅ | သင့် | | မိုးရေ |
| ပလပ်မြေ | | | | |
| အခြား | | | | |
| **စုစုပေါင်း** | **၇၁၁.၂** | | | |

ရင်းမြစ် …(၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမားအုပ်စု။

**မှတ်ချက်**။ ။ရေရှိသည့် နေရာအမျိုးအစား-ဆည်၊ မြစ်ရေတင်၊ စိမ့်စမ်းရေသွယ်၊ မြေအောက်ရေ

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာလူများသည် အများအားဖြင့် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းကိုသာ လုပ်ကိုင်ကြပါသည်။ယာမြေတွင် ပဲအမျိုးမျိုးနှင့် မုန့်ညှင်း၊မုန်လာ၊ရေတ်၊ခရမ်းချဉ် စသည့် အသီးအရွက်များကို စီးပွားဖြစ်စိုက်ပျိုးကြပါသည်။အချို့မှာ တောင်ယာခုတ်၍ ထိုတောင်ယာ၌ ဒင်ညင်းနှင့်အခြား နှစ်ရှည်ခံ သီးနှံများကိုလည်း စိုက်ပျိုးကြကြောင်း တွေ့ရှိရပါသည်။ကျေးရွာတွင် မိုးရာသီမှသာ ရေရရှိ၍ ကျန်ရာသီများမှာ ရေရှိမှုနည်းပါသည်။အဓိကမှာ မိုးစပါးများကို အဓိက အလေးထားစိုက်ပျိုးကြသည်။စပါးစိုက်ပျိုးချိန်တွင် ပျိုး ထောင်ရန် ရေများ အခက်အခဲရှိကြောင်း ၎င်းမှာ ချောင်းမြောင်းများတိမ်ကောလာမှုကြောင့်ဖြစ်သည်။

## (၁.၃.၂) ခာတ်သတ္တုနှင့်အခြားသဘာဝ ရင်းမြစ်များ

ဇယား (၅) ခာတ်သတ္တုနှင့် အခြားသဘာဝ ရင်းမြစ်များ

| အမျိုးအစား | ရရှိနိုင်မှု (များ/သင့်/နည်း/မရှိ) | လက်လှမ်းမီနိုင်မှု (လွယ်/ခက်/ လက်လှမ်းမမီ) |
|---|---|---|
| ကာဗွန် (ခာတ်ငွေ့/ရေနံ) | မရှိ | လက်လှမ်းမမီ |
| အခြား ရင်းမြစ်များ | မရှိ | |
| **အခြားသဘာဝရင်းမြစ်** ကျောက်၊ရွှံ့သဲများရှိကြောင်း ၎င်းကို တနိုင်တပိုင်လုပ်ငန်းများလုပ်ကိုင်ကြသည်။ | | |
| သဘာဝတိရစ္ဆာန်မျိုးစိတ်များ | သင့် | လက်လှမ်းမမီ |
| သဘာဝအပင်မျိုးစိတ်များ (နွားစာ၊ ဆေးဘက်ဝင်အပင်များ) | သင့် | လက်လှမ်းမမီ |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာတွင် ကြက်၊ဝက်၊ဘဲ၊ကြောင်၊ခွေး၊နွား၊ကျွဲ စသည့် သဘာဝ တိရစ္ဆာန်များမှလွဲ၍ အခြား တိရစ္ဆာန်မျိုးစိတ်များမှာ မရှိသလောက်ရှားပါးကြောင်းတွေ့ရှိရပါသည်။သဘာဝအပင်မျိုးစိတ်များအဖြစ် ပိတောက်ပင်၊ကုက္ကိုပင်၊အင်ကြင်းပင်၊ကျွန်းပင်၊စကားဝါပန်းပင်နှင့်ကံ့ကော်ပင်

စသည့် အပင်ကြီးများ ၊ပန်းအမျိုးမျိုးနှင့်အခြားဆေးဖက်ဝင် အပင်အချို့တို့ရှိကြောင်းတွေ့ရှိရပါသည်။ နွားစာမြက်နှင့်အခြားမြက်ရိုင်းကြီးများသည်လည်း ရွာတွင်ပေါများကြောင်း တွေ့ရှိရပါသည်။ထိုမြက်များမှာ မိုးရာသီတွင်သာပေါများပြီး နွေရာသီနှင့်ဆောင်းရာသီတို့တွင်အနည်းငယ်သာ ပေါက်ရောက်ကြောင်းကိုလည်း လေ့လာတွေ့ရှိရပါသည်။

## (၁.၄) ဥစ္စာဓနအဆင့်အခြေအနေ

ဇယား (၆) ဥစ္စာဓနအဆင့် အခြေအနေ

| အကြောင်း အရာ | သတ်မှတ်စံနှုန်း | | | |
|---|---|---|---|---|
| | အဆင်ပြေသော အိမ်ထောင်စု | အလယ်အလတ်ရှိ သောအိမ်ထောင်စု | ဆင်းရဲသော အိမ်ထောင်စု | အလွန်ဆင်းရဲသော အိမ်ထောင်စု |
| မြေယာပိုင်ဆိုင်မှု | ၁၅ ဧက | ၈ ဧက | ၄ ဧက | မြေယာမဲ့ |
| အိမ်အခြေအနေ | နှစ်ထပ်အိမ် | ပျဉ်ထောင်အိမ် | သွပ်၊ကြမ်းခင်း | မြေကပ်၊ထရံကာ |
| လုပ်ငန်းသုံးကိရိယာ ပိုင်ဆိုင်မှု | လက်တွန်း ထွန်စက်၊ကား | လက်တွန်း ထွန်စက်၊နွား | နွားလှည်း | မရှိ |
| ကုန်ထုတ်လုပ်မှုနှင့် မဆိုင်သော ပိုင်ဆိုင်မှု | | | | |
| အဓိကစီးပွားရေး လုပ်ငန်း | | | | |
| အခြားပိုင်ဆိုင်မှု | | | | |
| အိမ်ထောင်စု - | ၄၉(၂၄%) | ၅၄(၂၆%) | ၁၀၀(၄၈%) | ၄(၂%) |

ရင်းမြစ် … (၁) ကျေးရွာလုံးကျွတ် အစည်းအဝေးပြုလုပ်ခြင်း။

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာ၏ စီးပွားရေးအခြေအနေမှာ အသင့်အတင့်ကောင်းမွန်ပြီး အလွန်ဆင်းရဲသောအိမ်ခြေများသည်လည်း ရှိနေပါသေးသည်။အများစုမှာ လယ်ယာမြေပိုင်ဆိုင်သူများဖြစ်ကြပြီး မြေယာမဲ့သူများလည်းရှိပါသည်။ကျေးရွာ၏ အဆင့်အခြေအနေမှာ အဆိုးကြီးမဟုတ်သော်လည်းအကောင်းလည်းမဟုတ်ကြောင်းကိုလေ့လာတွေ့ရှိရပါသည်။ကျေးရွာ၏ ထက်ဝက်ကျော်မှာ ဆင်းရဲသူများဖြစ်ကြောင်း လေ့လာတွေ့ရှိရပါသည်။ကျေးရွာ၏ စီးပွားရေးဖွံ့ဖြိုးစေရေးအတွက် စိုက်ပျိုးရေး နည်းပညာနှင့်မြေဩဇာသုံးစွဲနည်းများကို လာရောက် ဟောပြော ပေးရန် အထူးလိုနေပါသည်။ကျေးရွာ၏ အရှေ့ဘက်ခြမ်းတွင်၂၀၁၆ ခုနှစ် စပါးရာသီတွင် လယ်များပိုကျခြင်းကိုတောင်သူအများစုက ခံစားကြရသည်။ဆေးများဝယ်ယူသုံးစွဲသော်လည်း ထိရောက်မှုမရှိခြင်းကြောင့် တောင်သူအများစုမှာ အခက်အခဲများတွေ့ကြရသည်။

## (၁.၅) ထိခိုက်လွယ်မှု

### (၁.၅.၁) ဝမ်းစာဖူလုံမှု

ဇယား (၇) ချေးငှားခြင်းမရှိဘဲ တစ်နေ့လျှင် အနည်းဆုံး နှစ်နပ်စားနိုင်သည့် အိမ်ထောင်စုများ (ဥစ္စာဓနအဆင့် “၃” နှင့် “၄” အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်း)

| အချိန်ကာလ | အိမ်ထောင်စု အရေအတွက် | အိမ်ထောင်စု % | ဖြေရှင်းသည့်နည်းဗျူဟာ |
|---|---|---|---|
| ၃ လအောက် | ၁၈ | ၆၂.၀၆% | ချေးယူစားသောက် |
| ၃ လနှင့် ၅ လ အထိ | ၁၀ | ၃၄.၅% | ချေးယူစားသောက် |
| ၆လ မှ ၁၂ လ အထိ | ၁ | ၃.၄၅% | ချေးယူစားသောက် |

ရင်းမြစ် .. ဥစ္စာခနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းအားစစ်တမ်းကောက်ယူခြင်း။

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာအတွင်းရှိ ဝမ်းစာဖူလုံမှုမရှိသောသူများသည် ဆွေမျိုးမိတ်ဆွေနှင့်ပုဂ္ဂလိက ငွေချေးလုပ်ငန်းများလုပ်ကိုင်သောသူများထံ၌ ချေးယူ၍ ဝမ်းစာကိုဖြေရှင်းကြပါသည်။ပြန်ချေးလိုက်ပြန်ဆပ်လိုက်ဖြင့် ကြွေးဟောင်းကြေကာ ကြွေးသစ်ယူလိုက် နှင့်သံသရာလည်နေကြောင်းကို တွေ့ရှိရပါသည်။ကျပန်း အလုပ်အကိုင်များကိုလုပ်ကိုင်ရင်း ကြွေးတင်ရှိမှု လည်ပတ်နိုင်ရန် ကြွေးဟောင်းများကို ကြွေးသစ်များဖြင့် လှည့်ယူပေးချေလုံးရှာလှည့်နေကြသည်။၎င်းများအား ဖြေရှင်းပေးနိုင်ရန် အတိုးနှုန်းနည်း ချေးငွေများချပေးခြင်း၊ သမအသင်းများလာရောက်ခြင်း၊ပုဂ္ဂလိက ချေးဘဏ်များထားရှိခြင်း၊အတိုးနည်းအသင်းအဖွဲ့များရှိခြင်း၊နိုင်ငံတော် ငွေကြေးသုံးစွဲကွာဟမှုစစ်တမ်းဝင်ခြင်းများ ဆောင်ရွက်ပေးရန်လိုပါကြောင်းတင်ပြပါသည်။

ဇယား (၈) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သော အုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ

| အကြောင်းအရာ | ကျား | မ | ပေါင်း |
|---|---|---|---|
| မိသားစုစောင့်ရှောက်မှုမရှိသောသက်ကြီးရွယ်အို ၆၀ နှစ်နှင့်အထက် | ၁ | ၄ | ၅ |
| မိသားစု/ရပ်ရွာ၏စောင့်ရှောက်မှုမရှိသော မသန်စွမ်းသည့် ပုဂ္ဂိုလ် | ၂ | - | ၂ |
| | အိမ်ထောင်စု အရေအတွက် | | |
| ဆင်းရဲ၍မိသားစုဦးရေများသည့်အမျိုးသမီးဦးဆောင် အိမ်ထောင်စု | ၃ | | |
| ဆင်းရဲ၍မိသားစုဦးရေများသည့် မုဆိုးဖို/ တစ်ခုလပ်အိမ်ထောင်စု | ၂ | | |
| အခြားဒေသသို့ကြာမြင့်စွာသွားရောက် နေထိုင်လုပ်ကိုင်နေသည့် ဆင်းရဲသည့် အိမ်ထောင်စု | ၄ | | |

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

**လေ့လာတွေ့ရှိချက်။။** ကျေးရွာတွင် ဆင်းရဲသားပြည်သူများအချို့တွင် သား၊သမီးမြေးမြစ်များရှိသော်လည်း အချို့မှာ တူညီစောင့်ရှောက်မည့်သူများမရှိပါ။အမျိုးသမီးဦးဆောင်သည့် အိမ်များနှင့်ဆင်းရဲ၍ မုဆိုးဖို/မ တစ်ခုလပ်အိမ်ထောင်စုများလည်းရှိကြောင်း တွေ့ရှိရပါသည်။၎င်းအိမ်ထောင်စုမှာ အလွန်ဆင်းရဲပြီး နေ့ဖို့ညစာ ရှာစားနေရသော အိမ်ထောင်စုများဖြစ်ကြသည်။ကျပန်းလုပ်ငန်းများဖြင့် အသက်မွေးဝမ်းကျောင်း ပြုနေကြပြီး အလုပ်ရှားပါးမှု ရှိသောအခါတွင် ကြွေးတင်မှုများရှိကြောင်း တွေ့ရပါသည်။အခြားဒေသတို့ကြာမြင့်စွာသွားရောက် နေထိုင်လုပ်ကိုင်နေသည့်သူများရှိကြောင်း မိသားစုမှ ပြောသည်။ငွေလည်းမရောက်လူလည်းမရောက်ရှိခဲ့ပါဟု၎င်းကပြောသည်။

**(၁.၅.၃) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ**

ဇယား (၉) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

| စဉ် | ထိခိုက်လွယ်မှုအမျိုးအစား | ထိခိုက်လွယ်မှု (နိမ့်/လတ်/မြင့်) | မှတ်ချက် |
|---|---|---|---|
| ၁ | စားနပ်ရိက္ခာမဖူလုံမှု | လတ် | ဆင်းရဲသာပြည်သူများ |
| ၂ | သဘာဝရင်းမြစ် ရှားပါးမှု(မြေ၊စိုက်ပျိုးရေ) | လတ် | လိုအပ်ချိန်မှာ စိုက်ပျိုးရေလုံလောက်မှုမရှိ |
| ၃ | ရေကြီးခြင်း | နိမ့် | မြေကြီး၊ချောင်းကြီးများနှင့်ဝေး |
| ၄ | မိုးခေါင်ခြင်း | လတ် | တစ်ခါတစ်ရံဖြစ်တတ် |
| ၅ | အအေးလွန်ကဲခြင်း | နိမ့် | တစ်ခါတစ်ရံဖြစ်တတ် |
| ၆ | မုန်တိုင်း | နိမ့် | တစ်ခါတစ်ရံအသေးစားမုန်တိုင်းဖြစ် |
| ၇ | လျှော် | နိမ့် | တစ်ခါတစ်ရံဖြစ်တတ်(အသေးစား) |
| ၈ | မီးဘေး | နိမ့် | မရှိ |
| ၉ | ဆားငန်ရေဝင်မြေ | နိမ့် | မရှိ |
| ၁၀ | မြေပြိုခြင်း၊ မြေဆီလွှာပျက်ယွင်းမှု | လတ် | သစ်တောများပြုန်းတီးမှုများလာသော ကြောင့် |
| ၁၁ | သစ်တောပြုန်းတီးခြင်း | မြင့် | သစ်ခုတ်သူများအတားအဆီးမဲ့ |
| ၁၂ | ငှက်ဖျားရောဂါ | လတ် | မိုးရာသီအတွင်း ငှက်ဖျားကာကွယ်MCC ရှိ |
| ၁၃ | တီဘီရောဂါ | လတ် | အသက်ကြီးပိုင်း၊လူငယ်လူလတ် |
| ၁၄ | ကိုယ်ခံအားကျဆင်းမှုရောဂါ | နိမ့် | အာဟာရချို့တဲ့သူများရှိ |
| ၁၅ | ပြည်တွင်း ပဋိပက္ခ | နိမ့် | မရှိ |
| ၁၆ | တိရစ္ဆာန် ကူးစက်ရောဂါ ကျရောက်မှု | လတ် | နွား၊ဝက် တစ်ခါတစ်ရံဖြစ်၊နွားခွာနာ၊ ဝက်နားရွက်ပြာ၊ကြက်တုပ်ကွေး |
| ၁၇ | လူကုန်ကူးခြင်း | နိမ့် | မရှိ |
| ၁၈ | ဝေးလံခေါင်သီ/လမ်းပန်း ဆက်သွယ်ရေးခက်ခဲ စသည် | နိမ့် | မရှိ |
| ၁၉ | အခြား | | |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာ၏ သစ်တောမှာ တစ်နှစ်ထက်တစ်နှေ့ ပြုန်းတီးလာကြောင်း တွေ့ရပါသည်။ထင်းခုတ်သူများ၊သစ်ထုတ်သူများ များလာသောကြောင့်ဖြစ်သည်။မြစ်ချိုးသူများလည်း များလာသောကြောင့်ဖြစ်သည်။သစ်တောပြုန်းတီးမှုများလာသောကြောင့် မြေဆီလွှာ ပျက်ယွင်းမှုဖြစ် လာကြောင်းကိုလည်း လေ့လာတွေ့ရှိရပါသည်။တရားမဝင်သောလုပ်ငန်းများကို တားဆီးပေးနိုင်ရန် လိုအပ်ပါသည်။၎င်းသစ်တောများကို ဆည်ပြုပြင်ထိန်းသိမ်းခြင်းဖြင့်လည်း ကာကွယ်နိုင်သည်။၎င်းဆည် ၏ကောင်းကျိုးမှာ ရေမလုံလောက်သူ၊ရေမရရှိသူ၊ရေယူရန်ခက်ခဲသော နေရာတို့ကိုလည်း အဆင်ပြေစေ နိုင်ကြောင်းတွေ့ရသည်။

## (၁.၅.၄)	ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

ဇယား (၁၀) ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ

| စဉ် | ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ | ထိခိုက်မှု (နိမ့်/လတ်/မြင့်) | မှတ်ချက် |
|---|---|---|---|
| ၁ | လူငယ် | မြင့် | မူးယစ်ဆေးသုံးစွဲမှု |
| ၂ | အမျိုးသမီး ဦးဆောင်သည့် ဆင်းရဲသည့် အိမ်ထောင်စု | လတ် | ပုံမှန်ဝင်ငွေရလုပ်ငန်းမရှိ |
| ၃ | မြေယာမဲ့၊ ဆင်းရဲသားတောင်သူ | လတ် | ပုံမှန်ဝင်ငွေရလုပ်ငန်းမရှိ |
| ၄ | သဘာဝဘေးဒဏ် ဆိုးရွားစွာ ကျရောက်နိုင်သော အိမ်ထောင်စု/ ကူးစက်ရောဂါ ထူပြောသောဒေသတွင် နေထိုင်သူ | နိမ့် | မရှိ |
| ၅ | မြစ်ကမ်းဘေး နေထိုင်သူများ | နိမ့် | |
| ၆ | မတော်တဆမှုဖြစ်နိုင်ခြေများသောနေရာ (Prone to accident) တွင် နေထိုင်သူများ | လတ် | ကျေးရွာသည်ကုန်းမြင့်ပေါ်တွင်တည်ရှိပြီးလေကြောင်း တည့်သောနေရာတွင် မတော်တဆ အိမ်များပျက်စီးခြင်း |
| ၇ | ပြည်တွင်းနေရပ်စွန့်ခွာရွှေ့ပြောင်းခံရသူ များ (IDP) | နိမ့် | မရှိ |
| ၈ | မြေနိမ့်ပိုင်းနေထိုင်သူများ | လတ် | ကုန်းမြင့်နေထိုင်သူထက်မြေနိမ့်နေထိုင်သူများပြား |
| ၉ | ငါးကန်ပိုင်ရှင် | လတ် | ရင်းနှီးငွေလက်လှမ်းမမှီ |
| ၁၀ | လက်လုပ်လက်စားများ၊ ကျပန်း | လတ် | အလုပ်အခွင့်အလမ်းမရှိ |
| ၁၁ | လူနည်းစုလူမျိုးများ | နိမ့် | ရခိုင်၊ကရင်၊ဗမာရှိ |
| ၁၂ | ဒေသတွင်းပဋိပက္ခရေိယာတွင် နေထိုင်သူများ | နိမ့် | မရှိ |
| ၁၃ | နယ်စပ်ဒေသတွင် နေထိုင်သူများ | နိမ့် | မရှိ |
| ၁၄ | ရွှေတွင်းလုပ်သား | နိမ့် | လုပ်သူနည်းပါး |
| ၁၅ | ဆေးစွဲသူများ | မြင့် | လူငယ်များဆေးစွဲသူများပြား |
| ၁၆ | ကူးစက်ရောဂါရနိုင်ခြေရှိသော သူများ | လတ် | ရာသီဥတုဖောက်ပြန်၍ |
| ၁၇ | လှည့်လည်သွားလာ၍ဈေးရောင်းသူများ | နိမ့် | ရှိသော်လည်းနည်းပါး |
| ၁၈ | နေရပ်ပြန် အခြေချသူများ | နိမ့် | အလုပ်အကိုင်နည်းပါး |

| စဉ် | ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ | ထိခိုက်မှု (နိမ့်/လတ်/မြင့်) | မှတ်ချက် |
|---|---|---|---|
| ၁၉ | ရွှေ့ပြောင်းလုပ်သားများ | လတ် | လုပ်ငန်းအခွင့်အလမ်းနည်းပါး |
| ၂၀ | ကားသမား | နိမ့် | ရှိသော်လည်းနည်းပါး |
| ၂၁ | အခြား | | |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာတွင် ရွာသားတော်တော်များများမှာ ကိုယ်ပိုင်အလုပ်အကိုင်မရှိထားသောကြောင့် ရပ်ရွာထဲတွင် အပေါင်းအသင်းများနှင့်လှည့်လည်သွားလာပြီး ဆေးသုံးစွဲမှုများဖြစ်ပေါ်နေပါသည်။ကျေးရွာတွင် ထိုသို့ဆေးသုံးစွဲသူများမှာ တစ်နှစ်ထက်တစ်နှစ်ပိုမို များပြားလာခဲ့ရပါသည်။ထိုသို့များပြားလာခြင်းမှာကိုယ်ပိုင်အလုပ်အကိုင်များမရှိ၍ စိတ်လေသွားခြင်းသာဖြစ်ပါသည်။ကျေးရွာတွင် အလုပ်အကိုင်မရှိ၍ မှော်ထဲသွား၍ ကျောက်ရှာသူများလည်းရှိပါသည်။ထိုသို့မှော်ထဲသွား၍ အလုပ်များလုပ်နေရသူများသည်လည်း ရပ်ရွာထဲတွင် များပြားနေကြောင်းတွေ့ရှိရပါသည်။

### (၂) ကျေးရွာ၏ လက်ရှိ ဖွံ့ဖြိုးရေး အခြေအနေ

### (၂.၁) ဖွံ့ဖြိုးရေးအဖွဲ့အစည်းများ အခြေအနေ

### (၂.၁.၁) ကျေးရွာတွင်းရှိ လူထုအခြေပြုအဖွဲ့အစည်းများ

ဇယား (၁၁) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

| စဉ် | အဖွဲ့အစည်း အမည် | အမျိုးအစား (၁/၂/၃) | အဖွဲ့ဝင်ဦးရေ | | | လုပ်ငန်း တာဝန် | ဦးဆောင်ဖွဲ့စည်းသူများ (၄/၅) | စွမ်းဆောင်နိုင်မှု (၆/၇/၈) |
|---|---|---|---|---|---|---|---|---|
| | | | ကျား | မ | ပေါင်း | | | |
| ၁ | လူမှုရေးအဖွဲ့ | ၂ | ၁၀ | ၁၀ | ၂၀ | ကျေးရွာဖွံ့ဖြိုး | ၄ | ၆ |
| ၂ | ဘာသာရေး အဖွဲ့ | ၃ | ၁ | ၃၀ | ၃၁ | ကျေးရွာသာသနာရေး | ၄ | ၆ |
| ၃ | မိခင်နှင့်ကလေး | ၂ | | ၁၀ | ၁၀ | ကျန်းမာရေး စောင့်ရှောက် | ၄ | ၆ |
| ၄ | ကျန်းမာရေး လက်ထောက် | ၂ | ၁ | ၁ | ၂ | အကူအညီ | ၄ | ၆ |
| | | | | | | | | |
| | | | | | | | | |
| | | | | | | | | |
| | | | | | | | | |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု။

**အုပ်စုအမျိုးအစား**

(၁) စီးပွားရေးအခြေခံသောအုပ်စု- လယ်သမားအဖွဲ့၊ ငွေစုငွေချေးအဖွဲ့ စသည့်။

(၂) လူမှုရေးအဖွဲ့ - ဥပမာ - အမျိုးသမီးအဖွဲ့၊ လူငယ်အဖွဲ့၊ ကိုယ်ထူကိုယ်ထအဖွဲ့။

(၃) ဘာသာရေးနှင့် ယဉ်ကျေးမှုအဖွဲ့။

**ဦးဆောင်ဖွဲ့စည်းသူများ**

(၄) ကျေးရွာလူထုကိုယ်တိုင်

(၅) ပြင်ပအဖွဲ့အစည်း

**အဖွဲ့စွမ်းဆောင်နိုင်မှုအခြေအနေ**

(၆) ကောင်း - လွန်ခဲ့သောနှစ်က ဖွံ့ဖြိုးရေးရည်မှန်းချက် (၁-၂) ခု အောင်မြင်မှု ရရှိခဲ့။ ပုံမှန်အစည်းအဝေး ကျင်းပခြင်းနှင့် တက်ရောက်မှုကောင်း၊ မှတ်တမ်းများကို စနစ်တကျ ထိန်းသိမ်းထားရှိခြင်း၊ ကျေးရွာတွင်းရှိ အခြားအဖွဲ့အစည်းများနှင့် ညှိနှိုင်းဆောင်ရွက်မှု ရှိခြင်း။

(၇) သင့် - လွန်ခဲ့သောနှစ်က ဖွံ့ဖြိုးရေးရည်မှန်းချက် (၁-၂) ခု အောင်မြင်မှု ရရှိခဲ့။ ပုံမှန်အစည်းအဝေး ကျင်းပခြင်းနှင့် အသင့်အတင့် တက်ရောက်မှုရှိ၊ မှတ်တမ်းအချို့ စနစ်တကျ ထိန်းသိမ်းထားရှိခြင်း။

(၈) ညံ့ (အားနည်း) - ကြုံသလို အစည်းအဝေးကျင်းပခြင်း၊ မှတ်တမ်းအချို့သာ ထိန်းသိမ်းထားရှိခြင်း။

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာ၏ လက်ရှိဖွံ့ဖြိုးရေးအခြေအနေမှာသင့်သင့်သလောက်သာရှိ၍ လိုအပ်ချက်များရှိပါသည်။ကျေးရွာသူကျေးရွာသားများသည် တောင်ယာလုပ်ငန်းများကိုလုပ်ကိုင်ကျသူများဖြစ်၍ ကျေးရွာဖွံ့ဖြိုးရေးအခြေအနေမှာ လိုအပ်နေပါသည်။ကျေးရွာတွင် လူထုအလိုက်အဖွဲ့အစည်းများဖွဲ့စည်းထားကြောင်း လေ့လာတွေ့ရှိရပါသည်။လိုအပ်သောအဖွဲ့အစည်းများနှင့်လည်း ချိတ်ဆက်မှုအားနည်းပါသည်။

## (၂.၁.၂) ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသောပြင်ပအဖွဲ့အစည်းများ

ဇယား (၁၂) ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ

| စဉ် | အမည် | အဖွဲ့အစည်းအမျိုးအစား (၁/၂/၃/၄/၅/၆/၇) | အဖွဲ့အစည်း၏ လုပ်ငန်းတာဝန်များနှင့် အစီအစဉ် |
|---|---|---|---|
| ၁ | ငှက်ဖျားတိုက်ဖျက် | ၂ | ငှက်ဖျားတိုက်ဖျက်ရေးအစီအစဉ် |
| ၂ | ပရဟိတ | ၆ | ပညာရေး |
| ၃ | ကျေးရွာဖွံ့ဖြိုးရေး | ၇ | ကျေးရွာစည်ပင်ဖွံ့ဖြိုးရေး |
| ၄ | | | |
| ၅ | | | |
| ၆ | | | |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

**မှတ်ချက်။**

(၁) ဘာသာရေးနှင့်ပတ်သက်သောအဖွဲ့အစည်း (ပြည်တွင်း/ ပြည်ပ)

(၂) အစိုးရမဟုတ်သောအဖွဲ့အစည်း (ပြည်တွင်း/ ပြည်ပ)

(၃) အရပ်ဘက်လူမှုအဖွဲ့အစည်း

(၄) ဘက်ပေါင်းစုံဖွံ့ဖြိုးရေး အဖွဲ့အစည်းများ (ဥပမာ-ကုလသမဂ္ဂအဖွဲ့၊ ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)

(၅) ကဏ္ဍအလိုက် ဖွံ့ဖြိုးရေးအဖွဲ့အစည်း (ဥပမာ - UK Aid, GIZ စသည့်)

(၆) ပရဟိတအဖွဲ့ (ပြည်တွင်း/ ပြည်ပ)

(၇) ပုဂ္ဂလိကအဖွဲ့အစည်းများ

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာတွင်းရှိ ကျေးရွာဖွံ့ဖြိုးရေးမှာ ရွာတွင်းရှိ ရွာသူရွာသားများ အဖွဲ့အစည်းများဖွဲ့၍စည်းလုံးညီညွတ်စွာ ဆောင်ရွက်ကြသော ငွေကြေးအလုံအလောက်မရှိသောကြောင့် ဖွံ့ဖြိုးမှုများမှာ လွန်စွာ ညံ့နေပါသည်။ကျေးရွာသူကျေးရွာသားများသည် ကျေးရွာဖွံ့ဖြိုး တိုးတက်ရေးအတွက် အလွန်ပင် အရေးကြီးကြောင်း လေ့လာတွေ့ရှိရပါသည်။

## (၂.၂) စီးပွားရေးနှင့်အသက်မွေးမှု အခြေအနေ

### (၂.၂.၁) သီးနှံထုတ်လုပ်ရေး

#### (၂.၂.၁.၁) စိုက်ပျိုးမြေပိုင်ဆိုင်မှု

ဇယား (၁၃) ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု၊မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု

| စဉ် | မြေပိုင်ဆိုင်မှုအရွယ်အစား | အိမ်ထောင်စု အရေအတွက် | အိမ်ထောင်စု % | ဖွံ့ဖြိုးရေးအမြင်သတ်မှတ်ချက် |
|---|---|---|---|---|
| ၁ | မြေယာမဲ့ | ၁၁၇ | ၅၇% | မြေမဲ့ယာမဲ့ |
| ၂ | ၂.၅ ဧကအောက် | ၁၁ | ၅% | ဆင်းရဲသားတောင်သူ |
| ၃ | ၂.၅ ဧကမှ ၅ ဧကထိ | ၄၀ | ၁၉% | တောင်သူငယ် |
| ၄ | ၅ ဧကမှ ၁၂.၅ ဧက ကြား | ၃၆ | ၁၇% | အလယ်အလတ်စား တောင်သူ |
| ၅ | ၁၂.၅ ဧက အထက် | ၃ | ၁% | တောင်သူကြီး |
| **ကျေးရွာရှိအိမ်ထောင်စု စုစုပေါင်း** | | **၂၀၇** | **၁၀၀%** | |

ရင်းမြစ်… (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာတွင် အလယ်အလတ်တန်းစားနှင့် သာမန်ဆင်းရဲသားများသာ အများဆုံးနေထိုင်ကြပါသည်။ချမ်းသာသောသူများနှင့်အလွန်ဆင်းရဲသည့် အိမ်ထောင်စုများလည်း အနည်းငယ်သာရှိနေပါသည်။ကျေးရွာသည် လယ်ယာလုပ်ငန်းကို အဓိက လုပ်ကိုင်သောရွာဖြစ်၍ မချမ်းသာကြသော်လည်း အခြေမဲ့အနေမဲ့ ဆင်းရဲသူများမှာမရှိသလောက်ရှားပါးနေပါသည်။ရိုးမြေကျ လုပ်နည်းလုပ်ငန်းများကိုသာ လုပ်ကိုင်ကြပြီး ထိုးထွင်းသိမြင်သော အယူအဆအပိုင်းအခြားများ မရှိကြောင်းလေ့လာတွေ့ရှိရပါသည်။

#### (၂.၂.၁.၂) အစိုးရနှင့်ပုဂ္ဂလိက ရေရင်းမြစ်များမှ ရေသွင်းနိုင်သည့်ဧရိယာ

ဇယား (၁၄) ကျေးရွာ၏ ရေရင်းမြစ်နှင့် ရေသွင်းဧရိယာ

| စဉ် | ရင်းမြစ် | အစိုးရ | ရေသောက်ဧက | ရရှိနိုင်မှု |
|---|---|---|---|---|

| | | /ပုဂ္ဂလိက | | တနှစ်ပတ်လုံး/ ရာသီအလိုက် | လုံလောက်မှု (ရှိ/မရှိ) |
|---|---|---|---|---|---|
| ၁ | ဆည် | ပုဂ္ဂလိက | ၃၀၀၀ | မရရှိ | မရှိ |
| ၂ | ရေလွှဲဆည် | ရှိ | ၈ | ရေလွှဲမမျှတ | မရှိ |
| ၃ | မြစ်ရေတင်စီမံကိန်း | | | | |
| ၄ | အဝီစိတွင်း | မရှိ | | မရှိ | မရှိ |
| ၅ | လက်ငင် ရေတွင်း | | | | |
| ၆ | စိမ့်စမ်းရေ | | | | |
| ၇ | ချောင်းရေ | | | | |
| ၈ | အခြား | | | | |

ရင်းမြစ် … (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၂) ဆည်မြောင်းဦးစီးဌာန၊ စိုက်ပျိုးရေး ဦးစီးဌာန။

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာတွင်း၌ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းကို မိုးရေရချိန် မိုးတွင်းကာလ အတွင်းသာ စိုက်ပျိုးကြရပါသည်။စိုက်ပျိုးကေများ များသော်လည်း မိုးရေတစ်မျိုးတည်းကိုသာ အားထားလုပ်ကိုင်နေကြရသော တစ်နှစ်၌ တစ်သီးစားသာ လုပ်ကိုင်နေကြရပါသည်။စိုက်ပျိုးရေ အမြဲ ရရန်အတွက် စိမ့်ရေထွက်သော နေရာများ ထာဝရစီးနေသော ချောင်းမြောင်းများရှိသော်လည်း ရေလှောင်ထားရှိရန် နည်းပညာနှင့်ငွေကြေးအရင်းအနှီးများ လုံလောက်စွာ မရှိသောကြောင့် သီးနှံ အထွက်တိုးနှုန်းနှင့်အခြားရာသီများ၌ လယ်ယာမြေကွက်များ အလဟသ ဖြစ်နေပါတော့သည်။

### (၂.၂.၁.၃) အဓိကသီးနှံများနှင့် အထွက်နှုန်း

ဇယား (၁၅) အဓိကသီးနှံများနှင့် အထွက်နှုန်း

| သီးနှံ | စုစုပေါင်း စိုက်ကေ | သီးနှံထွက်မှု | | | | သီးနှံ စိုက်ပျိုးသည့်ကာလ | | သွင်းအားစု လိုအပ်ချက် (နိမ့်/လတ်/ မြင့်) | အမြတ် ရရှိနိုင်မှု (နိမ့်/လတ်/ မြင့်) | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|---|
| | | ယူနစ် | အနည်းဆုံး | အများဆုံး | ပျှမ်းမျှ | မှ | ထိ | | | |
| စပါး | ၆၅၉.၇၅ | တင်း | ၈၀ | ၁၃၀ | ၁၅ | ၆လ | ၁၁လ | လတ် | နိမ့် | |
| တောင်ယာ | ၉.၂၅ | တင်း | ၅၀ | ၆၀ | ၅၅ | ၁၂လ | ၅လ | လတ် | နိမ့် | |
| အိမ်ခြံ | ၂.၂၀ | တင်း | ၇၀ | ၉၀ | ၈၀ | ၆လ | ၁၂လ | လတ် | နိမ့် | |
| | | | | | | | | | | |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာတွင် အဓိက စိုက်ပျိုးသောသီးနှံမှာ ဆန်စပါးဖြစ်ပြီး ဆီထွက်သီးနှံနှင့်ပဲအမျိုးမျိုးတို့ကိုလည်းစီးပွားဖြစ် စိုက်ပျိုးကြပါသည်။သီးနှံအထွက်တိုးစေရန်ယာမြေများကို စိုက်ပျိုးလိုသော်လည်း ရေလုံလောက်စွာ မရရှိမှု ပြဿနာဖြစ်နေသောကြောင့် စိုက်ပျိုးဧကမှာ မတိုးချဲ့နိုင်ဘဲရှိရင်းစွဲ ဧက အတိုင်းသာ စိုက်ပျိုးနေကြရပါသည်။ထို့ကြောင့် သီးနှံအထွက်နှုန်းမှာ မှန်းသလောက်မရဘဲ လျော့ကျနေပါကြောင်းကို တွေ့ရှိရပါသည်။လယ်သမားအများစုသည် ပုလဲ ဓါတ်မြေသြဇာများကို အသုံးပြုသူများမှ ကျေးရွာတွင် ထက်ဝက်ခန့်ရှိနေကြောင်း တွေ့ရှိရပါသည်။၎င်းကြောင့် မြေများပျက်စီးပြီး ထိန်းသိမ်းခြင်းမရှိ၍ လယ်သမားအများစု ရင်ဆိုင်နေရသော မြေပြဿနာများ ဖြစ်နေပါသည်။၎င်းပြဿနာကို ဖြေရှင်းပေးရန် နားလည်သော ပညာရှင်နှင့်အလုမ်းကွာဝေးလျက်ရှိနေသောကြောင့် အသိပညာ အတတ်ပညာများ လာရောက်ဟောပြောရန် လိုအပ်ပါသည်။

## (၂.၂.၁.၄)လယ်ယာသုံးစက်ကိရိယာများ

ဇယား (၁၆) ကျေးရွာ၏ စိုက်ပျိုးရေးသုံးကိရိယာများ ပိုင်ဆိုင်မှု

| စက်အမျိုးအစား | ပိုင်ဆိုင်မှု | | | | | စက်ကိရိယာ ငှားရမ်းလုပ်ကိုင်နေသော တောင်သူ အရေအတွက် | မှတ်ချက်/ အခြေအနေ |
|---|---|---|---|---|---|---|---|
| | တစ်ဦး ချင်း ပိုင် | အဖွဲ့ပိုင် | | ရွာပိုင် | | | |
| | | အရေအတွက် | လယ်သမားဦးရေ | အရေအတွက် | လယ်သမားဦးရေ | | |
| ထွန်စက် | | | | | | | ထွန်စက်ကြီးများ မသုံးသေး |
| လက်တွန်းထွန်စက် | ၆၁ | | | | | ၂၉ | အားနည်း |
| အစေ့ချ ကိရိယာ | | | | | | | |
| ရိတ်သိမ်းခြွေလှေ့စက် | | | | | | | ဝယ်ယူထားသူ ဦးပိုင်၊အဖွဲ့မရှိ |
| ရိတ်သိမ်းစက် | ၃ | | | | | မရှိ | ကိုယ်ပိုင်လယ်ရိတ်၊ငှားရမ်းသူ မရှိ |
| ခြွေလှေ့စက် | ၈ | | | | | ၁၀၈ | ခြွေလှေ့စက်ငှားရမ်းသူ အခက်အခဲရှိ |
| ရေစုပ်စက် | ၁၆ | | | | | မရှိ | |
| ခြေနင်းရေတင်စက် | | | | | | | |
| မြက်ရိတ်စက် | ၂၅ | | | | | | |

| စက်အမျိုးအစား | ပိုင်ဆိုင်မှု | | | | | စက်ကိရိယာငှားရမ်းလုပ်ကိုင်နေသောတောင်သူ အရေအတွက် | မှတ်ချက်/ အခြေအနေ |
|---|---|---|---|---|---|---|---|
| | တစ်ဦးချင်းပိုင် | အဖွဲ့ပိုင် | | ရွာပိုင် | | | |
| | | အရေအတွက် | လယ်သမားဦးရေ | အရေအတွက် | လယ်သမားဦးရေ | | |
| အခြား | | | | | | | |

ရင်းမြစ်… (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာတွင် ခေတ်မီရိတ်သိမ်းခြွေလှေ့စက်ကြီးများမရှိသေးပါ။အသေးစား ခြွေလှေ့စက်နှင့်မြက်ရိတ်စက်တို့ကို အသုံးပြုလုပ်ကိုင်နေကြပါသည်။ကျေးရွာအတွင်းရှိ တောင်သူလယ်သမားဦးကြီးများသည် ခေတ်မီ ရိတ်သိမ်းခြွေလှေ့စက်ကြီးများရရှိရန် အားသန်နေကြပါသည်။သို့သော် ငွေကြေး အရင်းအနှီးမှာ လုံလောက်မှု မရှိသောကြောင့် မျှော်မှန်းနေကြသော်လည်း မရရှိဘဲ ဖြစ်နေသည်ကို တွေ့ရှိရပါသည်။ရိတ်သိမ်းခြွေလှေ့စက်ကြီးအပြင် အခြောက်ခံစက်များလည်း လိုအပ်လျက်ရှိသည်။ နည်းပညာများ မကျွမ်းကျင်သေးကြောင်း လက်ရှိ နမူနာဒေသတွင် တွေ့မြင်ရသော အခြောက်ခံစက်မှာ နည်းပညာလိုအပ်သောကြောင့်စပါးများ မီးလောင်သည်အထိ တွေ့ရသည်။

### (၂.၂.၁.၅) သီးနှံအထွက်နှုန်း တိုးစေရန်အတွက် အခွင့်အလမ်းများ

ဇယား (၁၇) သီးနှံထုတ်လုပ်မှု တိုးစေရန်အတွက် အခွင့်အလမ်းများ

| အခြေအနေ | ဖော်ပြချက်/ရှင်းလင်းချက် |
|---|---|
| မြေ(စိုက်ပျိုးမြေရရှိနိုင်မှု၊ မြေဆီသြဇာ) | မြေဆီများမကောင်းမွန်ပါ။ |
| ရေရင်းမြစ် | မိုးရေ |
| သဘာဝမြေဆွေး၊ အော်ဂဲနစ် မြေသြဇာ | သဘာဝမြေဆွေး၊မြေသြဇာကောင်းမွန် |
| အော်ဂဲနစ်/ဓာတုပိုးသတ်ဆေး | ဓါတုပိုးသတ်ဆေးများအသုံးပြု |
| ချေးငွေနှင့် ငွေကြေးဝန်ဆောင်မှုများ | အားနည်းလျက်ရှိ |
| နည်းပညာ၊ အုပ်ချုပ်ရေးပိုင်းဆိုင်ရာ ဝန်ဆောင်မှုများ | အားနည်းလျက်ရှိ |
| သွင်းအားစုဈေးကွက် | အားနည်းမှုရှိ |
| ထုတ်လုပ်မှုဈေးကွက်နှင့် ကုန်သွယ်မှု | အားနည်းမှုရှိ |
| အခြား | |

ရင်းမြစ် … (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၂) သက်ဆိုင်ရာမြို့နယ်အစိုးရဦးစီး ဌာနများ။

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာတွင် ကျေးရွာသူကျေးရွာသားများတွင်စိုက်ပျိုးရေးအတွက် ခိုင်းသော ခိုင်းနွားများသည် သိပ်လုံလုံလောက်လောက်မရှိကြပါ။ကျေးရွာတွင်နို့စားနွားဟူ၍လည်း မရှိပါ။စိုက်ပျိုးရေးတွင် ခိုင်းသော ခိုင်းနွားများသာ ရှိနေပါသည်။ကြက်၊ဝက်များကိုလည်း ကျေးရွာသူကျေးရွာသားများ မွေးမြူကြပါသည်။သို့သော် ကြက်၊ဝက်တို့၏ အစာများမှာလည်း ဝယ်ယူရသည်မှာ ခက်ခဲစွာပင်ရှိနေပါသည်။ထို့ကြောင့် ကျေးရွာတွင်မွေးမြူရေး အခြေအနေမှလည်း ညံ့နေကြောင်း တွေ့ရှိရပါသည်။ဆိတ်များလည်း အနည်းငယ် မွေးမြူကြပြီး ဘဲများလည်း မွေးမြူကြသည်။စီးပွားရေး ကြီးကြီးမားမား အတွက်မွေးမြူခြင်းမရှိပါ။ကျေးရွာတွင် အချို့သော တောင်သူများမှာ နွားများကို အသုံးမပြုဘဲ စက်ဖြင့် အသုံးပြုကြသူလည်းရှိနေကြောင်း တွေ့ရသည်။အချို့သောလယ်များမှာ ကျွဲများ ခိုင်းရသော လှည်းများဖြစ်နေပြီး နွားခိုင်းလို့မရ စိမ့်များရှိနေခြင်းကြောင့် စက်များလည်း အသုံးပြုလို့မရကြောင်း စိုက်ပျိုးရေးနောက်ကျရသည်။အများစုမှာ နွားများဖြင့် ပြုလုပ်ကြကာ စက်များနှင့် လုပ်ဆောင်ကြသည်။

## (၂.၂.၁.၆)သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့်စိန်ခေါ်မှုများ

ဇယား (၁၈) သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ

| ပြဿနာ | ဖော်ပြချက်/ရှင်းလင်းချက် |
|---|---|
| စိုက်ပျိုးမြေ တိုးချဲ့နိုင်မှု | စိုက်ပျိုးမြေ တိုးချဲ့ရန် အခွင့်အလမ်းကောင်းများရှိ |
| မြေဆီသြဇာ အခြေအနေ | မြေဆီသြဇာ အခြေအနေ သင့်တင့်ကောင်းမွန်လျက်ရှိ |
| ငွေကြေးအရင်းအနှီးရရှိနိုင်မှု | စိုက်ဘဏ်မှငွေကြေးအရင်းအနှီးများရရှိ |
| စိုက်ပျိုးရေး သွင်းအားစုများ အချိန်မီ ရရှိအသုံးချနိုင်မှု | စိုက်ပျိုးရေးသွင်းအားစုများ အချိန်မီ ရရှိနိုင်မှုအားနည်းချက်ရှိ |
| လုပ်သားရှားပါးမှု (ကျွမ်းကျင်သူ/ မကျွမ်းကျင်သူ) | လုပ်သားရှားပါးမှု ကျွမ်းကျင်ကြသည်။ |
| ရေရင်းမြစ်များ ရရှိနိုင်မှု | ရေရင်းအမြစ်များရရှိနိုင်မှုအခွင့်အလမ်းရှိသည်။ |
| စိုက်ပျိုးရေမလုံလောက်မှု | စိုက်ပျိုးရေက အဓိက အကြောင်းအရင်းဖြစ်သည်။ |
| ဖျက်ပိုးနှင့် ရောဂါ | ရောဂါ အဓိကအကြောင်းအရင်းဖြစ်သည်။ |
| ဈေးကွက် လက်လှမ်းမီမှု | ကုန်သည် ၊ပွဲစားများဈေးမပေးသော အကြောင်းအရင်း |
| နည်းပညာ အကူအညီနှင့် နည်းလမ်းများ | ဆက်သွယ်၊ရောင်းဝယ်ရေးနှင့်နည်းလမ်းများ |
| အခြား | |

ရင်းမြစ် … (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၂) သက်ဆိုင်ရာမြို့နယ် အစိုးရဦးစီး ဌာနများ။

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာအတွင်းရှိ ကျေးရွာသူကျေးရွာသားများသည် စိုက်ပျိုးရေးလုပ်ငန်း ကို လုပ်ကိုင်ကြသည်။ကျေးရွာသူကျေးရွာသားများ၏ စိုက်ပျိုးပစ္စည်းများမှာလည်း ဈေးကြီးလှပါသည်။ ထို့ကြောင့် စိုက်ပျိုးရာသီတွင်လည်း စိုက်ပျိုးရေးပစ္စည်းများ ဈေးကြီးလှ၍ ကျေးရွာသူကျေးရွာသားများ အတွက် ဝယ်ယူသုံးစွဲရန်လည်း လွန်စွာပင်ခက်ခဲလှပါသည်။စပါးများ စိုက်ပျိုးထားလျှင်လည်း စပါး ဖျက်

ပိုးများလည်းရှိပါသည်။စိုက်ပျိုးရေးတွင်သုံးသော ဓါတ်မြေသြဇာများမှာလည်း လွန်စွာပင် စျေးကြီး ကြောင်း လေ့လာတွေ့ရှိရပါသည်။စိုက်ပျိုးရာသီတွင် မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးနိုင်ရေးအတွက် မျိုးသန့်များအလွယ်တကူ ဝယ်ယူရန်အခွင့်အလမ်းမရှိခြင်းတို့ကို တွေ့ရသည်။

## (၂.၂.၂) မွေးမြူရေးလုပ်ငန်း

## (၂.၂.၂.၁) မွေးမြူရေးနှင့် ငါးလုပ်ငန်း ဆောင်ရွက်မှု အခြေအနေ

ဇယား (၁၉) မွေးမြူရေးနှင့်ငါးလုပ်ငန်းဆောင်ရွက်မှုအခြေအနေ

| မွေးမြူရေးနှင့် ငါးလုပ်ငန်း | အိမ်ထောင်စု | ကောင်ရေ | မှတ်ချက်/အခြေအနေ |
|---|---|---|---|
| **မွေးမြူရေး** | | | |
| ခိုင်းနွား | ၁၁၀ | ၃၅၃ | သင့် |
| နို့စားနွား | | | မရှိ |
| မြင်း | | | |
| ကျွဲ | ၁ | ၇ | သင့် |
| မြည်း | | | မရှိ |
| လား | | | မရှိ |
| ဆိတ် | ၁ | ၂၈ | သင့် |
| သိုး | | | မရှိ |
| ဝက် | ၈၉ | ၂၄၅ | သင့် |
| ကြက် | ၁၁၅ | ၁၀၅၈ | သင့် |
| ဘဲ | ၂ | ၂၆ | သင့် |
| နွားနောက် | | | |
| အခြား | | | |
| **ငါးလုပ်ငန်း** | | | |
| ငါးကန် | ၇ | ငါးရိုင်း | ပြုပြင်ထိန်းသိမ်းရန်လိုသေး |
| ပုဇွန်ကန် | | | |
| ဂဏန်းမွေးမြူရေးလုပ်ငန်း | | | |
| ရေချို ငါးဖမ်းလုပ်ငန်း | | | |
| ကမ်းလွန် ငါးဖမ်းလုပ်ငန်း | | | |
| အခြား | | | |

ရင်းမြစ်… (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ ပင်လယ်ကမ်းရိုးတန်းနှင့်ချောင်း၊မြောင်းအင်းအိုင်ကြီးများနှင့် ဝေးသော ဒေသဖြစ်၍ ငါးဖမ်းလုပ်ငန်းများ လုပ်ကိုင်သူမရှိပါ။စီးပွားဖြစ် မွေးမြူသောငါးမွေးမြူရေးလုပ်ငန်းများ လည်း မရှိသေးပါ။အခြားဒေသမှ တင်သွင်းသောငါးများကိုသာ ဝယ်ယူစားသောက်ကြရပါသည်။ငါး မွေးမြူရေးလုပ်ငန်းကြီးများ လုပ်ကိုင်ရန် ငွေအရင်းအနှီး နှင့်နည်းပညာများလိုအပ်ပါသေးသည်။ငါးကန်

မှာပြုပြင်ရန်လိုအပ်နေကြောင်း အရင်းအနှီးများလိုအပ်လျက်ရှိသည်။

### (၂.၂.၂.၂) မွေးမြူရေးကဏ္ဍ တိုးတက်စေရန်အတွက် အခွင့်အလမ်းများ

ဇယား (၂၀) မွေးမြူရေးကဏ္ဍ ထုတ်လုပ်မှုတိုးတက်စေရန်အတွက် အခွင့်အလမ်းများ

| အခွင့်အလမ်း | ဖော်ပြချက်/ ရှင်းလင်းချက် |
|---|---|
| **မွေးမြူရေး** | |
| စားကျက်မြေ | လယ်ယာရိတ်သိမ်းပြီးချိန်၌ သာရှိနေခြင်း |
| ရေရရှိမှု | စိမ့်စမ်းရေတွင်းနှင့်အဝီစိတုံကင် |
| မျိုးတိရစ္ဆာန် လက်လှမ်းမီမှု | အားနည်းပါသည်။ |
| ချေးငွေ | ဝန်ဆောင်မှုအားနည်းနေပါသေးသည်။ |
| သွင်းအားစုဈေးကွက် | အားနည်းပါသည်။ |
| ဝန်ဆောင်မှုဈေးကွက် | အားနည်းပါသည်။ |
| ထုတ်ကုန်ရောင်းဝယ်မှု | အသင့်အတင့်ကောင်းမွန် |
| အိမ်ခြံဝင်းအတွင်း မြေနေရာ လုံလောက်မှု | အချို့အိမ်များတွင် လုံလောက်မှုရှိပြီးအချို့အိမ်များ၌မရှိပါ။အိမ်ယာမရှိသောအိမ်ထောင်စုရှိ |
| အခြား | |
| **ငါးလုပ်ငန်း** | |
| ငါး/ပုဇွန်သားပေါက် လက်လှမ်းမီမှု | သားပေါက် ကလေးများ လက်လှမ်းမီမှုမရှိသေး |
| ချေးငွေ | ဝန်ဆောင်မှုအားနည်း |
| သွင်းအားစု လက်လှမ်းမီမှု | လက်လှမ်းမီမှုအားနည်းနေ |
| နည်းပညာ အကူအညီနှင့် နည်းလမ်းများ | နည်းပညာများအားနည်းနေ၊နည်းပညာတတ်ကျွမ်းသူများနှင့်ဆွေးနွေးမည်။ |
| ထုတ်ကုန်ရောင်းဝယ်မှု | အသင့်အတင့်ကောင်းမွန်ပါသည်။ |
| အခြား | |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာတွင် နည်းပညာ များအားနည်းနေပါသည်။ငွေကြေးအရင်းအနှီးများလည်းလုံလောက်စွာ မရှိကြေးပါ။ကျေးရွာတွင် ချေးငွေလုပ်ငန်းများ စိုက်ဘဏ်နှင့်သမသာရှိပါသည်။အခြားမှာ ပုဂ္ဂလိက ချေးငွေလုပ်ငန်းဖြစ်၍ အတိုးနှုန်းမှာ အဆမတန်များနေပါသည်။ထို့ကြောင့် ကျေးရွာတွင် အကြီးစားမွေးမြူရေးလုပ်ငန်းများလုပ်ကိုင်လိုသော်လည်း နည်းပညာ အားနည်းမှုနှင့်ချေးငွေဝန်ဆောင်မှုအားနည်းနေသောကြောင့် တစ်နိုင်တစ်ပိုင် မွေးမြူရေးကိုသာ လုပ်ကိုင်နေကြရပါသည်။မွေးမြူရေးနည်းပညာများကို သင်တန်းပို့ချပေးရန် အထူးလိုအပ်နေပါသည်။

### (၂.၂.၂.၃) မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ

ဇယား (၂၁) မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ

| ပြဿနာနှင့်စိန်ခေါ်မှုများ | ဖော်ပြချက်/ရှင်းလင်းချက် |
|---|---|
| **မွေးမြူရေး** | |
| ဈေးငွေရရှိနိုင်မှု | ဈေးငွေများ ဝန်ဆောင်မှုအားနည်း |
| ကူးစက်ရောဂါဖြစ်ပွားမှု | ကျောက်နာများဖြစ်ပွားတတ်ပါသည်။ |
| နည်းပညာ အကူအညီနှင့် နည်းလမ်းများ | ကျေးရွာတွင်နည်းပညာများလိုအပ်နေ |
| စီးပွားဖြစ် မွေးမြူရေးလုပ်ငန်းများ အတွက် လိုင်စင်/ လေလံ လက်လှမ်းမီမှု | စီးပွားဖြစ်မွေးမြူရေးလုပ်ငန်းများမရှိပါ။လိုင်စင်၊လေလံများ လက်လှမ်းမမီသေး |
| အခြား | |
| **ငါးလုပ်ငန်း** | |
| ငါးဖမ်းခွင့် ရရှိနိုင်မှု | ကျွမ်းကျင်လုပ်သားရှိ |
| ဈေးငွေရရှိနိုင်မှု | အားနေးနေသေး |
| အခြား | |

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၂) မြို့နယ် မွေး/ကု ဦးစီးဌာန၊ မြို့နယ် ငါးလုပ်ငန်း ဦးစီးဌာန။

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာတွင် အကြီးစားမွေးမြူရေးလုပ်ငန်းကြီးများ မရှိသေးပါ။တစ်နိုင်တစ်ပိုင်မွေးမြူရေးလုပ်ငန်းအဖြစ် ကြက်၊ဝက်၊ဘဲ တို့ကိုသာ အများဆုံးမွေးမြူကြပါသည်။အကြီးစားမွေးမြူရေးလုပ်ငန်းများလုပ်ကိုင်လိုသည့် ငွေကြေး အရင်းအနှီးများ မလုံလောက်သောကြောင့် ကျေးရွာတွင် အကြီးစားလုပ်ငန်းများမရှိသေးကြောင်း တွေ့ရှိရပါသည်။သား၊ငါး မှာလည်းတွေ့ကြုံမှုများ မရှိသေးကြောင်း ချိတ်ဆက်မှုများမရှိသေးပါ။ကျေးရွာတွင် မည်သည့် ငါးမျိုးများ မွေးမြူဖြစ်ထွန်းသည်ကို မသိရှိရသေးပါ။အဘက်ဘက်မှ ကူညီ ချိတ်ဆက်မှုများ အားနည်းနေပါသည်။

## (၂.၂.၃) စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းကဏ္ဍ

### (၂.၂.၃.၁)စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးလုပ်ငန်းများ

ဇယား (၂၂) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးလုပ်ငန်းများ

| စဉ် | လုပ်ငန်းများ (ထုတ်ကုန်လုပ်ငန်း နှင့် ဝန်ဆောင်မှု) | လုပ်ငန်းအရေအတွက် | ဝန်ထမ်း / အလုပ်သမား အရေအတွက် | မိသားစုဝင် လုပ်အား | ရပ်တည်နိုင်မှု (နိမ့်၊ လတ်၊ မြင့်) နှင့် ရှင်းလင်းဖော်ပြချက် |
|---|---|---|---|---|---|
| ၁ | သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝ ရင်းမြစ်များ ထုတ်လုပ်ခြင်း | | | | |
| ၂ | ထုတ်ကုန်လုပ်ငန်း | ၄ | ၃ | ၆ | နိမ့် |
| ၃ | လျှပ်စစ်၊ ဓာတ်ငွေ့နှင့် ရေပေး | | | | |

| စဉ် | လုပ်ငန်းများ (ထုတ်ကုန်လုပ်ငန်း နှင့် ဝန်ဆောင်မှု) | လုပ်ငန်းအရေအတွက် | ဝန်ထမ်း / အလုပ်သမား အရေအတွက် | မိသားစုဝင်လုပ်အား | ရပ်တည်နိုင်မှု (နိမ့်၊ လတ်၊ မြင့်) နှင့် ရှင်းလင်းဖော်ပြချက် |
|---|---|---|---|---|---|
| | ဝေရေး | | | | |
| ၄ | ဆောက်လုပ်ရေး၊လက်သမား၊ ပန်းရံလုပ်ငန်း | | | | |
| ၅ | ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး | | | | |
| ၆ | ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ) | | | | |
| ၇ | လက်လီ-လက်ကားရောင်းဝယ်ရေး | ၂၆ | | | |
| ၈ | ဟိုတယ်နှင့် စားသောက်ဆိုင်လုပ်ငန်း | | | | |
| ၉ | ပို့ဆောင်ရေး၊ သိုလှောင်ရေး နှင့် ဆက်သွယ်ရေး | | | | |
| ၁၀ | ငွေချေး ဝန်ဆောင်မှုလုပ်ငန်း (ဘဏ်၊ ငွေချေးခြင်းလုပ်ငန်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း) | | | | |
| ၁၁ | အိမ်ခြံမြေ ရောင်းဝယ်ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ | | | | |
| ၁၂ | ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ ( အုပ်ချုပ်ရေး၊ ကာကွယ်ရေးနှင့် ဘေးကင်းလုံခြုံရေး) | | | | |
| ၁၃ | ပညာရေး | | | | |
| ၁၄ | ကျန်းမာရေး | ၁ | | | |
| ၁၅ | လူမှုရေးလုပ်ငန်းများ | | | | |

| စဉ် | လုပ်ငန်းများ (ထုတ်ကုန်လုပ်ငန်း နှင့် ဝန်ဆောင်မှု) | လုပ်ငန်းအရေအတွက် | ဝန်ထမ်း / အလုပ်သမား အရေအတွက် | မိသားစုဝင် လုပ်အား | ရပ်တည်နိုင်မှု (နိမ့်၊ လတ်၊ မြင့်) နှင့် ရှင်းလင်းဖော်ပြချက် |
|---|---|---|---|---|---|
| ၁၆ | အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ | ၃၅ | ၆၃ | ၃၀ | |
| ၁၇ | ပြင်ပအဖွဲ့အစည်းများနှင့် ကုမ္ပဏီများတွင် လုပ်ကိုင်သူများ (ဥပမာ - UN, INGOs, Companies. etc.,) | | | | |
| | **စုစုပေါင်းအသက်မွေးလုပ်ငန်း လုပ်ကိုင်သူဦးရေ** | **၆၆** | **၆၆** | **၃၆** | |

ရင်းမြစ် ...(၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ စိုက်ပျိုးမွေးမြူရေးမဟုတ်သော ဝင်ငွေရလုပ်ငန်းများ လုပ်ကိုင်သူ အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာတွင် စိုက်ပျိုးရေးလုပ်ငန်းတစ်မျိုးတည်းသာရှိ၍ စိုက်ပျိုးရေး မလုပ်သောရာသီတွင် ကျောက်မှော်များသို့ သွားကာ ကျောက်တူး၊ရွှေမှော်များသို့ သွားရန် ရွှေတူးလုပ်ငန်းများကို လုပ်ကိုင်နေကြပါသည်။မြို့နှင့် အလှမ်းဝေးသောရွာဖြစ်၍ အခြားစီးပွားရေးလုပ်ငန်းများလုပ်ကိုင်ရန် အခွင့်အလမ်းနည်းပါးပါသည်။လက်သမား၊ပန်းရံ စသော လုပ်ငန်းလုပ်ကိုင်သူများရှိသော်လည်း ဘိုးစဉ်ဘောင်ဆက်သင်ကြားလုပ်ကိုင်နေခြင်းဖြစ်၍ ခေတ်မှီနည်းပညာအသစ်အဆန်းများ အားနည်းနေပါ သေးသည်။လူငယ်များသည်လည်း လယ်ယာစိုက်ပျိုးရေးလုပ်ငန်းမှ လွဲ၍ အခြားလုပ်ငန်းများ တတ် မြောက်မှု အားနည်းနေပါသည်။ထို့ကြောင့် ကျေးရွာတွင်လူငယ်များနှင့်လယ်ယာမရှိသောသူများမှာ ကျောက်မှော်၊ရွှေမှော်များသို့ သွား၍သာ အချိန်ကုန်နေပါသည်။

### (၂.၂.၃.၂) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးလုပ်ငန်းများအတွက် အခွင့်အလမ်း၊ ပြဿနာနှင့် အခက်အခဲများ

ဇယား (၂၃-က) စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းများအတွက် အခွင့်အလမ်းများ

| အခွင့်အလမ်း | ဖော်ပြချက်/ ရှင်းလင်းချက် |
|---|---|
| ပန်းရံ၊လက်သမား | ဝါဒနာပါ သင်ကြားလိုပါသည်။ |
| အရောင်းအဝယ် | မိသားစုစီးပွားရေးအဆင်ပြေရန်။ |
| စက်ပစ္စည်းပြုပြင်ရေး | မိသားစုစီးပွားရေးအဆင်ပြေရန် |
| အမျိုးသမီးများအထည်ချုပ် | အသက်မွေးဝမ်းကျောင်းပညာရရန်။ |
| အလှပြုပြင်(ဆံပင်/မိတ်ကပ်) | အသက်မွေးဝမ်းကျောင်း |

| အခွင့်အလမ်း | ဖော်ပြချက်/ ရှင်းလင်းချက် |
|---|---|
| ပုံမှန်ဝင်ငွေရအလုပ်အကိုင် | မိသားစုပုံမှန်ဝင်ငွေရရန် |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ စိုက်ပျိုးမွေးမြူရေးမဟုတ်သော ဝင်ငွေရ လုပ်ငန်းများ လုပ်ကိုင်သူ အုပ်စု၊ လူငယ် အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာအတွင်းရှိ စိုက်ပျိုးရေးနှင့်မွေးမြူရေး မလုပ်သောသူများသည်။ အခြားအသက်မွေးဝမ်းကျောင်းလုပ်ငန်းများအားနည်းနေပါသေးသည်။လယ်ယာစိုက်ပျိုးချိန်၌ အငှားများလိုက်၍ စားနိုင်သော်လည်း လယ်ယာစိုက်ပျိုးချိန်မဟုတ်သောအခါ၌ ဝမ်းစာရရန် အဝေးသို့ ထွက်၍ ငွေရလုပ်ငန်းများလုပ်ကိုင်ကြပါသည်။လူငယ်များသည် အားလပ်ချိန်တွင်အားကစားများပြုလုပ်ကြသည်။လူငယ်များအတွက် အချိန်များပေးကြပြီး ရွာသူရွာသားများက ငွေကြေး ထောက်ပံ့မှုနှင့် အုပ်ချုပ်ရေးပိုင်းမှလည်း ကူညီပေးသည်။လူငယ်များ တက်ကြွသော်လည်း အားကစားကွင်းမှာ ညီညာမှုမရှိကြောင်းပြုပြင်ရန် လိုအပ်လျှက်ရှိပါသည်။

ဇယား(၂၃-ခ) စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းများအတွက် ပြဿနာနှင့် အခက်အခဲများ

| ပြဿနာနှင့်အခက်အခဲများ | ဖော်ပြချက်/ ရှင်းလင်းချက် |
|---|---|
| ကျွမ်းကျင်နည်းပညာမရှိ | နည်းပညာသင်တန်းပို့ချရန် |
| အရင်းအနှီးမလုံလောက် | ရင်းနှီးချေးငွေထုတ်ပေးရန် |
| နည်းပညာများသင်ပေးသူမရှိ | ကျွမ်းကျင်နည်းပညာသင်တန်းပို့ချရန် |
| လုပ်ငန်းအခွင့်အလမ်းနည်း | အလုပ်အကိုင်အခွင့်အလမ်းများရရှိရန် |
| အလှအပရေးရာသင်တန်း များ ပေးသူမရှိသေး | သင်တန်းတက်ရန်လူငယ်များ စိတ်အားထက်သန် |
| ပုံမှန်ဝင်ငွေရလုပ်ငန်းများမရှိ | အလုပ်အကိုင်ရှားပါးခြင်း |
| | |
| | |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ စိုက်ပျိုးမွေးမြူရေးမဟုတ်သော ဝင်ငွေရ လုပ်ငန်းများ လုပ်ကိုင်သူ အုပ်စု၊ လူငယ် အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာတွင် စိုက်ပျိုးမွေးမြူရေးမဟုတ်သောသူများသည် အချိန်ရာသီအလိုက် လယ်ရှင်များထံတွင်အလုပ်များအငှားလိုက်ရပါသည်။ထိုသို့ အငှားလိုက်ရာတွင်လည်း အလွန်ပင် ပင်ပန်း၍ ရသောငွေကြေးနှင့်မကာမိပါ။ကျေးရွာတွင်းရှိ ကျေးရွာသူကျေးရွာသားများမှာ အလွန်ပင်ဆင်းရဲလှပါသည်။အလုပ်လက်မဲ့ရှိသော ရွာသူရွာသားများလည်း ရွာထဲတွင် အလွန်ပင်များပြားနေကြောင်း လေ့လာတွေ့ရှိနေပါသည်။အလုပ်အကိုင်အခွင့်အလမ်းရရှိရန် လိုအပ်ကြောင်း လူအရင်းအမြစ်များရှိနေကြောင်းအလုပ်အကိုင်ဖန်တီးမှုလိုအပ်လျက်ရှိသည်။

## (၂.၃) ရွှေ့ပြောင်းလုပ်သားများ

## (၂.၃.၁) ရွှေ့ပြောင်းသွားလာမှု ဖြစ်ပေါ်လာပုံ၊ ပုံစံနှင့် အချိန်ကာလ

ဇယား (၂၄) ရွှေ့ပြောင်းသွားလာမှု ဖြစ်ပေါ်လာပုံ၊ ပုံစံနှင့် အချိန်ကာလ

| # | ပုံစံ | အိမ်ထောင်စု အရေအတွက် | လူဦးရေ | | | ပြည်တွင်း | | | ပြည်ပ | | |
|---|---|---|---|---|---|---|---|---|---|---|---|
| | | | ကျား | မ | ပေါင်း | ကျား | မ | ပေါင်း | ကျား | မ | ပေါင်း |
| ၁ | ရွှေ့ပြောင်းလုပ်သားတစ်ဦး အနည်းဆုံးရှိသော အိမ်ထောင်စု | ၃၅ | ၄၀ | ၁၇ | **၅၇** | ၄၀ | ၁၇ | **၅၇** | | | |
| ၂ | ရွှေ့ပြောင်းလုပ်ကိုင်သောကျေးရွာရှိလူဦးရေ | ၃၅ | ၄၀ | ၁၇ | **၅၇** | ၄၀ | ၁၇ | **၅၇** | | | |
| ၃ | ကျေးရွာပြင်ပသို့ ရွှေ့ပြောင်းမှုကာလ | | | | | | | | | | |
| | ၃ လ အထိ | | ၁၁ | ၄ | **၁၅** | ၁၁ | ၄ | **၁၅** | | | |
| | ၆ လ အထိ | | ၇ | ၁၂ | **၁၉** | ၇ | ၁၂ | **၁၉** | | | |
| | ၁၂ လ အထိ | | ၁ | ၁၂ | **၁၃** | ၁ | ၁၂ | **၁၃** | | | |
| | ၁၂ လ အထက် | | ၉ | ၆ | **၁၅** | ၉ | ၆ | **၁၅** | | | |

ရင်းမြစ် ...(၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - စိုက်ပျိုးမွေးမြူရေးမဟုတ်သော ဝင်ငွေရလုပ်ငန်းများ လုပ်ကိုင်သူ အုပ်စု၊ လူငယ် အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာအတွင်း အိမ်ထောင်စုစာရင်းကောက်ယူရာတွင် မှန်ကန်သော သတင်းအချက်အလက်များရရှိပါသည်။အိမ်ထောင်စုစာရင်းတွင် နိုင်ငံတော်၏ ပျှမ်းမျှနှုန်း ငါးဦးနှင့်ညီမျှပါသည်။ အိမ်ထောင်စုဆင့်တစ်နေရာတွင် ရှိနေသူများမှာ အဆင်ပြေ ချောမွေ့သော်လည်း ကျန်အိမ်ထောင်စုများမှာ တစ်ဦးနှင့်တစ်ဦး ချေးငှားပြီး စားသုံးကြတာကိုလည်း တွေ့ရှိရပါသည်။ဆင်းရဲနှင့်အလွန်ဆင်းရဲ အိမ်ထောင်စုများမှာ ကြွေးများတင်ရှိမှု အနည်းနှင့်အများရှိကြသော်လည်း လည်ပတ်နိုင်ရေးအတွက် ဝိုင်းဝန်းကူညီကြပါသည်။

## (၂.၃.၂) ရွှေ့ပြောင်းသွားလာရခြင်း၏ အဓိက အကြောင်းရင်း

ဇယား (၂၅) ရွှေ့ပြောင်းသွားလာရခြင်း၏ အဓိက အကြောင်းရင်း

| စဉ် | အကြောင်းအရာ | လူဦးရေ |
|---|---|---|
| ၁ | ပိုမိုကောင်းမွန်သော အလုပ်အကိုင်နှင့် ဝင်ငွေ အခွင့်အလမ်းများ ရှာဖွေရန် | ၅၇ |
| ၂ | နိုင်ငံရေးနှင့်ဆိုင်သော အကြောင်းရင်း | - |
| ၃ | ဒေသတွင်း ပဋိပက္ခဖြစ်ပွားမှုကြောင့် လုံခြုံမှု မရှိသည့် အကြောင်းရင်း | - |
| ၄ | အခြား | - |

ရင်းမြစ် ... အိမ်ထောင်စုစာရင်း ကောက်ယူမှု။

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာအတွင်း အိမ်ထောင်စုစာရင်းကောက်ယူရာတွင် အဆင့်လေးဆင့်ဖြင့် ကောက်ယူခဲ့သည်။အဆင့်တစ်အိမ်ထောင်စုမှာ အဆင်ပြေသော်လည်း သူတို့၏ မိသားစုဖြင့် လုံးပန်းလျက်ရှိသည်။အဆင့်နှစ်အိမ်ထောင်စုမှာ စားဝတ်နေရေးအဆင်ပြေလုပ်ငန်းများလည်းအသင့်အတင့်ရှိကြသည်။အဆင့်သုံးတွင်ရှိနေကြသူမှာ ကျပန်း၊အငှားလုပ်ငန်းများကို လုပ်ကိုင်ကြသည်။အဆင့်လေးတွင်ရှိနေသောမိသားစုမှာ အားကိုးရာမဲ့နေသော သက်ကြီးရွယ်အိုများဖြစ်ကြသည်။

## (၂.၃.၃) ရွှေ့ပြောင်းလုပ်ကိုင်သူများမှ ပြန်ပို့ငွေ

ဇယား (၂၆) ရွှေ့ပြောင်းလုပ်ကိုင်သူများမှပြန်ပို့ငွေ

| စဉ် | အကြောင်းအရာ | အိမ်ထောင်စု အရေအတွက် | | | | |
|---|---|---|---|---|---|---|
| | | စုစုပေါင်း | % ကျေးရွာအတွင်းရှိ စုစုပေါင်း အိမ်ထောင်စု | မြင့် | လတ် | နိမ့် |
| ၁ | ပြန်ပို့ငွေကို မှီခိုနေရသော အိမ်ထောင်စု အရေအတွက် | ၄၅ | ၅% | ၆ | ၉ | ၃၀ |
| ၂ | ပြန်ပို့ငွေ လမ်းကြောင်းများ | | | | | |
| | - ငွေလွှဲလုပ်ငန်း (ဟွန်ဒီ) | ၆ | ၁၃.၃၃% | | | |
| | - ဘဏ် | ၃၅ | ၇၇.၇၈% | | | |
| | - လူကြုံဖြင့်လွှဲပို့ခြင်း/ကိုယ်တိုင် | ၁၀ | ၂၂.၂၂% | | | |
| | - ငွေလွှဲလုပ်ငန်းနှင့် ဘဏ် | | | | | |
| | - ငွေလွှဲလုပ်ငန်း၊ ဘဏ်နှင့်လူကြုံဖြင့်လွှဲပို့ခြင်း | | | | | |

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာအတွင်းရှိ ရွှေ့ပြောင်းလုပ်သားများထံမှပြန်ပို့ငွေများကို ကိုယ်တိုင်သို့မဟုတ် လူကြုံဖြင့်သာ အများဆုံးပို့ဆောင်နေကြပါသည်။အချို့မှာ ဟွန်ဒီများမှလည်းပို့နေကြပါသေးသည်။

## (၂.၄) ကုန်စည်နှင့်ဝန်ဆောင်မှုဈေးကွက်

ဇယား (၂၇) ကုန်စည်နှင့် ဝန်ဆောင်မှု၊ ဈေးကွက်လက်လှမ်းမီမှု အခြေအနေ

| ဈေးကွက်လက်လှမ်းမီမှု | အနီးဆုံးဈေး | အကြီးစားဈေးကွက် |
|---|---|---|
| ရွာမှအကွာအဝေး(မိုင်) | ၄မိုင် | ၁၀မိုင် |
| သယ်ယူပို့ဆောင်ရေး လမ်းကြောင်း နှင့် ၎င်း၏ အထောက်အပံ့များ | ပြည်ထောင်စုလမ်းမကြီး | ၁၀မိုင် |
| ကုန်စည်အမျိုးအစားနှင့် ဝန်ဆောင်မှုပေးနိုင်မှု | အားနည်းချက်ရှိ | ၁၀မိုင် |
| ဈေးအခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှု | ၄ မိုင် | |

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ လယ်သမား အုပ်စု၊ အမျိုးသမီး အုပ်စု၊ စိုက်ပျိုးမွေးမြူရေးမဟုတ်သော ဝင်ငွေရလုပ်ငန်းများ လုပ်ကိုင်သူ အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာအတွင်းရှိ ဈေးဆိုင်များမှ ကုန်စည်များသည်မှာ အဆမတန်ပင်ဈေးကြီးလှပါသည်။ဆိုင်ပိုင်ရှင်များသည်လည်း တခြားမြို့နယ်များတွင်သွားရောက်ဝယ်ယူရခြင်းဖြစ်၍ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်သော်လည်းမလွယ်ကူသောကြောင့် ကုန်စည်များဖြင့် ဈေးကွက်များအလွန်ပင် ဈေးကြီးလှပါသည်။

ထိုသို့ကုန်စည်ဈေးနှုန်းများကြီးသောကြောင့်ဆင်းရဲနွမ်းပါးသူများအတွက်အလွန်ပင်ခက်ခဲလှပါသည်။ထို့ကြောင့် ကျေးရွာသူကျေးရွာသားများအတွက် ကုန်စည်ဈေးနှုန်းကျဆင်းခြင်းမရှိကြောင်းတွေ့ရှိရပါသည်။မြို့ထဲမှ ဆိုင်ကယ်၊စက်ဘီးဖြင့် လာရောက် ရောင်းချကြသော်လည်း ဈေးများနေကြောင်းတွေ့ရသည်။

## (၂.၅) ငွေကြေးလက်လှမ်းမီမှုနှင့် ဘဏ်လုပ်ငန်း

ဇယား (၂၈) ငွေကြေးလက်လှမ်းမီမှုနှင့် ဘဏ်လုပ်ငန်း

| ချေးငွေ ရရှိနိုင်သည့် နေရာ | ငွေကြေး ဝန်ဆောင်မှု အမျိုးအစား | ပြန်လည် ပေးဆပ်ရမည့် ကာလ | အတိုးနှုန်း (လ) | အပေါင်ခံ ပစ္စည်း လိုအပ်မှု | ချေးငွေရရန် အခက်အခဲများ |
|---|---|---|---|---|---|
| အစိုးရဘဏ် (စိုက်ပျိုးရေး ဘဏ်၊ သ မချေး ငွေ) | စိုက်ပျိုး ရေး ဘဏ် | ၆လပိုင်း မှ ၁ လအထိ | ၇၅ ပြား | ပုံစံ(၇) | ပုံစံ(၇) မရှိသူ |
| ပုဂ္ဂလိကဘဏ် | | | | | |
| ပုဂ္ဂလိက အသေးစား ချေးငွေဝန် ဆောင်မှုကဏ္ဍ | | | | | |
| အဖွဲ့အလိုက်ငွေစု /ငွေချေးအစီအစဉ် | | | | | |
| ငွေချေးပေးသူ | ၁ဦးပိုင် | ၆ | ၂၀ | အပေါင် ပစ္စည်း | အပေါင်ပစ္စည်း မရှိသူ |
| အပေါင်ဆိုင် | ပုဂ္ဂလိက | ၆လ | ၃ ကျပ် | လိုအပ် | အပေါင်ခံပစ္စည်း |
| မိတ်ဆွေနှင့်ဆွေ မျိုးများ | | | | မလို | |
| အခြား-သမ | လီမီတက် | ၁၀လ | | လိုအပ် | ပစ္စည်း |

ရင်းမြစ် … (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ လယ်သမား အုပ်စု၊ အမျိုးသမီး အုပ်စု၊ စိုက်ပျိုးမွေးမြူရေးမဟုတ်သော ဝင်ငွေရလုပ်ငန်းများ လုပ်ကိုင်သူ အုပ်စု၊ (၂) သက်ဆိုင်ရာ ငွေကြေးဝန်ဆောင်မှု ပေးသောအဖွဲ့များ။

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာတွင် တောင်သူလယ်သမားများမှာ လယ်ယာစိုက်ပျိုးရေးဘဏ်မှ ထုတ်ပေးသော ချေးငွေ ဝန်ဆောင်မှုနှင့် သမ တို့မှထုတ်ပေးသော ချေးငွေ ဝန်ဆောင်မှုတို့သာရှိပါသည်။ ထိုငွေများမှာ မိသားစု စီးပွားရေး လုပ်ရန်အတွက်လုံလောက်မှုမရှိသေးပါ။အခြားအပေါင်ဆိုင်နှင့်ပုဂ္ဂလိ က ငွေချေးလုပ်ငန်းများရှိသော်လည်း အတိုးနှုန်းမှာ အဆမတန် မြင့်မားနေသောကြောင့် တောင်သူ လယ်သမားတို့အဖို့ ပြန်လည်ပေးဆပ်ရန် ဝန်ထုပ်ဝန်ပိုးကြီး တစ်ခု ဖြစ်နေပါတော့သည်။ကျေးရွာရှိ

လယ်သမားအများစုသည် စပါးများကိုသာ အားထားနေရကြောင်း၊ဆန်၊စပါး ဈေးကွက်များကျဆင်းမှာကို စိတ်ပူနေကြကြောင်းတော်သူအများစုထံမှ သိရပါသည်။

## (၂.၆) ပတ်ဝန်းကျင်နှင့် သဘာဝ ရင်းမြစ်များ စီမံခန့်ခွဲမှု

### (၂.၆.၁) ပတ်ဝန်းကျင်နှင့်သဘာဝရင်းမြစ်များ စီမံခန့်ခွဲမှုအတွက် လက်ရှိအလေ့အကျင့်နှင့် အခက်အခဲများ

ဇယား (၂၉) သဘာဝပတ်ဝန်းကျင်နှင့် သဘာဝရင်းမြစ် စီမံခန့်ခွဲမှုအတွက်လက်ရှိ အလေ့အကျင့်နှင့် အခက်အခဲများ

| အခက်အခဲ | အန္တရာယ်ရှိမှု (မြင့်/လတ်/နိမ့်) | ဖော်ပြချက်/ရှင်းလင်းချက် |
|---|---|---|
| မြေဆီသြဇာ အခြေအနေ | လတ် | လယ်ယာမြေဆီမှာအသင့်အတင့်ရှိပါသည်။ |
| အပင်မျိုးစိတ်များ | လတ် | ကျေးရွာတွင် လိုအပ်နေပါသေးသည်။ |
| ဖျက်ပိုးနှင့်ရောဂါကာကွယ်ထိန်းချုပ်မှု | လတ် | ဓါတုပိုးသတ်ဆေးရှိသော်လည်းဈေးနှုန်းမှာအဆမတ်မြင့်နေ့ |
| ရေရင်းမြစ် | လတ် | စိမ့်ပေါက်၊ချောင်း၊မြောင်းများရှိသော်လည်းလုံလောက်မှုမရှိသေး |
| ငါးမျိုးကွဲများ | နိမ့် | ကျေးရွာတွင်ငါးမွေးသူမရှိသေးပါ။ |
| အခြားတိရစ္ဆာန်မျိုးကွဲများ | နိမ့် | ကျေးရွာတွင်၊ကြက်၊ဝက်၊ဘဲ၊သာမွေးမြူရသည်။ |
| စွန့်ပစ်ပစ္စည်း စီမံခန့်ခွဲမှု | လတ် | နေရာတကျစွန့်ပစ်ရန် ကျေးရွာအုပ်ချုပ်ရေးအဖွဲ့မှ ထိန်းချုပ်ထားပါသည်။ |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ လယ်သမား အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာတွင် စိုက်ပျိုးနေကြသော လယ်ယာမြေများမှာ အသင့်အတင့်ကောင်း မွန်ပါသည်။အချို့နေရာများ၌ လုံးဝကောင်းမွန်ခြင်းမရှိသေးပါ။မြေဆီသြဇာများဖြင့်ကောင်းမွန်အောင်ပြုပြင်နေကြဆဲဖြစ်သည်။သို့သော် မြေဆီသြဇာ ဈေးနှုန်းမှာအဆမတန်မြင့်မားနေပါသောကြောင့် အချို့မှာ မတတ်နိုင်ကြဘဲ ထိုမြေဆီလွှာအတိုင်းသာ စိုက်ပျိုးနေကြပါသည်။ထို့ကြောင့် သီးနှံအထွက်နှုန်းမှာ မှန်းသလောက်မရဘဲ လျော့ကျနေပါသည်။ထို့သို့ဖြစ်ရခြင်းမှာ အဓိက အရင်းအမြစ်ဖြစ်သော ရေလုံလောက်စွာ မရရှိမှုတို့ကြောင့်လည်းပါသည်။

## (၂.၇) ပညာရေး

### (၂.၇.၁) ပညာရေးနှင့် စာတတ်မြောက်မှု

ဇယား (၃၀) မူလတန်း၊ အလယ်တန်း၊ အထက်တန်းနှင့် တက္ကသိုလ်အဆင့် စာတတ်မြောက်မှုနှုန်း

| အတန်းပညာပြီးမြောက်မှု | ကျား | မ | ပေါင်း | ၉ နှစ်နှင့်အထက် လူဦးရေ၏% |
|---|---|---|---|---|
| စာမတတ်သူဦးရေ | ၄ | ၉ | ၁၃ | ၁.၅၃၃% |

| အတန်းပညာပြီးမြောက်မှု | ကျား | မ | ပေါင်း | ၉ နှစ်နှင့်အထက် လူဦးရေ၏% |
|---|---|---|---|---|
| ဘုန်းကြီးကျောင်းသင်ပညာရေး | ၂၃ | ၁၂ | ၃၅ | ၄.၁၃% |
| မူလတန်းပညာရေး မပြီးဆုံးသူဦးရေ | ၉၈ | ၁၂၃ | ၂၂၁ | ၂၆.၀၆% |
| မူလတန်းပညာရေး ပြီးဆုံးသူဦးရေ | ၂၁၈ | ၉၉ | ၃၁၇ | ၃၇.၃၈၂% |
| အလယ်တန်းပညာရေး ပြီးဆုံးသူဦးရေ | ၈၅ | ၈၂ | ၁၆၇ | ၁၉.၇% |
| အထက်တန်းပညာရေး ပြီးဆုံးသူဦးရေ | ၂၂ | ၃၀ | ၅၂ | ၆.၁၃၂% |
| တက္ကသိုလ်ပညာ ပြီးဆုံးသူဦးရေ | ၁၂ | ၃၁ | ၄၃ | ၅.၀၇% |
| **၉ နှစ်နှင့်အထက် လူဦးရေပေါင်း** | **၄၆၂** | **၃၈၆** | **၈၄၈** | ၁၀၀% |

ရင်းမြစ် …အိမ်ထောင်စုစာရင်း ကောက်ယူမှု။

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာတွင် ပညာတတ်မြောက်သူများအသင့်အတင့်ရှိပါသည်။သက်ကြီးရွယ်အိုများလောက်သာ စာမတတ်သူနှင့်ဘုန်းကြီးကျောင်းပညာရေးအဆင့်အများဆုံး သင်ကြားခွင့်ရနေခဲ့ကြပါသည်။ လူလတ်ပိုင်းများနှင့်သူငယ်တန်းများမှာ အနည်းဆုံး မူလတန်း စာပေ အဆင့်ထိ တတ်မြောက်ကြပါသည်။ ပညာတတ်ဘွဲ့ရမှာ ကျေးရွာ၏ သုံးပုံတစ်ပုံလောက်မျှမရှိသေးပါ။လူအများစုမှာ မူလတန်း၊အလယ်တန်း အဆင့်ထိသာ တက်ရောက်၍ ကျောင်းထွက်ကာ ဝင်ငွေရ အလုပ်များ လုပ်ကိုင်စားသောက်နေကြပါသည်။ကျေးရွာတွင် မူလတန်းအဆင့်ထိသာ ရှိ၍ အများစုမှာ မူလတန်းအောင်နှင့်အလယ်တန်းမှာ အင်းကုန်းသို့မဟုတ် နမ္မားတို့တွင် တက်ရောက်ပညာသင်ကြားကြရသည်။ အများစုမှာ နမ္မားအထက်တန်းကျောင်းတို့တွင်သွားရောက်ပညာသင်ကြားကြသည်။

## (၂.၇.၂) ကျောင်းတက်နှုန်း

ဇယား (၃၁) ကျောင်းတက်နှုန်း

| ပညာရေးအဆင့်အတန်း | ကျား | မ | ပေါင်း | စုစုပေါင်းကျောင်းနေအရွယ် လူဦးရေ၏% |
|---|---|---|---|---|
| မူလတန်း(၅-၉နှစ်) | ၅၄ | ၅၂ | **၁၀၆** | ၄၉.၃၀၂% |
| အလယ်တန်း (၁၀-၁၄နှစ်) | ၃၈ | ၃၅ | **၇၃** | ၃၄% |
| အထက်တန်း (၁၅-၁၆ နှစ်ကြား) | ၇ | ၁၄ | **၂၁** | ၉.၈% |
| တက္ကသိုလ် ကျောင်းသား၊ သူ | ၄ | ၁၁ | **၁၅** | ၇% |

ရင်းမြစ် … (၁) ကျောင်းဝင်စာရင်း၊ (၂) ဆယ်အိမ်မှူးများ။

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာအတွင်းရှိ ကျောင်းသား/သူဦးရေမှာ ၁၀၆ ဦးရှိပါသည်။ပညာတတ်မြောက်မှုမှာလည်းအသင့်အတင့်ရှိကြောင်းကို လေ့လာတွေ့ရှိပါသည်။သို့သော် ပညာတတ်ပြီးမြောက်မှုမရှိဘဲ တစ်ပိုင်းတစ်စနှင့်သာ လမ်းဆုံးခဲ့သော လူများလည်း များပြားကြောင်းကို တွေ့ရှိရပါသည်။ထိုသို့ဖြစ်ရခြင်းမှာ ပညာတတ်ဘွဲ့ရ များဖြစ်ကြသော်လည်း အလုပ်မရရှိကြဘဲ ရှေးရိုးစွဲ တောသူ/တောင်သား လယ်ယာစိုက်ပျိုးရေးဘဝနှင့်သာ လုပ်ကိုင်နေကြရခြင်းကြောင့်ဖြစ်ကြောင်းလေ့လာတွေ့ရှိရပါသည်။

## (၂.၇.၃) စာသင်ကျောင်းဆောင်အခြေအနေနှင့် ဝန်ဆောင်မှုများ

ဇယား (၃၂) စာသင်ကျောင်းဆောင် အခြေအနေနှင့် ဝန်ဆောင်မှုများ

| အကြောင်းအရာ | မူလတန်းကျောင်း | | | | | |
|---|---|---|---|---|---|---|
| ရွာမှအကွာအဝေး(မိုင်) | ပြည်ထောင်စုလမ်းမကြီးနှင့် ၁မိုင်ဝေး | | | | | |
| သယ်ယူပို့ဆောင်ရေးဝန်ဆောင်မှု | ခြေလျင် | | | | | |
| စာသင်ကျောင်းအရွယ်အစား (အလျား၊ အနံ၊အမြင့်) | အလျားပေ ၁၀၀၊အနံပေ၄၀၊ အမြင့်၁၆ပေ | | | | | |
| အမိုး၊နံရံ၊အခင်း အရည်အသွေး | သွပ်၊ပျဉ်ထောင်၊ပျဉ်ခင်း နှစ်ထမ်း ကြာလာ၍မကောင်းနှစ် ၆၀ရှိ | | | | | |
| ကျောင်းသုံးပရိဘောဂ(လုံလောက်မှုရှိ/မရှိ) နှင့် ကျောင်းအိမ်သာ အခြေအနေ | ပရိဘောဂလုံလောက်မှုမရှိ အိမ်သာကောင်း | | | | | |
| ကျောင်းအာဟာရတိုက်ကျွေးမှု (အာဟာရအမျိုးအစားနှင့် ကြိမ်ရေ) | ဆန်ပြုတ်(၅)ကြိမ် ၁နှစ်ပတ်လုံး | | | | | |
| ကျောင်းဆရာဦးရေ | **ကျား** | **မ** | **ပေါင်း** | **ကျား** | **မ** | **ပေါင်း** |
| အစိုးရခန့် | - | ၆ | **၆** | - | - | - |
| ကျေးရွာခန့် | | | | | | |

ရင်းမြစ် … (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ (၂) မိဘဆရာအသင်း။

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာအတွင်းရှိ စာသင်ကျောင်းမှာ ပျဉ်ထောင် ပျဉ်ခင်းသာ ဖြစ်ပါ သည်။ ကျောင်းဆောင်နှစ်ဆောင်ရှိပါသည်။ကျောင်းမှာ မူလတန်းကျောင်းဖြစ်ပါသည်။ကျောင်းမှာ ပျဉ်ခင်းဖြစ်၍နှစ်ထမ်း အလွန်ကြာရှည်နေပြီဖြစ်သောကြောင့် ကြမ်းခင်းများပေါက်၍ ကျောင်းသူ/သားများ အပေါက်ထဲ နင်းမိကာခြေထောက်များ ဒဏ်ရာရ ပေါက်ပြဲတတ်ပါသည်။ကျောင်း သွပ်မိုးမှာလည်း နှစ်ရှည်ကြာပြီဖြစ်သောကြောင့် အပေါက်များ ဖြစ်နေပါသည်။ထိုအပေါက်များသည် မိုးရွာလျှင် မိုးရေစိမ့်ကာ စာသင်နေသော ကျောင်းသားများကို အခက်အခဲ တွေ့စေကြောင်း တွေ့ရှိရပါသည်။ကျောင်း၏ ခြံစည်းရိုးမှာလည်း ကောင်းမွန်ခြင်းမရှိပါ။နွားများဝင်ထွက်လျက် ကျောင်းဝင်းအတွင်း စိုက်ပျိုးထားသော အပင်များကို စားသောက်ကုန်ပြီး ကျောင်း၏ ရန်ပုံငွေရရန် အခက်အခဲများရှိကြောင်း တွေ့ရပါသည်။

### (၂.၇.၄) ပညာရေးအခက်အခဲနှင့်ပြဿနာများ

ဇယား (၃၃) ပညာရေး အခက်အခဲနှင့် ပြဿနာများ

| အခက်အခဲ/ ပြဿနာ | ရှင်းလင်းချက် |
|---|---|
| ကျောင်းဆရာ/မ ရရှိနိုင်မှု | ၆ ဦး |
| တပည့် - ဆရာ အချိုး | ၁:၁၈ |
| မူလတန်းပညာ ကျောင်းထွက်နှုန်း | |
| မသန်စွမ်းသူများအတွက် ပညာရေး | မရှိပါ |

| အခက်အခဲ/ ပြဿနာ | ရှင်းလင်းချက် |
|---|---|
| အထူးအစီအစဉ် | |
| ကျောင်းသုံးစာအုပ်နှင့်စာရေးကိရိယာ | လိုအပ် |
| ဆင်းရဲသောမိသားစုများအတွက် ကျောင်းစရိတ်မတတ်နိုင်မှု | ထောက်ပံ့မှုမရှိ |
| ကျောင်းအားကစားဆိုင်ရာ ပစ္စည်းများ လက်လှမ်းမီမှု | အားနည်း |
| မိဘဆရာအသင်း၏အခန်းကဏ္ဍ | ပူးပေါင်းပါဝင်ဆောင်ရွက်မှု ရှိပါသည်။ |

ရင်းမြစ် … (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ (၂) မိဘဆရာအသင်း။

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာတွင် ကျောင်းသူကျောင်းသားများဦးရေမှာ မများပြားသော်လည်း နည်းသည့်ရွာထဲမှာလည်းမပါဝင်ပေ။သို့သော် ကျေးရွာအတွင်းရှိ စာသင်ကျောင်းမှာ မူလတန်းအဆင့်ထိသာရှိပါသည်။ကျောင်းဆရာမဦးရေမှာလည်း (၆)ယောက်သာရှိပါသည်။မူလတန်းလွန်လျှင် အခြားအလယ်တန်းကျောင်းနှင့်အထက်တန်းကျောင်းများသို့ သွားရောက်တတ်ရောက်ကြရပါသည်။ယခုတွင် မြန်မာ့သြဘာ လုပ်ငန်းမှ လှူဒါန်းသော ကျောင်းဆောင်သစ်ကို ဆောက်လုပ်နေကြပါသည်။ရွာသူရွာသားများနှင့် ကျောင်းသားမိဘများသည်မူလွန်ကျောင်းနှင့်ကျောင်းဆရာမလုံလောက်စွာ ရရန် မျှော်မှန်းနေကြပါသည်။အဘယ်ကြောင့်ဆိုသော် မူလတန်းမှ အခြား အလယ်တန်းကျောင်းသို့ ပြောင်းသွားသောကလေးများသည် အလွန်ငယ်သေးသော ကြောင့်ဖြစ်ပါသည်။ထိုကလေးများကို မိဘများက စိတ်မချကြသေးကြောင်းတွေ့ရှိရပါသည်။

## (၂.၈) ကျန်းမာရေးနှင့်အာဟာရ

### (၂.၈.၁) အဖြစ်များသောရောဂါများ

ဇယား (၃၄) အဖြစ်များသော ရောဂါများ

| # | ရောဂါ | ပျံ့နှံ့မှု/ဖြစ်ပွားမှု | | | မှတ်ချက် / သုံးသပ်ချက် |
|---|---|---|---|---|---|
| | | မြင့် | နိမ့် | မရှိ | |
| ၁ | ဝမ်းပျက်ဝမ်းလျှော | | √ | | တစ်ခါတစ်ရံ |
| ၂ | သွေးလွန်တုပ်ကွေး | √ | | | မိုးရာသီတွင်ဖြစ်တတ်သည်။ |
| ၃ | ငှက်ဖျား | √ | | | မိုးရာသီတွင်အဖြစ်များ |
| ၄ | အသက်ရှူလမ်းကြောင်း ကူးစက်ရောဂါ | √ | | | ကလေးငယ်များတွင်အဖြစ်များ |
| ၅ | HIV, AIDS, လိင်မှတဆင့် ကူးစက်နိုင်သောရောဂါများ | | √ | | ကူးစက်ရောဂါအနည်းငယ်ရှိ |
| ၆ | တီဘီ | | √ | | အနည်းငယ်ရှိ |
| ၇ | ဆီးချို | | √ | | အနည်းငယ်ရှိ |
| ၈ | သွေးတိုး | √ | | | အဖြစ်များရောဂါဖြစ်သည် |
| ၉ | အသည်းရောဂါ ( ဘီ၊ စီ) | √ | | | သေဆုံးသူ ၂ ယောက်<br>ဝေဒနာခံစားနေရသူ ၂ ယောက် |

| # | ရောဂါ | ပျံ့နှံ့မှု/ဖြစ်ပွားမှု | | | မှတ်ချက် / သုံးသပ်ချက် |
|---|---|---|---|---|---|
| | | မြင့် | နိမ့် | မရှိ | |
| ၁၀ | အာဟာရချို့တဲ့မှု | √ | | | ကိုယ်ခံအား ကျဆင်းအဖျားရောဂါ |
| ၁၁ | အခြား ကူးစက်နိုင်သော ရောဂါများ | √ | | | အရေပြားရောဂါယားနာဖြစ်သည်။ |

ရင်းမြစ် … (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု (၂) ကျေးလက်ကျန်းမာရေးဌာန/ကျေးလက်ကျန်းမာရေး ဌာနခွဲ။

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာတွင် ကျန်းမာရေးအနေဖြင့်အဖြစ်များသောအချိန်မှာ မိုးတွင်း ရာသီဖြစ်ပါသည်။ထိုရာသီတွင် ခြင်ပေါသော ရာသီဖြစ်၍ အဖြစ်များသော ရောဂါမှာ ငှက်ဖျားနှင့်တုပ်ကွေး ရောဂါများဖြစ်ပါသည်။ယခုတွင် အသက်ရှူလမ်းကြောင်းနှင့်ဆိုင်သော ရောဂါများ(ဘီ၊စီ)ရောဂါများ သည်ဆောင်းရာသီတွင် အဖြစ်များကြောင်း သိရသည်။အသည်းရောဂါ(ဘီ၊စီ)များသည် ကျေးရွာ၌ အဖြစ်များနေပါသည်။ကာကွယ်ဆေးများမှာ ဈေးအလွန်ကြီး မထိုးနိုင်သေးကြောင်းကိုလည်း သိရပါသည်။ အရေပြားရောဂါ(ယားနာ)မှာလည်း ကျေးရွာတွင်အဖြစ်များနေကြောင်းတွေ့ရှိရပါသည်။

## (၂.၈.၂) လွန်ခဲ့သော (၁၂) လအတွင်း ကာကွယ်ဆေးထိုးနှံမှု

ဇယား (၃၅) လွန်ခဲ့သော (၁၂) လအတွင်း ကာကွယ်ဆေးထိုးနှံမှုနှင့် အာဟာရဆန်းစစ်မှု

| စဉ် | ကာကွယ်ဆေးထိုးခြင်း၊ အာဟာရ | ရှိ | မရှိ | မှတ်ချက် / သုံးသပ်ချက် |
|---|---|---|---|---|
| ၁ | အဆုတ်ရောဂါ | √ | | သင့် |
| ၂ | ဆုံဆို့၊ ကြက်ညှာ၊ မေးခိုင်နှင့် အသည်းရောင် အသားဝါ | √ | | သင့် |
| ၃ | ပိုလီယိုရောဂါ | √ | | သင့် |
| ၄ | မေးခိုင် (ကိုယ်ဝန်ဆောင် ကာလအတွင်း) | √ | | ကာကွယ်ဆေးထိုးနှံမှုရှိ |
| ၅ | ဝက်သက်ရောဂါ | √ | | ကာကွယ်ဆေးထိုးနှံမှုရှိ |
| ၆ | အခြား စုပေါင်းကာကွယ်ဆေးထိုးနှံမှု | √ | | ကာကွယ်ဆေးထိုးနှံမှုရှိ |
| ၇ | အာဟာရမှတ်တမ်းယူမှု(အရပ်အမြင့်၊ အလေးချိန်၊ လက်မောင်းပတ်) | √ | | ကာကွယ်ဆေးထိုးနှံမှုရှိ |
| ၈ | အာဟာရပညာပေးအစီအစဉ် | √ | | ကာကွယ်ဆေးထိုးနှံမှုရှိ |

ရင်းမြစ် … (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ (၂) ကျေးလက်ကျန်းမာရေးဌာန/ကျေးလက်ကျန်းမာရေး ဌာနခွဲ။

**လေ့လာတွေ့ရှိချက်။** ။ ကျေးလက်ကျန်းမာရေးဝန်ထမ်းမှ ရွာသို့လာရန် လုပ်ဆောင်ပေးကြောင်း သိရှိ

ရပါသည်။၎င်းလုပ်ဆောင်ပေးရာတွင် ဆေးများလုံလောက်မှုမရှိ၍ ကျေးရွာမှ ဝယ်ယူကူညီပေးရပါသည်။ ကျေးရွာတွင် အရေးကြီးလူနာရှိပါက မြို့နယ်ဆေးရုံသို့ သွားရောက်ကုသကြရသည်။ကျေးရွာနှင့် မြို့နယ်မှာ ၁၀ မိုင်ကွာဝေးပါသည်။ကျေးရွာအတွင်း ကျန်းမာရေးဆေးခန်းရရှိလိုကြောင်း အမျိုးသမီး အဖွဲ့များမှ တောင်းခံထားပါသည်။၎င်းဆေးခန်းအတွက် မြေကွက်များလည်း ဝယ်ယူရန် နေရာရှိနေပြီဖြစ်၍ ငွေလုံးငွေရင်းများမရှိကြောင်း အမျိုးသမီးအဖွဲ့မှ ဆိုသည်။

**(၂.၈.၃) ကျန်းမာရေးအထောက်အပံ့များ(ဆေးရုံ/ဆေးပေးခန်းများ)**

ဇယား (၃၆) ကျန်းမာရေး အထောက်အပံ့နှင့် ဝန်ဆောင်မှုများ

| **ကျန်းမာရေး ဝန်ဆောင်မှု** | **ခရီး အကွာ အဝေး (မိုင်)** | **အခန်း/ ကုတင် (လုံလောက် မှုရှိ /မရှိ)** | **ကျန်းမာရေး ဝန်ထမ်းဦးရေ** | **ဆေးနှင့်ပတ်သက်သော အသုံးအဆောင် ပစ္စည်းများ (လုံလောက်မှု/ မလုံလောက်မှု)** | **မှတ်ချက်** |
|---|---|---|---|---|---|
| ကျေးလက် ကျန်းမာရေး ဌာန | ၁မိုင်ကျော် | မရှိ | ကျန်းမာရေးမှူး-<br>သားဖွားဆရာမ - ၁<br>အရံသားဖွားဆရာမ-<br>ကြီးကြပ် (၁) –<br>ကြီးကြပ် (၂) –<br>တိုင်းရင်းဆေးကု-<br>အရပ်လက်သည်-၁ | မလုံလောက် | ကျေးရွာ တွင်ဆေး ပေးခန်း နှင့်ဆရာ၊ ဆရာမ များလို ကြောင်း |
| တိုက်နယ် ဆေးရုံ | ၄မိုင် | ရှိ | ဆရာဝန် - ၁ ဦး<br>လ/ထ - ၅ ဦး<br>ကျန်းမာရေးမှူး- ၁ဦး<br>သူနာပြု - ၁ဦး<br>သားဖွားဆရာမ -၃<br>အရံသားဖွားဆရာမ-၁<br>ဓာတ်ခွဲကျွမ်းကျင်- | မလုံလောက် | အပြင် ဆေးခန်း တွင်ဝယ် ရပါသည်။ |
| မြို့နယ် ဆေးရုံ | ၁၀ မိုင် | ရှိ | ဆရာဝန် -<br>လ/ထ -<br>ကျန်းမာရေးမှူး-<br>သူနာပြု -<br>သားဖွားဆရာမ -<br>အရံသားဖွားဆရာမ-<br>ဓာတ်ခွဲကျွမ်းကျင်- | လုံလောက်မှု အားနည်း | |
| ဆေးဆိုင် | ၄ မိုင် | ရှိ | ဆေးဝါးကျွမ်းကျင်သူ- | လက်လှမ်းမှီမှု-သင့် | |

| ကျန်းမာရေး ဝန်ဆောင်မှု | ခရီး အကွာ အဝေး (မိုင်) | အခန်း/ ကုတင် (လုံလောက် မှုရှိ /မရှိ) | ကျန်းမာရေး ဝန်ထမ်းဦးရေ | ဆေးနှင့်ပတ်သက်သော အသုံးအဆောင် ပစ္စည်းများ (လုံလောက်မှု/ မလုံလောက်မှု) | မှတ်ချက် |
|---|---|---|---|---|---|
| | | | | ဆေးဝါး--သင့်<br>သိုလှောင်ပုံစနစ်--<br>အအေးခန်းစနစ်-- | |

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ (၂) ကျေးလက်ကျန်းမာရေးဌာန/ကျေးလက်ကျန်းမာရေး ဌာနခွဲ။

**လေ့လာတွေ့ရှိချက်။** ။ ကျွန်းကုန်းကျေးရွာသည် ကျေးရွာကြီးဖြစ်သော ဆေးရုံဆေးခန်းများ မရှိသောကြောင့် တခြားကျေးရွာများတွင် သွားရောက်ဆေးကုသခံရပါသည်။ကျေးရွာသူ ကျေးရွာသားများသည် သွားရောက်ဆေးကုသခံရန် တစ်ခြားကျေးရွာများကိုသွားရန် လမ်းပန်းခရီးမှာလည်း အလွန်ပင်ခက်ခဲလှပါသည်။တစ်ချို့ ကျေးရွာသူကျေးရွာသားများသည် ငွေကြေး အလုံအလောက်မရှိကြ၍ တခြားနယ်များတွင် သွားရန်လည်း ခက်ခဲလှသောကြောင့်အသက်ပျောက် သေဆုံးခြင်းများလည်း ရှိပါသည်။လူတစ်ယောက်တွင် ကျန်းမာရေးသည် အလွန်ပင်အရေးကြီးလှပါသည်။ကျေးရွာတွင် ဆေးပေးခန်းများ မရှိသောကြောင့် ကျန်းမာရေးနှင့်ပတ်သက်သော ဆေးရုံဆေးခန်းများ မရှိသောကြောင့်ကျေးရွာသူကျေးရွာသားများ၏ ကျန်းမာရေးမှာလည်း ကောင်းမွန်လှခြင်းမရှိကြောင်းကို လေ့လာတွေ့ရှိရပါသည်။

## (၂.၉) ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး

### (၂.၉.၁) သောက်သုံးရေရရှိမှု

ဇယား (၃၇) သောက်သုံးရေရရှိနိုင်မှု

| ရေရရှိနိုင်မှု | အရေ အတွက် | အကောင်း/ အဆိုး | လက်ရှိ/လုံလောက်မှု | | | အခြား |
|---|---|---|---|---|---|---|
| | | | နွေ | မိုး | ဆောင်း | |
| ရေတွင်း | ၆၆ | အဆိုး | | √ | √ | |
| အဝီစိတွင်း (စက်တပ်) | ၁ | အဆိုး | | √ | √ | |
| အဝီစိတွင်း/တုံကင် | ၈ | အဆိုး | | √ | | |
| ကန် | | | | | | |
| မြစ်/ချောင်း | | | | | | |
| မိုးရေသိုလှောင်ကန် | ၃ | အဆိုး | | √ | | |
| စိမ့်စမ်းရေသွယ်တန်းခြင်း | ၁၈၁ | အဆိုး | √ | √ | √ | |
| အခြား | | | | | | |

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး

အုပ်စု၊ (၃) ကျေးရွာသယံဇာတပြမြေပုံ။

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာအတွင်းရှိရေသည် မိုးတွင်းတွင် လုံလောက်စွာရရှိသော်လည်း နွေပိုင်းနှင့် ဆောင်းပိုင်းတွင်မူ ရေရှားပါးမှုပြဿနာကို ကြုံတွေ့ရပါသည်။ကျေးရွာသည် ကုန်းမြင့်ဒေသ ဖြစ်နေ၍ ရေခမ်း ခမ်းခြောက်မှုပြဿနာများ ကြုံတွေ့နေရပါသည်။ကျေးရွာတွင် စိမ့်စမ်းရေများရှိသော်လည်း ရွာမှာကျယ်ဝန်းသော ကြောင့် လုံလောက်စွာ မရရှိနိုင်ပေ။ထိုရေရှားပါးမှု ပြဿနာမှာ တစ်နှစ် တစ်ရာသီလည်းမဟုတ် နှစ်စဉ် နှစ်တိုင်း ပင်ကြုံတွေ့နေရပါသည်။ထိုသို့ ရေရှားပါးမှု ပြဿနာများကြောင့်ရွာသူရွာသားများမှာ အလွန်ပင် စိတ်ညစ်နေပါ သည်။ထို့ကြောင့်ကျေးရွာတါင် ရေလိုအပ်မှုသည် အထူးပြဿနာတစ်ရပ်ဖြစ်ကြောင်းတွေ့ရပါသည်။

## (၂.၉.၂)သန့်ရှင်းရေးအခြေအနေ (အိမ်သာအမျိုးအစားနှင့် အိမ်ထောင်စုအရေအတွက်)

ဇယား (၃၈) အိမ်သာ အမျိုးအစား

| သုံးစွဲနိုင်သောအိမ်သာအမျိုးအစား | သုံးစွဲနိုင်သော အိမ်ထောင်စု | ရှင်းလင်းချက် |
|---|---|---|
| ယင်လုံအိမ်သာ | ၂၀၅ | တစ်ရွာလုံးယင်လုံအိမ်သာများသာသုံးစွဲ |
| ကျင်းအိမ်သာ | ၂ | ကျင်းအိမ်သာများသုံးစွဲသူ |
| မြေပေါ် အိမ်သာ | - | |
| တောထိုင် | - | |
| **စုစုပေါင်း** | **၂၀၇** | |

ရင်းမြစ်… (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ (၃) ကျေးလက်ကျန်းမာ ရေးဌာန/ကျေးလက်ကျန်းမာရေး ဌာနခွဲ။

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာတွင်းရှိ တံတားများမှာ ဝါးတံတားများလောက်သာရှိပါသည်။ထိုဝါးတံတား များမှာ မိုးတွင်းတွင် သွားလာရန်ခက်ခဲလှပါသည်။ကျေးရွာတွင်းရှိ တံတားများကို ပြုပြင်ရန်အတွက် ရွာသူရွာသား များမှာ ငွေကြေးလုံလောက်မှုမရှိသောကြောင့်ဖြစ်ပါသည်။မိုးတွင်းဆိုလျှင် တံတားများမှာ ခိုင်ခံ့မှုမရှိသောကြောင့် ကြိုးပဲ့ပျက်စီးနေပါသည်။ထိုသို့ ကြိုးပဲ့ပျက်စီးသော တံတားများကို ရွာသူရွာသားများမှာ ယနေ့တိုင် ခက်ခက်ခဲခဲ ဖြင့် သွားလာနေကြောင်းကို လေ့လာတွေ့ရှိရပါသည်။

## (၂.၁၀) ကျား-မ ကိစ္စရပ်ဆိုင်ရာ

ဇယား (၃၉) ကျား-မ ကိစ္စရပ်ဆိုင်ရာ

| # | ကျား-မ ကိစ္စရပ်ဆိုင်ရာ | ရှိ | မရှိ | မှတ်ချက် / သုံးသပ်ချက် |
|---|---|---|---|---|
| ၁ | ကျေးရွာ စီမံခန့်ခွဲမှုစနစ်တွင် အမျိုးသမီး တက်ကြွစွာ ပါဝင်မှု/ ခေါင်းဆောင်မှု | √ | | ကျေးရွာတွင် ဆယ်အိမ်ခေါင်း တစ်ခေါင်းကိုအမျိုးသမီးတစ်ဦးအား ခန့်အပ်ထားရှိပါသည်။ |
| ၂ | ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် အဖွဲ့အစည်း များတွင် အမျိုးသမီးများ တက်ကြွစွာ ပါဝင် ဆောင်ရွက်မှု | √ | | ကျေးရွာတွင်အမျိုးသမီးများဦးဆောင် ၍မိခင်နှင့်ကလေးစောင့်ရှောက်ရေး အဖွဲ့များ ဘာသာရေးနှင့်ပတ်သက် သည့်အဖွဲ့အစည်းများဖွဲ့စည်းလုပ်ရှား နေပါသည်။ |

| # | ကျား-မ ကိစ္စရပ်ဆိုင်ရာ | ရှိ | မရှိ | မှတ်ချက် / သုံးသပ်ချက် |
|---|---|---|---|---|
| ၃ | လွန်ခဲ့သောနှစ်အတွင်း ကျေးရွာအတွင်းရှိ မိန်းကလေးများ/အမျိုးသမီးများအား သံသယဖြစ်ဖွယ် အကြမ်းဖက်မှု (သို့) တိုင်ကြားမှုများ | √ | | ကျေးရွာအတွင်းရှိအမျိုးသမီးကြီး တစ်ဦးအား မူးယစ်ဆေးရောင်းဝယ်မှု နှင့်ရပ်ရွာလူကြီးများမှသံသယထား စောင့်ကြည့်နေပါသည်။ |
| ၄ | အမျိုးသမီးရေးရာ အကြမ်းဖက်မှုများအတွက် ဥပဒေနှင့် တရားမျှတမှုဆိုင်ရာများအတွက် လူထု၏ အသိအမြင်ရှိမှု | √ | | ပြစ်မှုကြူးလွန်သော အမျိုးသမီးမျိုးကို နိုင်ငံတော်မှချမှတ်သည့်ဥပဒေကို ရင်ဆိုင်ရန် |
| ၅ | အခြား (ရှိလျှင်) | | √ | |

ရင်းမြစ်… (၁) အဖွဲ့အစည်းများစာရင်း၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာတွင်းရှိ အမျိုးသမီးများသည် စည်းလုံးညီညွတ်စွာဖြင့် ရပ်ရွာဖွံ့ဖြိုးရန် အတွက် လူမှုရေး၊ဘာသာရေး အစရှိသည်တို့တွင် လူမှုရေး စိတ်ဓါတ် အပြည့်ဖြင့် ဦးဆောင်လှုပ်ရှားကြပါသည်။ထိုသို့ ဦးဆောင်ရာတွင်သူသာသည်ငါသာသည်ဟု သဘောမထားဘဲ အချင်းချင်း တိုင်ပင်၍ စည်းလုံးညီညွတ်စွာ ဦးဆောင်မှု ပြုကြပါသည်။သံသယထားရှိခံရသောအမျိုးသမီးများကိုလည်း ရပ်ရွာလူကြီးမှ သံသယထားရှိခံရမည့် အလုပ်မလုပ်ရန် ရပ်ရွာလူကြီးအဖွဲ့အစည်းများမှ တားမြစ်သတိပေးထားပါသည်။

## (၂.၁၁) အခြေခံ အဆောက်အဦများ အခြေအနေ

### (၂.၁၁.၁) ကျေးရွာ၏ လမ်းတည်ရှိမှု

ဇယား (၄၀) ကျေးရွာ၏ လမ်းတည်ရှိမှုအခြေအနေ

| လမ်း အမျိုးအစား | အမျိုးအစား (၁/၂/၃) | ကောင်း /ဆိုး | တည်ဆောက်ခဲ့သောနှစ် | ရာသီအလိုက် သုံးစွဲနိုင်မှု | | လမ်းအရှည် (မိုင်) |
|---|---|---|---|---|---|---|
| | | | | ပွင့်လင်းရာသီ | တစ်နှစ်ပတ်လုံး | |
| ရွာတွင်းလမ်း | ၁ | ဆိုး | ရွာတည် | | √ | ၂ မိုင် ၃ဖာလုံ |
| ချဉ်းကပ်လမ်း | ၃ | ဆိုး | ၂၀၁၄ | | √ | |
| ရွာချင်းဆက်လမ်း | ၂ | ဆိုး | ၂၀၁၅ | | √ | ၂ မိုင် ၂ဖာလုံ |
| အခြား | | | | | | |

ရင်းမြစ်…ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

မှတ်ချက်။ မြေသားလမ်း - ၁၊ ကျောက်ခင်းလမ်း - ၂၊ ကတ္တရာလမ်း/ကွန်ကရစ်လမ်း - ၃

**လေ့လာတွေ့ရှိချက်။** ။ ရွာအတွင်းရှိလမ်းမှာ မြေသားလမ်းဖြစ်ပြီး လမ်းအခြေအနေမှာနွေရာသီနှင့် ဆောင်းရာသီတွင်သာ သွားရလာရ လွယ်ကူပြီး မိုးရာသီတွင် အခက်အခဲများစွာနှင့်ကြုံတွေ့ရပါသည်။ မိုးရာသီတွင် မိုးများရွာသောလမ်းများ သည် ဗွက်အိုင်များ ဗွက်ထ၍ အသွားအလာများသောနေရာတွင် အကြွင်းအချိုင့်ကြီးများဖြစ်ကာ ထိုအကြွင်းအချိုင့်ကြီးများတွင် ရေများဝင်ရောက်နေရာယူထားပါသည်။

ထို့ကြောင့်လမ်းမှာ ကျဉ်းမြောင်းသွားကာ ဆိုင်ကယ်၊စက်ဘီးများဆုံလျှင်ကွင်းရခက်ခဲသွားပါသည်။ ရွာအတွင်းရှိလမ်းမှာ တောင်ကုန်းတောင်တက်များ များသောကြောင့် မိုးရွာလျှင် ထိုနေရာများတွင် စက်ဘီး၊ဆိုင်ကယ် စလစ် ဖြစ်ကာ မှောက်တတ်ကြပါသည်။ဝါတွင်းကာလဖြစ်၍ ဥပုဒ်သီတင်း ဆောက်လုပ်ရန် ဘုန်းကြီးကျောင်းသို့ သွားသော သက်ကြီးရွယ်အိုများ သွားလို့မရပါ။

## (၂.၁၁.၂) ကျေးရွာ၏ တံတားတည်ရှိမှု

ဇယား (၄၁) ကျေးရွာ၏ တံတားတည်ရှိမှုအခြေအနေ

| တံတား အမျိုးအစား | အရွယ်အစား | ကောင်း/ဆိုး | တည်ဆောက် ခဲ့သောနှစ် | အသုံးပြုနိုင်သည့်ရာသီ | |
|---|---|---|---|---|---|
| | | | | ပွင့်လင်းရာသီ | တစ်နှစ်ပတ်လုံး |
| ဆိပ်ခံတံတား | | | | | |
| ကွန်ကရစ်တံတား | | | | | √ |
| ကြိုးတံတား | | | | | √ |
| ရေပြွန် | | ဆိုး | ၂၀၁၄ | | √ |
| အခြား(သစ်သား) | | | | | √ |

ရင်းမြစ်…ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာအတွင်း လမ်းတံတားမှာ ကွန်ကရစ်တံတား ရေပြွန်များရှိသည်။ ကျေးရွာချင်းဆက် လမ်းတံတားမှာ ကောင်းမွန်ခြင်းမရှိပါ။ကျေးရွာတွင် လမ်းတံတား ကွန်ကရစ်တံတား ၂စင်းရှိပြီးရေပြွန်မှာ ၁ စင်းရှိသည်။ကျွန်းကုန်း-မြင်သာ ရွာချင်းဆက်လမ်းတံတားမှာ နှစ်ထမ်းကြာနေပြီဖြစ်၍ ပြုပြင်ထိန်းသိမ်း၍ သွားလာနေကြသည်။ကျွန်းကုန်း-ခရုချောင်း ရွာချင်းဆက်လမ်းတံတားမှာလည်း ကောင်းမွန်ခြင်းမရှိပါ။ကွန်ကရစ် တံတား ၃စင်းနှင့်ရေပြွန်ကြီး ၁ခု၊ရေပြွန်သေး ၉ စင်းရှိကာ အချို့ ရေပြွန်များမှာ ဝါးကြမ်းဖြင့် ခင်းထားသည်။သွားလာရာတွင် လမ်းတံတားမှာ အဆင်ပြေချောမွေ့မှုမရှိသေးပါ။

## (၂.၁၁.၃) ရေကြောင်းသယ်ယူပို့ဆောင်ရေး

ဇယား (၄၂) ရေကြောင်း သယ်ယူပို့ဆောင်ရေး

| သယ်ယူပို့ဆောင်ရေး | အကွာအဝေး (မိုင်) | ယာဉ် အမျိုးအစား | ရာသီအလိုက် သုံးစွဲနိုင်မှု | |
|---|---|---|---|---|
| | | | ပွင့်လင်းရာသီ | တစ်နှစ်ပတ်လုံး |
| မြစ်ကြောင်း | | | | |
| ပင်လယ်ရေကြောင်း | | | | |
| အခြား | | | | |

ရင်းမြစ်…ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

မှတ်ချက်။ ၁ – လှေ၊သမ္ဗာန် ၂ - မော်တော် ၃ - သင်္ဘော

**လေ့လာတွေ့ရှိချက်။** ။ ပင်လယ်၊မြစ်ကမ်းနှင့်ချောင်းကြီးမြောင်းကြီးများနှင့် ဝေးသောဒေသဖြစ်၍ ရေကြောင်းသယ်ယူပို့ဆောင်ရေးမှာ မရှိပါ။

### (၂.၁၁.၄) သယ်ယူပို့ဆောင်ရေးယာဉ်များနှင့် ဝန်ဆောင်မှုများ

ဇယား (၄၃) သယ်ယူပို့ဆောင်ရေးယာဉ်များ

| ယာဉ်အမျိုးအစား | စက်လှေ | လှေ၊ သမ္ဗာန် | စက်ဘီး | မော်တော်ဆိုင်ကယ် | သုံးဘီးဆိုင်ကယ်၊ ထော်လာဂျီ | ကား | မြင်းလှည်း | နွားလှည်း |
|---|---|---|---|---|---|---|---|---|
| အရေအတွက် | | | ၁၂၁ | ၂၁၈ | ၁၄ | ၂ | | ၁၀၄ |

ရင်းမြစ်…အိမ်ထောင်စုစာရင်း ကောက်ယူမှု။

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာသည် တောင်သူလယ်သမားများသာ အဓိကရှိ၍ မဆင်းရဲသော်လည်းချမ်းသာသည့်သူများမဟုတ်ကြပါ။ထို့ကြောင့် စက်ဘီး၊ဆိုင်ကဘ်၊နွားလှည်းသာအများဆုံးအသုံးပြုကြသောရွာဖြစ်ပါသည်။အချို့အခြားစီးပွားရေးလုပ်ငန်းနှင့်အောင်မြင်နေသောလူများသာ ကားနှင့်ထော်လာဂျီများ ဝယ်စီးနိုင်ပါသည်။ကျေးရွာတွင်အရေးကြုံပါက လိုအပ်သော လူနာတင်ကားနှင့်မီးလောင်လျှင် အဆင်သင့်အသုံးပြုနိုင်သော မီးသတ်ကားများလိုအပ်နေပါသည်။နာရေးကူညီမှုအသင်းအဖွဲ့များလည်းမရှိသေးပါ။

ဇယား (၄၄) လျှပ်စစ်မီးရရှိမှု အခြေအနေ

| ရင်းမြစ် | အိမ်ထောင်စု | ပြုပြင်ထိန်းသိမ်းရေးစနစ် (ကောင်း/သင့်/ညံ့) | အခက်အခဲရှိ/မရှိ |
|---|---|---|---|
| မဟာဓာတ်အားလိုင်း | ၉၀ | သင့် | ရှိ |
| ဆိုလာစနစ် | ၈၆ | သင့် | ရှိ |
| အသေးစားရေအားလျှပ်စစ် | | | |
| ဒီဇယ်သုံးအင်ဂျင် | | | |
| လေစွမ်းအင် | | | |
| ဇီဝလောင်စာ | | | |
| အခြား | | | |

ရင်းမြစ်… (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာတွင် မဟာဓါတ်အားလိုင်းကို ယခု၂၀၁၆ခုနှစ်မှ စ၍ ရရှိခဲ့ပါသည်။သို့သော်ချောင်လည်သောအိမ်များသာ သုံးစွဲခွင့်ရပါသည်။အချို့အိမ်များတွင် ဆိုလာများ တစ်ချို့အလွန်ဆင်းရဲသောအိမ်များတွင် ဖယောင်းတိုင်များနှင့်သာ အသုံးပြုနေကြဆဲဖြစ်သည်။ကျေးရွာသည် အလျားရှည်သောကြောင့်အချို့နေရာများတွင် မီးတိုင်များမလောက်၍ ဓါတ်အားလိုင်းယူရန် တတ်နိုင်သော အိမ်များရှိနေပါသေးသည်။ကျေးရွာတွင် ဓါတ်အားလိုင်းကြိုး မရောက်ရှိသေးသော ရပ်ကွက်များရှိနေသေးသည်။

### (၂.၁၂) ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်ဆိုင်ရာနည်းပညာ

ဇယား (၄၅) ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာ အခြေအနေ

| စဉ် | ဖုန်း | ရေဒီယို | တီဗွီ | ဗြိုလ်တုစလောင်း | အခြား |
|---|---|---|---|---|---|
| အရေအတွက် | ၃၄၀ | ၅၉ | ၁၄၂ | ၆၇ | |

ရင်းမြစ်… (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ သတင်းအချက်အလက် ဆက်သွယ်ရေးနှင့်ပတ်သက်၍ ကျေးရွာအတွင်း၌ အချို့နေရာများတွင် အသင့်အတင့်ကောင်းမွန်သော်လည်း အချို့နေရာများတွင်မူ အင်တာနက်နှင့် စသည့်သတင်းအချက်အလက်များရရန်ပင် ခက်ခဲနေသည့် နေရာဒေသများရှိနေပါသေးကြောင်း လေ့လာတွေ့ရှိရပါသည်။ကျေးရွာတွင် ဆက်သွယ်ရေး လိုင်းများကောင်းမွန်ခြင်းမရှိသေးပါ။လိုအပ်ချက်များနှင့် သတင်းအချက်အလက်များရရန် အခက်အခဲရှိသည်။သတင်းအချက်အလက်နှင့်နည်းပညာများအတွက် စလောင်းများ ဝယ်ယူကြည့်ကြရန် လိုအပ်နေသေးကြောင်း တွေ့ရှိရပါသည်။

## (၂.၁၄) ယဉ်ကျေးမှုနှင့်လူငယ်ဖွံ့ဖြိုးရေး

ဇယား (၄၆) ယဉ်ကျေးမှုနှင့်လူငယ်ဖွံ့ဖြိုးရေး အခြေအနေ

| လုပ်ငန်းအမည် | ဝန်ဆောင်မှု |
|---|---|
| အပန်းဖြေနိုင်သည့်နေရာများအား လက်လှမ်းမီမှု | မရှိ |
| လူမှုရေးလုပ်ငန်းများတွင်ပါဝင်မှု | ရှိ |
| ဘာသာရေးလုပ်ငန်းများတွင်ပါဝင်မှု | ရှိ |
| အားကစားပစ္စည်းများအား လက်လှမ်းမီမှု | အားနည်း |
| ဖွံ့ဖြိုးရေးလုပ်ငန်းများတွင်ပါဝင်မှု | အားနည်း |
| ရိုးရာယဉ်ကျေးမှုထိန်းသိမ်းရေး | ရှိ |
| စာကြည့်တိုက်၊အင်တာနက်စသည်များ အား လက်လှမ်းမီမှု | အားနည်း |

ရင်းမြစ်…ဦးတည်အုပ်စု ဆွေးနွေးခြင်း - လူငယ် အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာတွင် ဘာသာရေးအဖွဲ့အစည်းများတွင် အမျိုးသမီးများသည် အားတက်သရောပါဝင်လုပ်ဆောင်နေကြပါသည်။အားကစားကို ဝါသနာပါကြသော်လည်း ကျွမ်းကျင်နည်းပြများမရှိ၍ လူငယ်များ နည်းလမ်းကောင်းများနှင့်ကျွမ်းကျင်နည်းပြများ လိုအပ်နေသည်။အားကစားကွင်းသည်လည်း တစ်ဖက်နိမ့်လျှောဖြစ်နေ၍ ကစားရာ၌အဆင်မပြေ အခက်အခဲဖြစ်နေကြောင်း တွေ့ရှိရပါသည်။လူငယ်များသည် အားကစားများကို စိတ်အားထက်သန်ကြသည်။ကွင်းမကောင်းသဖြင့် ကစားရာတွင် အဆင်မပြေကြပါ။ အားကစားကွင်းမှာ ဘောလုံးကွင်းတစ်ခုတည်းသာရှိသည်။

## (၂.၁၅) ကျေးရွာတည်ငြိမ်ရေးနှင့် ဘေးကင်းလုံခြုံရေး အခြေအနေ

### (၂.၁၅.၁) လုံခြုံရေးဆိုင်ရာ ဝန်ဆောင်မှုများအား လက်လှမ်းမီမှု

ဇယား (၄၇) ဘေးကင်းလုံခြုံရေး၊ ဝန်ဆောင်မှု အထောက်အကူများအား လက်လှမ်းမီမှု

| ဝန်ဆောင်မှုများ | ရှင်းလင်းချက် |
|---|---|
| ဆက်သွယ်ရေးဆိုင်ရာ အဆောက်အဦ များအား လက်လှမ်းမီမှု | အားနည်း |

| ဝန်ဆောင်မှုများ | ရှင်းလင်းချက် |
|---|---|
| အာမခံလုပ်ငန်းများအား လက်လှမ်းမီမှု | အားနည်း |
| လူထုအခြေပြု သဘာဝဘေးအန္တရာယ် လျှော့ချရေးအစီအစဉ် | အားနည်း |
| ရဲစခန်းများအား လက်လှမ်းမီမှု | အားနည်း |
| အခြား | |

ရင်းမြစ်…ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ။

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာလုံခြုံရေးမှာ အသင့်အတင့်ရှိပါသည်။ယခုတွင် စိုးရိမ်နေကြရသည့် အကြောင်းအရင်းတစ်ခုမှာ မူးယစ်ဆေးစွဲသူတွေကြောင့်ဖြစ်သည်။ထိုသူများသည် ခိုးယူလုယက်မှုများကို သူတို့အစာ ရရှိရေးအတွက် ကျေးရွာတွင် လုပ်ဆောင်လာကြောင်း တွေ့ရပါသည်။တောင်သူများ လယ်သိမ်းချိန်တွင် လယ်တွင်းရှိ စပါးများခိုးယူခြင်းခံနေကြရသည်။အသီးအရွက် စိုက်ပျိုးသူများလည်း ခိုးယူခြင်းခံနေကြရသည်။ကျေးရွာအတွင်း ဝက်၊ကြက်၊ဆိုင်ကယ်၊စပါး ၊ဆန် တွေပါ ခိုးယူခြင်းခံနေကြရသည်။ ကျေးရွာ၏ မြောက်ဘက်တွင် ခြံခိုပြီး မူးယစ်ဆေးများကို ရောင်းချနေကြသော်လည်း ရပ်ရွာလူကြီးများ လူစုပြီး ဖမ်းသော်လည်း လမ်းကြောင်းများသောကြောင့် မမိသေးချေ။ယခု ခိုးမှုပြဿနာ မှာ မကြာမကြာရှိနေပါသည်။

### (၂.၁၅.၂) မှုခင်းဖြစ်ပွားမှု

ဇယား (၄၈) မှုခင်းဖြစ်ပွားမှု အခြေအနေ

| | လူကုန်ကူးမှု | ခိုးမှု | မူးယစ်ဆေးသုံးစွဲမှု | အကြမ်းဖက်မှု |
|---|---|---|---|---|
| စိုးရိမ် /သာမန် | ၂ | ၁ | ၁ | ၂ |

ရင်းမြစ်…ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု။

မှတ်ချက် - စိုးရိမ် = ၁၊ သာမာန် - ၂

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာတွင် မူးယစ်ဆေး သုံးစွဲသူများပြားလာသောကြောင့် ခိုးမှုနှင့်လုယက်မှုများ အဖြစ်များလာကြောင်း တွေ့ရှိရပါသည်။

**ကျေးရွာ ဖွံ့ဖြိုးရေးကွင်းဆက် (ပြဿနာ ဆန်းစစ်ခြင်းမှ ဖြေရှင်းနည်း အထိ**

| စဉ် | ပြဿနာ | အကြောင်းရင်း | အခြေအနေကောင်းများ | အဟန့်အတားနှင့် စိန်ခေါ်မှု | ဖြေရှင်းမည့်နည်းလမ်းများ | အဆိုပြုစီမံချက်နှင့် လုပ်ငန်းများ |
|---|---|---|---|---|---|---|
| ၁ | **စိုက်ပျိုးရေးကဏ္ဍ** | | | | | |
| ၁ | စိုက်ပျိုးရန်မျိုးကောင်းမျိုးသန့်များ လိုအပ်ခြင်း | မျိုးကောင်းမျိုးသန့်များမရှိသောကြောင့် ဈေးကွက်လက်လှမ်းမှီမှုမရှိခြင်း၊ မြေသြဇာကောင်းသောမြေကွက်များ အလဟဿဖြစ်ခြင်း၊ | ကျေးရွာနှင့်နီးသောမြို့နယ်တွင် မျိုးကောင်းမျိုးသန့်ဆိုင်များရှိခြင်း၊ ကျေးရွာအတွင်း မျိုးကောင်းများ လာရောက်ရောင်းချခြင်း၊ | ငွေကြေးအရင်း အနီးလက်လှမ်း မမှီခြင်း၊ | ကျေးလက်ဖွံ့ဖြိုးရေးနှင့်ပူးပေါင်း၍ သက်ဆိုင်ရာမှ မျိုးကောင်းမျိုးသန့်များရရှိအောင်ဆောင်ရွက်ခြင်း | ကျေးရွာ၏စိုက်ပျိုးရေးတိုးတက်စေရန် နိုင်ငံတော်မှ အကူအညီပေးဆောင်ရွက်ရန်၊ ကျေးလက်ဖွံ့ဖြိုးရေးနှင့်ပူးပေါင်း၍နိုင်ငံတော်မှ အကူအညီရရန် ဆောင်ရွက်ရန်။ |
| ၂ | **လူငယ်များအဖွဲ့** | | | | | |
| ၁ | အမျိုးသမီးများ အသက်မွေးဝမ်းကျောင်းအတွက် စက်ချုပ်သင်တန်းများလိုအပ်ခြင်း | စက်ချုပ်ဆိုင်များ ကျေးရွာတွင် မရှိခြင်း၊ စက်ချုပ်ကျွမ်းကျင်သူများကျေးရွာတွင် မရှိသေးခြင်း၊ | စိတ်ဆန္ဒရှိခြင်း | ငွေကြေး အရင်း အနီးမပြည့်စုံခြင်း၊ သင်တန်းကြေးများဈေးကြီးသောကြောင့် မတက်ရောက်နိုင်ကြခြင်း၊ | ကျေးလက်ဖွံ့ဖြိုးရေးဦးစီးဌာနနှင့်ပူးပေါင်း၍ ကျေးရွာရှိ အမျိုးသမီးများ စက်ချုပ်အခမဲ့ သင်တန်းများရရှိရန် | အခမဲ့စက်ချုပ်သင်တန်းများကိုဖွင့်လှစ်ပေးရန်၊ကျေးလက်ဖွံ့ဖြိုးရေးနှင့်ပူးပေါင်း၍ နိုင်ငံတော်မှ ကူညီပေးအောင်ဆောင်ရွက်ရန်၊ |

| စဉ် | ပြဿနာ | အကြောင်းရင်း | အခြေအနေကောင်းများ | အဟန့်အတားနှင့် စိန်ခေါ်မှု | ဖြေရှင်းမည့်နည်းလမ်းများ | အဆိုပြုစီမံချက်နှင့် လုပ်ငန်းများ |
|---|---|---|---|---|---|---|
| ၂ | | | | | ဆောင်ရွက်ခြင်း၊ | |
| **၃** | **စိုက်ပျိုးရေး** | | | | | |
| ၁ | စိုက်ပျိုးရေးနှင့် ပတ်သက်သည့် စက်ကရိယာများ လိုအပ်ခြင်း၊ | စိုက်ပျိုးရေး စက်ကရိယာများ မပြည့်စုံသောကြောင့် စိုက်ပျိုးရေး နောက်ကျခြင်း၊ | ကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းများကို အစဉ်အမြဲတိုးချဲ့လုပ်ကိုင်နေခြင်းကြောင့် ငွေကြေးအရင်းအနှီး အနည်းငယ်ရှိခြင်း၊ | စိုက်ပျိုးယာဉ်ကြီးများ ဝယ်ယူရန် ငွေကြေးအရင်းအနှီးလုံလောက်မှုမရှိခြင်း၊ | ကျေးလက်ဖွံ့ဖြိုးရေးနှင့်ပူးပေါင်း၍ နိုင်ငံတော်မှကူညီဆောင်ရွက်ပေးခြင်း၊ | ကျေးရွာစိုက်ပျိုးရေး တိုးတက်မှုအတွက် နိုင်ငံတော်မှ စက်ကရိယာ ယာဉ်ကြီးများ ကျေးရွာသို့ချပေးခြင်းဖြင့် အကူအညီများပေးရန်၊ |
| **၄** | **လူငယ်များအဖွဲ့** | | | | | |
| ၁ | အသက်မွေးဝမ်းကြောင်းနှင့်ပတ်သက်သောနည်းပညာများအားနည်းခြင်း၊ | မြို့ပြများနှင့်အလှမ်းဝေးခြင်း၊ ကျေးလက်ဒေသဖြစ်၍ အသိပညာဗဟုသုတများအားနည်းပါးခြင်း၊ လစဉ်အသက်မွေးဝမ်းကျောင်းနှင့်ဆိုင်သောပညာများကိုကောင်းမွန်စွာ သင်ကြားပေး | မည်သည့်လုပ်ငန်းမဆို စိတ်အား ထက်သန်စွာလုပ်ကိုင်လိုကြခြင်း၊ အချင်းချင်းစည်း လုံးညီညွတ်စွာ လုပ်ကိုင်လိုကြခြင်း၊ အလုပ်အကိုင် ရရှိခြင်း၊ | ကျောင်းနေဘွဲ့ရသော်လည်း အလုပ်အကိုင်မရရှိ၍ ရပ်ဝေးမြေခြားသို့ သွား၍ အလုပ်လုပ်ရခြင်း၊ လူငယ်များသည် အလုပ်အကိုင်များ မရှိသောကြောင့် | ပညာတတ်ဘွဲ့ရများကိုနိုင်ငံတော်မှအလုပ်အကိုင်အခွင့်အလမ်းများချပေးခြင်း၊ ကျေးရွာရှိလူငယ်များကို အသက်မွေးဝမ်းကျောင်းပညာနှင့် ပတ်သက်သော သင်တန်းများပို့ချပေး | ကျေးလက်ဖွံ့ဖြိုးရေးဌာနနှင့် ပူးပေါင်းရန် ကျေးရွာအတွင်းရှိ လူငယ်များ အသက်မွေးဝမ်းကျောင်းပညာကို ဦးစားပေးဆောင်ရွက်ပေးရန်၊ ကျေးရွာတွင် ပညာတတ်ဘွဲ့ရများကို နိုင်ငံတော်မှ အသက်မွေးဝမ်းကျောင်း အလုပ်အကိုင်များချပေးခြင်းဖြင့် |

| စဉ် | ပြဿနာ | အကြောင်းရင်း | အခြေအနေ<br>ကောင်းများ | အဟန့်အတားနှင့်<br>စိန်ခေါ်မှု | ဖြေရှင်းမည့်နည်း<br>လမ်းများ | အဆိုပြုစီမံချက်နှင့်<br>လုပ်ငန်းများ |
|---|---|---|---|---|---|---|
| | | မည့်သူမရှိခြင်း၊<br>ပညာတတ်ဘွဲ့ရများ<br>ရှိသော်လည်းအလုပ်<br>အကိုင်များမရရှိတတ်<br>ခြင်း၊<br>အလုပ်အကိုင်များ မရှိ<br>သောကြောင့်<br>စိတ်အလေအလွင့်ဖြစ်<br>၍မူးယစ်ဆေးဝါးများ<br>သုံးစွဲနေခြင်း၊ | လူရွယ်များ၌ အား<br>ကစားစိတ်ဓါတ်များ<br>အရင်းခံရှိခြင်း၊ | အသက်အန္တရာယ်<br>နှင့်နီးသည့်လုပ်ငန်း<br>များကို တစ်နယ်<br>တစ်ကြေးသို့သွား၍<br>မသက်မသာလုပ်<br>ကိုင်နေရခြင်း၊ | ခြင်း၊<br>လူငယ်များအားလပ်<br>ချိန်၌မူးယစ်ဆေးဝါး<br>များ သုံးစွဲခြင်းမှ အား<br>ကစားဘက်သို့စိတ်<br>အားထက်သန်အောင်<br>ဆောင်ရွက်ခြင်း၊ | ကူညီ ဆောင်ရွက်ပေးရန်၊<br>ကျေးရွာအတွင်းရှိ လူငယ်များ<br>ကို နိုင်ငံတော်မှ အသက်မွေး<br>ဝမ်းကျောင်းသင်တန်းများ<br>ကူညီပံ့ပိုးဆောင်ရွက်ပေးရန်၊ |
| **၅** | **စိုက်ပျိုးရေး၊မွေးမြူရေးမဟုတ်သောအဖွဲ့** | | | | | |
| ၁ | တောင်သူလုပ်ငန်းမှ<br>လွဲ၍အခြားလုပ်ငန်း<br>များလုပ်ကိုင်ရန်<br>နည်းပါးခြင်း၊ | စိုက်ပျိုးရေးလုပ်ငန်း<br>သာရှိ၍ အခြားဝင်ငွေ<br>ရလုပ်ငန်းများမရှိခြင်း၊<br>တောင်သူလုပ်ငန်းမှ<br>ငှားသောအလုပ်သာ<br>ရှိခြင်း၊<br>ဝင်ငွေရရန် အခြား<br>နယ်များသို့ထွက်ပြီး<br>စီးပွားရှာရခြင်း၊ | ဝင်ငွေရလုပ်ငန်းများ<br>လုပ်ကိုင်ရန်စိတ်အား<br>ထက်သန်ခြင်း၊<br>ရိုးရိုးသားသား<br>ဖြောင့်မတ်စွာ ပုံမှန်<br>လုပ်ကိုင်စားသောက်<br>ခြင်း၊<br>နေရာဒေသကျယ်<br>ပြန့်၍ အခြား ဝင်ငွေ | အခြားစီးပွားရေး<br>လုပ်ကိုင်နိုင်ရန်<br>အတွက် ငွေ<br>အရင်းအနှီး<br>လုံလောက်မှု မရှိ<br>ခြင်း၊<br>တောင်သူလုပ်ငန်း<br>မှလွဲ၍ အခြားဝင်<br>ငွေရစီးပွားရေး | နိုင်ငံတော်မှ ပုံမှန်<br>ဝင်ငွေရ<br>အလုပ်အကိုင်<br>များကိုဖော်ဆောင်<br>ပေးခြင်း၊<br>နိုင်ငံတော်မှ အခြား<br>စီးပွားရေးလုပ်ငန်း<br>များ ကိုရင်းနှီးလုပ်<br>ကိုင်နိုင်စေရန် အကူ | တောင်သူလုပ်ငန်းအပြင်<br>အခြားဝင်ငွေရစီးပွားရေး<br>လုပ်ငန်းများ ပုံမှန်လုပ်ကိုင်<br>နိုင်ရန်နိုင်ငံတော်မှ ကူညီပံ့ပိုး<br>ဆောင်ရွက်ရန်၊<br>ပုံမှန်ဝင်ငွေရ အလုပ်အကိုင်<br>အခွင့်အလမ်းများကို ရင်းနှီး<br>မြှုပ်နှံရန် နိုင်ငံတော်မှ ချေးငွေ<br>စနစ်များဖြင့် ပံ့ပိုးကူညီဆောင် |

| စဉ် | ပြဿနာ | အကြောင်းရင်း | အခြေအနေကောင်းများ | အဟန့်အတားနှင့် စိန်ခေါ်မှု | ဖြေရှင်းမည့်နည်းလမ်းများ | အဆိုပြုစီမံချက်နှင့် လုပ်ငန်းများ |
|---|---|---|---|---|---|---|
| | | | ရစီးပွားရေးလုပ်ကိုင်နိုင်ခြင်း၊ | လုပ်ငန်းများလုပ်ကိုင်ရန် အခွင့်အလမ်းမရှိခြင်း၊ အားနည်းချက် အမျိုးမျိုးဖြင့် ရပ်တည်နေရခြင်း၊ | အညီပေးခြင်း၊ လုပ်ငန်းများ ကို အလွယ်တကူရရှိရန် ကျေးလက်ဖွံ့ဖြိုးရေး ဌာနနှင့်ပူးပေါင်း ဆောင်ရွက်ခြင်း၊ | ရွက်ပေးရန်၊ |
| ၆ | **အမျိုးသမီးအုပ်စု** | | | | | |
| ၁ | ကျေးရွာအတွင်း၌ ဆေးပေးခန်းလို အပ်ခြင်း၊ | ကျေးရွာအတွင်း၌ ဖျားနာသူဦးရေများ ပြားခြင်း၊ ဆေးရုံဆေးခန်းနှင့် အလှမ်းကွာဝေးခြင်း၊ ကျန်းမာရေးဗဟုသုတ နည်းပါးခြင်း၊ | ဆေးပေးခန်း ဆောက်လုပ်ရန်မြေ ကွက်လပ်ရှိခြင်း၊ လုပ်အားရှိခြင်း၊ ရွာသူရွာသားများ ဆေးပေးခန်းရရှိရေး အတွက် စိတ်အား ထက်သန်ခြင်း | ကျေးရွာအတွင်း၌ ဆေးပေးခန်း ဆောက်ရန်ငွေ ကြေးမရှိခြင်း၊ ကျေးရွာအတွင်း၌ ငွေကြေးမပြည့်စုံသူ ပေါများခြင်း | ဆေးပေးခန်းရရှိရန် ကျေးလက်ဖွံ့ဖြိုးရေး အဖွဲ့အစည်းနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊ ရွာသူရွာသားများ တက်ညီလက်ညီ ဆောင်ရွက်ပေးခြင်း ဖြင့် ဖြေရှင်းနိုင်ခြင်း၊ | နိုင်ငံတော်မှလုံလောက်သည့် ငွေကြေးများဖြင့်ကူညီဆောင် ရွက်ပေးရန်၊ ကျေးလက်ဖွံ့ဖြိုးရေးကော်မတီ နှင့်ရွာသူရွာသားနှင့်ပူး ပေါင်း၍ ဆေးပေးခန်းရရှိရေး အတွက်ပူးပေါင်းဆောင်ရွက် ပေးရန်၊ |
| ၇ | **ရပ်မိရပ်ဖအုပ်စု** | | | | | |
| ၁ | ကျေးရွာအတွင်း လမ်းမကောင်းခြင်း၊ | ကားကြီးဝင်း ထွက်သွားလာမှု ရေကြီးရေလျှံမှု လမ်း တည်ဆောက်ရာ၌ | ရန်ပုံငွေများဖွဲ့စည်း ခြင်း၊ သဲကျောက်များရှိ ခြင်း၊ | ရန်ပုံငွေမလုံ လောက်ခြင်း၊ ရာသီဥတု ဖောက် ပြန်ခြင်း၊ | ကျေးလက်ဖွံ့ဖြိုး စီမံကိန်းများနှင့် ပူး ပေါင်းဆောင်ရွက်ခြင်း၊ ကားကြီးများ ဝင်ထွက် | လမ်းတံတားများအား ပြုပြင် ဆောင်ရွက်ပေးရန် နိုင်ငံတော် မှကူညီပေးရန်၊ ကျေးလက်ဖွံ့ဖြိုးရေးဌာနနှင့် |

| စဉ် | ပြဿနာ | အကြောင်းရင်း | အခြေအနေ ကောင်းများ | အဟန့်အတားနှင့် စိန်ခေါ်မှု | ဖြေရှင်းမည့်နည်း လမ်းများ | အဆိုပြုစီမံချက်နှင့် လုပ်ငန်းများ |
|---|---|---|---|---|---|---|
| | | ခိုင်ခံမှုမရှိခြင်း၊ ရေကျော်မြောင်းများ ကောင်းမွန်စွာတည် ဆောက်မထားခြင်း၊ | လုပ်အားများရှိခြင်း၊ | တူးမြောင်းများ မကောင်းခြင်း၊ | သွားလာမှု မရှိအောင် သက်ဆိုင် ရာ ဝန်ကြီးဌာနများ နှင့် ပူးပေါင်းကြိုးကြပ် ရမည်၊ ရေကျော်တံတားများ ရေထွက်ပေါက် ကျဉ်း မြောင်း၍ ရေလျှံသော ကြောင့် ကောင်း အောင်ပြုလုပ်ခြင်း | ပူးပေါင်း၍ လမ်းတံတားများ ရရှိရန် သက်ဆိုင်ရာဌာနများ သို့ ဆက်သွယ်ဆောင်ရွက်ကူ ညီပေးရန်၊ |
| ၂ | ကျေးရွာအတွင်း ရေရှားပါးခြင်း | ကုန်းမြင့်နေရာပေါ် တွင်ရှိသည့်အတွက် ရေတွင်းရေကန်များ တူးဖော်မရနိုင်ခြင်း၊ ချောင်းမြောင်းများနှင့် အလှမ်းဝေးခြင်း၊ သစ်တောများပြုန်းတီး မှုများလာသောကြောင့် မြေဆီ၊ရေဆီများခန်း ခြောက်၍ ရေမရရှိ | ရေထွက်နိုင်သော စိမ့်ပေါက်များရှိ ခြင်း၊စိမ့်တွင်းများ တူးရန် လုပ်အားများ ရှိခြင်း၊ စိမ့်တွင်းများမှာ ရွာ တွင်းသို့ ရေသွယ်ရန် ရနိုင်သည့် အခြေ အနေရှိခြင်း၊ | စိမ့်စမ်းရေများ ကို တူးဖော်ရန်ရပ်ရွာမှ လုံလောက်သည့် ရန်ပုံငွေမရှိခြင်း၊ နည်းပညာမရှိ၍ စနစ်တကျ မလုပ် ဆောင်နိုင်ခြင်း၊ ရေရရှိနိုင်သည့် စိမ့် တွင်းနှင့်အလှမ်း ဝေးခြင်း၊ | နိုင်ငံတော်မှ ကူညီ ပံ့ပိုးမှုဖြင့် ရေရရှိနိုင် ခြင်း၊ သက်ဆိုင်ရာဌာနမှ နည်းပညာပံ့ပိုးမှုဖြင့် ရေရရှိနိုင်ရန်လိုအပ် သော ပစ္စည်းများ ပံ့ပိုး ပေးမှုဖြင့်ရေရရှိနိုင် ခြင်း၊ | နိုင်ငံတော်မှကူညီပံ့ပိုးမှုဖြင့် ရေရရှိနိုင်ရန် ဆောင်ရွက်ပေး ခြင်း၊ သက်ဆိုင်ရာဝန်ကြီးဌာနမှ သစ်တောပြုန်းတီးမှုကြောင့် စိမ့်စမ်းရေခမ်းခြောက်ခြင်းကို ကြပ်မတ်ကာကွယ်ပေးရန်၊ နိုင်ငံတော်မှ နည်းပညာတတ် ကျွမ်းသောပုဂ္ဂိုလ်များဖြင့် ကူညီဆောင်ရွက်ပေးရန်၊ |

| စဉ် | ပြဿနာ | အကြောင်းရင်း | အခြေအနေကောင်းများ | အဟန့်အတားနှင့်စိန်ခေါ်မှု | ဖြေရှင်းမည့်နည်းလမ်းများ | အဆိုပြုစီမံချက်နှင့်လုပ်ငန်းများ |
|---|---|---|---|---|---|---|
| | | ခြင်း၊ | | | | |
| ၈ | **တောင်သူလယ်သမားအဖွဲ့** | | | | | |
| ၁ | စိုက်ပျိုးရေမလုံလောက်ခြင်း | ရေပေးဝေမှုစနစ် မမှန်ကန်ခြင်း၊ သစ်တောပြုန်းတီးမှုကြောင့် ချောင်းမြောင်းများတိမ်ကော၍ လိုအပ်သောနေရာသို့ ရေမရောက်ရှိခြင်း၊ စိုက်ပျိုးရေး သိုလှောင်ထားနိုင်မှုမရှိခြင်းကြောင့် ရေအလေအလွင့်ဖြစ်သွားခြင်း၊ မြေအောက်သယံဇာတများကိုတရားမဝင် တူးဖော်၍ ချောင်းမြောင်းများတိမ်ကောသွားခြင်း၊ | ရေလှောင်တမန်ဆောက်ရန် ထာဝရစီးဆင်းနေသော ချောင်းမြောင်းများရှိခြင်း၊ ရပ်ရွာအတွင်းမှ လုပ်အားများရှိခြင်း၊ စိုက်ပျိုးမြေဧရိယာနှင့်ထိခိုက်မှုလွတ်ကင်းခြင်း၊ | ရေလှောင်တမံဆောက်ရန် ငွေကြေးများ မရှိခြင်း၊ ကျွမ်းကျင်နည်းပညာရှင်များ မရှိခြင်း၊ | သက်ဆိုင်ရာဝန်ကြီးဌာနများမှ လိုအပ်သော အကူအညီများ ပံ့ပိုးပေးခြင်း၊ ရွာသူရွာသားများနှင့် သက်ဆိုင်ရာဌာနများနှင့်ပူးပေါင်းဆောင်ရွက်ခြင်း၊ ကျေးလက်ဖွံ့ဖြိုးဌာနနှင့် ပူးပေါင်း၍ စိုက်ပျိုးရေ လုံလောက်စွာရနိုင်ရန်သာ ဆောင်ရွက်ခြင်း၊ | နိုင်ငံတော်မှစိုက်ပျိုးရေရရှိရေးအတွက်လိုအပ်သည့် အကူအညီများကူညီပံ့ပိုးပေးခြင်းဖြင့်ဆောင်ရွက်ရန်၊ သက်ဆိုင်ရာဝန်ကြီးဌာနမှ သစ်တောများပြုန်းတီးမှုကြောင့် ချောင်း၊မြောင်း တိမ်ကောမှုမရှိစေရေးအတွက် ကြပ်မတ်ဆောင်ရွက်ပေးရန်၊ ချောင်း၊မြောင်းများ တိမ်ကောမှုဖြစ်စေသော မြေအောက်သံယံဇာတတရားမဝင် တူးဖော်ခြင်းကို သက်ဆိုင်ရာ ဝန်ကြီးဌာနမှ ကြပ်မတ်တားဆီးဆောင်ရွက်ပေးရန်၊ |
| ၉ | **ရပ်မိရပ်ဖအုပ်စု** | | | | | |
| ၁ | ကျေးရွာတွင်း | မူးယစ်ဆေးသုံးစွဲသူ | ကျေးရွာတွင် မူးယစ် | မူးယစ်ဆေးဝါး | နိုင်ငံတော်မှ မူးယစ် | ယခင်ထက်ပိုမို၍ကျေးရွာ၌ |

| စဉ် | ပြဿနာ | အကြောင်းရင်း | အခြေအနေကောင်းများ | အဟန့်အတားနှင့် စိန်ခေါ်မှု | ဖြေရှင်းမည့်နည်းလမ်းများ | အဆိုပြုစီမံချက်နှင့် လုပ်ငန်းများ |
|---|---|---|---|---|---|---|
| | မူးယစ်ဆေးတိုက်ဖျက်ရေး၊ | များပြားလာခြင်း၊<br>မူးယစ်ဆေးဝါးကြောင့်သေဆုံးသူများပြားလာခြင်း၊<br>အရွယ်မရောက်မီ မူးယစ်ဆေးသုံးစွဲခြင်းကြောင့်လူညွန့်တုံးခြင်း၊ | တိုက်ဖျက်ရေးဖွဲ့စည်းထားခြင်း၊<br>ရဲအရာရှိများနှင့်အဆက်အသွယ်အမြဲထားရှိခြင်း၊ | ရောင်းသူများမှာ စုံစမ်းထောက်လှမ်း၍ တိမ်းရှောင်နေသောကြောင့် ဖမ်းဆီးချိန်၌ မဖမ်းမိဘဲရောင်းမြဲ ရောင်းနေကြခြင်း၊ | ဆေးတိုက်ဖျက်ရန်ယခင်ကထက်ပို၍ကြီးကြပ်ပေးခြင်း၊ | မူးယစ်တိုက်ဖျက်ရေးကို ကြီးကြပ်ဆောင်ရွက်ရန်၊ |
| ၂ | ရပ်ရွာအစည်းအဝေးခန်းမမရှိ ခြင်း၊ | ကျေးရွာဘုန်းတော်ကျောင်း၌ အစည်းအဝေးပြုလုပ်ရခြင်း၊<br>ရပ်ရွာများကို ရပ်ကွက်အုပ်ချုပ်ရေးမှူး အိမ်တွင် ဖြေရှင်းရခြင်း၊ | အုပ်ချုပ်ရေးမှူးရုံးဆောက်ရန်မြေကွက်ရှိခြင်း၊<br>ရန်ပုံငွေ အနည်းငယ်ရှိခြင်း၊<br>လုပ်အားများရှိခြင်း၊ | အုပ်ချုပ်ရေးမှူး ရုံးဆောက်ရန်ငွေလုံလောက်မှု မရှိခြင်း၊<br>ဆောက်လုပ်ရန်လိုအပ်သည့်ပစ္စည်းများမပြည့်စုံခြင်း၊ | နိုင်ငံတော်မှ ပံ့ပိုးကူညီခြင်းဖြင့်ဆောက်လုပ်နိုင်ခြင်း၊<br>ကျေးရွာအတွင်းမှ ဦးဆောင်နိုင်မည့်သူ ကိုရှာဖွေတင်မြှောက်ခြင်း၊<br>ဦးဆောင်နိုင်မည့်သူရှိခြင်း၊<br>ကျေးရွာအတွင်းမှလုပ်အားများစိုက်ထုတ်၍ ဆောင် | အုပ်ချုပ်ရေးမှူးရုံးဆောက်လုပ်ရန်အတွက်နိုင်ငံတော်မှလုံလောက်သည့် ငွေများဖြင့်ကူညီဆောင်ရွက်ပေးရန်၊<br>ရုံးသုံးပရိဘောဂများနှင့်လိုအပ်သည့် ပစ္စည်းများ နိုင်ငံတော်မှကူညီပံ့ပိုးပေးရန်၊<br>ကျေးလက်ဖွံ့ဖြိုးရေး အဖွဲ့အစည်းနှင့်ပူးပေါင်း၍အုပ်ချုပ်ရေးမှူးရုံးရရှိရန်အတွက်ပူးပေါင်းဆောင်ရွက်ရန်၊ |

| စဉ် | ပြဿနာ | အကြောင်းရင်း | အခြေအနေကောင်းများ | အဟန့်အတားနှင့် စိန်ခေါ်မှု | ဖြေရှင်းမည့်နည်းလမ်းများ | အဆိုပြုစီမံချက်နှင့် လုပ်ငန်းများ |
|---|---|---|---|---|---|---|
| | | | | | ရှက်နိုင်ခြင်း၊ | |

## ကိုးကားစာရင်း

၁။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၏ ကျေးလက်ဒေသဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲခြင်းလမ်းညွှန်စာအုပ်၊ ၂၀၁၅၊မေ။

၂။ ၂၀၁၆ ခု စက်တင်ဘာလက ကျွန်းကုန်းကျေးရွာတွင် ကျင်းပခဲ့သော ကျေးရွာအခြေအနေကို ရွာသူရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းလုပ်ငန်းမှမှတ်စုများ၊

၃။ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၏ကျေးရွာဆိုင်ရာရည်ညွှန်းမှတ်တမ်းစာအုပ်၊